

# ဝိသုဒ္ဓိဆရာတော်ဘုရားကြီး

# ဦးပဏ္ဍိတ



## ခန္ဓာကျင့်၊ ခန္ဓာသိ ဓမ္မသစ္စာတရားတော်


ဝိသုဒ္ဓိဓမ္မစာစဉ်အမှတ်(၈)



**ဝိသုဒ္ဓိဆရာတော်**

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)

မြောင်းမြမြို့



\- စီစဉ်ပူဇော်သူ -

**ဗိုလ်မှူးဆရာတော်**

ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) မြောင်းမြမြို့

၀၉–၂၅၀၄၃၂၀၅၀ / ၀၉–၇၉၄၅၀၆၅၉၅

# ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေးဖွဲ့၏ မေတ္တာရပ်ခံချက်

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း) ဝိသုဒ္ဓိဆရာတော်ကြီး၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ခန္ဓာကိုယ်တွေ့ ဝိသုဒ္ဓိဓမ္မသစ္စာတရားတော်စာအုပ်၊ (MP-3)၊ (MP-4)များမှ တစ်ပုဒ်၊ တစ်ပုံဖြစ်စေ၊ အားလုံးကိုဖြစ်စေ မိမိစေတနာ၊ သဒ္ဓါတရားဖြင့် ထပ်မံကူးယူဖြန့်ဝေနိုင်ကြပါသည်။ ဝိသုဒ္ဓိဆရာတော်တရားထပ်မံရရှိပါကလည်း ထပ်မံထည့်သွင်း၍ ကောင်းသည်ထက်ကောင်းအောင် ပြုပြင်၊ မွမ်းမံ၊ ဆောင်ရွက်၊ ဖြန့်ဝေနိုင်ကြပါရန်နှိုးဆော်တိုက်တွန်းမေတ္တာရပ်ခံအပ်ပါသည်။ ဝိသုဒ္ဓိဆရာတော်ကြီး၏ တရားစာအုပ်၊ (MP-3)၊ (MP-4)၊ ပုံတော်များကို အောက်ပါအတိုင်း ဆက်သွယ်ဝယ်ယူနိုင်ကြပါသည်။

| | | |
|---|---|---|
| (၁) | ဗိုလ်မှူးဆရာတော် ဦးသုမန<br>ဝိသုဒ္ဓိမဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း(ဝိသုဒ္ဓိကျောင်း)၊ မြောင်းမြမြို့။ | 09-250432050 |
| (၂) | ဦးမျိုးအောင် (ရန်ကုန်) | 09-5105997 |
| (၃) | ဦးအောင်ကိုလတ်(မှဲ့မှဲ့) ရန်ကုန် | 09-5107496 |
| (၄) | ဆရာလေး ဒေါ်စန္ဒာသိရီ | 09-447572355 |
| (၅) | ဆရာလေး ဒေါ်မိတ္တာစာရီ | 09-251620128 |
| (၆) | "ဝင်းမြင့်"ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ | 09-49741462 |
| (၇) | "ဝင်းမြင့်"ဓာတ်ပုံတိုက်၊ (၈)လမ်း၊ မြောင်းမြ | 09-796685516 |
| (၈) | ကိုတိုး (မြောင်းမြ) | 09-796685527 |
| (၉) | ဝိသုဒ္ဓိဝိပဿနာပြန့်ပွားရေး ရုံးအဖွဲ့ | 09-447204724 |

# ဝိသုဒ္ဓိမဂ္ဂစာစဉ်အမှတ်(၈)

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| (၁) | (၂၅.၁၁.၂၀၀၁) မဟာမုနိဘုရားကြီး၊ မန္တလေး တရားတော်အမှတ်(၆၁) | ၁ |
| (၂) | (၂၂.၉.၂၀၀၂) ဈေးကုန်းကျောင်းတိုက်၊ အင်းစိန် ရန်ကုန်၊ တရားတော်အမှတ်(၆၂) | ၂၃ |
| (၃) | (၂၇.၁၀.၂၀၀၂) ရွှေဘုန်းပွင့်ဘုရား၊ ပုဇွန်တောင် ရန်ကုန်၊ တရားတော်အမှတ်(၆၃) | ၄၀ |
| (၄) | (၂၆.၁၀.၂၀၀၂) သာသနာ့ရက္ခိတဓမ္မာရုံ၊ ကျော်သူလမ်းဟောင်း တောင်ဥက္ကလာပ၊ ရန်ကုန်၊ တရားတော်အမှတ်(၆၄) | ၆၇ |
| (၅) | (၁၄.၁၁.၂၀၀၂) သံတံတားလမ်း၊ စမ်းချောင်း ရန်ကုန်၊ တရားတော်အမှတ်(၆၅) | ၉၂ |
| (၆) | (၁၂.၁၂.၂၀၀၂) အရိယာဓမ္မာရုံ၊ မိုးကောင်း၊ ရန်ကင်း ရန်ကုန်၊ တရားတော်အမှတ်(၆၆) | ၁၀၇ |
| (၇) | (၁၁.၁.၂၀၀၃) ဇေယျဝတီစာသင်တိုက်၊ လှိုင်မြို့နယ် ရန်ကုန်၊ တရားတော်အမှတ်(၆၇) | ၁၂၇ |
| (၈) | (၁၂.၁.၂၀၀၃) စံပြသာသနာပြုကျောင်းတိုက်၊ မရမ်းကုန်း ရန်ကုန်၊ တရားတော်အမှတ်(၃၈) | ၁၄၈ |

# ဝိသုဒ္ဓိဆရာတော်ကြီးဦးပဏ္ဍိတ

## ထေရုပ္ပတ္တိ

## သာသနာမှတ်တမ်းအကျဉ်း

### ငယ်နာမည် ဦးမြမောင်

ဝိသုဒ္ဓိဆရာတော်ကြီးသည် ဧရာဝတီတိုင်း၊ အိမ်မဲမြို့နယ်၊ သရက်ကုန်းကျေးရွာတွင် ခမည်းတော် ဦးချီးတိုး၊ မယ်တော် ဒေါ်အုံးမေတို့မှ ၁၂၉၀ ခုနှစ်၊ တော်သလင်းလဆန်း (၁၃)ရက်၊ ကြာသပတေးနေ့ တွင် ဖွားမြင်ခဲ့သည်။ လူ့ဘဝ နာမည်မှာ ဦးမြမောင် ဖြစ်သည်။

## ဦးမြမောင်　စာမတတ်

မွေးချင်း (၆)ယောက်ရှိပြီး ငယ်စဉ်ကပင် မွေးချင်းအားလုံး သေဆုံးခဲ့သည်။ ဆရာတော်တစ်ပါးသာလျှင် ကျန်ရှိသည်။ ငယ်စဉ်က အခြေခံမူလတန်း (၂)တန်းသာ တက်ရောက်ခဲ့သည်။ ထို့ကြောင့် စာမဖတ်တတ်ချေ။ စာမတတ်ပါ။

## ရဲသားဘဝ

အသက် (၁၃)နှစ်သားအရွယ်တွင် မိဘများနှင့် မြောင်းမြမြို့သို့ ရောက်ရှိခဲ့ပြီး ကြုံရာကျပန်းကူလီအလုပ်ဖြင့် အသက်မွေးခဲ့ရသည်။ (၁၈)နှစ်တွင် ရဲတပ်ဖွဲ့သို့ ဝင်ရောက်အမှုထမ်းခဲ့သည်။ ရဲသင်္ဘောတွင် သင်္ဘောကြိုးချည်ရသော ရဲသားဖြစ်သည်။

## ဒေါ်မြင့်နှင့်အိမ်ထောင်ကျ

အသက် (၂၄)နှစ်အရွယ်တွင် ဧရာဝတီတိုင်း၊ မော်လမြိုင်ကျွန်းမြို့မှ ဒေါ်မြင့်နှင့် အိမ်ထောင်ကျခဲ့

သည်။ မြောင်းမြမြို့၊ မြိုင်မာလာရပ်ကွက်၊ (၂)လမ်းတွင် နေထိုင်ခဲ့သည်။ သားသမီး (၃)ယောက် ထွန်းကားခဲ့သည်။

## လူ့ဘဝမကောင်းမှုများပြုလုပ်ခဲ့

ရဲတပ်သားဘဝတွင် ထီပေါက်ပြီး ရဲတပ်သားဘဝမှ ဆေးပင်စင်နှင့် ထွက်ခဲ့သည်။ ထီပေါက်သောငွေဖြင့် သုံး၊ ဖြုန်း၊ သောက်စား၊ မူးယစ်၊ အပျော်ပါးလိုက်စား၊ မိန်းမရှုပ်ခဲ့သည်။ ထီပေါက်သောငွေများကုန်သောအခါ အရပ်ထဲတွင် ရေထမ်းရောင်းရခြင်း၊ အနှိပ်သည်လုပ်ရခြင်းတို့ဖြင့် အသက်မွေးခဲ့ရသည်။လူ့ဘဝ မကောင်းမှုများနှင့် ဆိုးသွမ်းလွန်းသဖြင့် မိသားစုများကပင် ဦးမြမောင်၏ ဆိုးသွမ်းမှုဒဏ်ကို မခံနိုင်တော့သဖြင့် ဇနီးဖြစ်သူမှာ ဦးမြမောင် တစ်ယောက်တည်းကို ထားပစ်ခဲ့ကာသမီးကြီးရှိရာဧရာဝတီတိုင်း၊ လပွတ္တာမြို့သို့ သွားရောက် နေထိုင်ခဲ့သည်။

## သံဝေဂရခြင်း

ထိုအခါကျမှ သံဝေဂရကာ ကောင်းတာလုပ်၊ ကောင်းတာဖြစ်မှာပဲလို့ စဉ်းစားမိပြီး တရား စတင် လုပ်ခဲ့သည်။ တစ်နေ့ ရေထမ်းလာရင်း ရပ်ကွက်ထဲ အိမ် တစ်အိမ်မှ သဲအင်းဂူဆရာတော်ဘုရားကြီး တရား ကက်ဆက်ခွေ ဖွင့်သံကြားရ၍ ရေထမ်းချကာ တရားနာ ခဲ့သည်။ သဲအင်းဂူဆရာတော်ကြီးတောင် ခါးပြတ်ိုက်၊ ဆိုးသွမ်းရာကနေ တရားရအောင် လုပ်နိုင်သေးတယ်။ ငါလည်း ခါးပြတော့မတိုက်ခဲ့ဘူး။ တရားလုပ်ရင် ရမှာပဲလို့ ဆုံးဖြတ်ချက်ချကာ အသက် (၄၅) နှစ်တွင် တောထဲထွက်၍ တရားစတင်ကျင့်ခဲ့သည်။

## သွေးသားလည်းပြောင်း စိတ်လည်းပြောင်းပြီ

လူဝတ်ဖြင့် တောထဲတွင် (၂)နှစ်ကျော်ကြာ တရား ကျင့်ခဲ့သည်။ အသက် (၄၇) နှစ်တွင်ကိုရင်ကြီး ဝတ်ခဲ့သည်။ ကိုရင်ကြီးဘဝဖြင့် (၆) နှစ်ကျော်ကြာ မြောင်းမြမြို့ ပတ်ဝန်းကျင်တောထဲတွင် တရားကျင့်ခဲ့ သည်။ ဆရာတော်ကြီးမှာ သွေးသားလည်းပြောင်းခဲ့ သည်။ စိတ်လည်းပြောင်းခဲ့သည်။

## ရဟန်းဘောင်ဝင်ရောက်ခြင်း

အသက် (၅၄) နှစ်တွင် မြောင်းမြမြို့၊ ပဋ္ဌောဟာရုံ ပါဠိတက္ကသိုလ်တွင် ဆရာတော်ဦးဝံသပါလ (ယခု ဩစတြေးလျနိုင်ငံ သာသနာပြု) ဥပဇ္ဈာယ်ဆရာပြု၍ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့သည်။ ရဟန်းဒါယကာမှာ ဦးဆန်းအောင် (ဦးစန်းလွင်) ဖြစ်သည်။

## ပဋိပတ္တိ ပွင့်လင်းစေခြင်း

ဝိသုဒ္ဓိ ဆရာတော်ကြီး ပရိယတ္တိမကျွမ်းကျင်သော်လည်း ပဋိပတ္တိဖြင့် ကျင့်ကြံပွားများ အားထုတ်ခဲ့ပြီး ရရှိထားသော ခန္ဓာကျင့် ခန္ဓာသိတရား အကျင့်များဖြင့် ဝေနေယျတို့အား ဟောကြားပြသဆိုဆုံးမခဲ့ပါသည်။

ဝိသုဒ္ဓိ မဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းဝန်းတွင် သံဃာအပါး (၈၀)ကျော်၊ သီလရှင်အပါး (၈၀)ကျော်၊ အမြဲနေယောဂီ (၂၀) ကျော်တို့အား စားသောက်ရေး၊ နေထိုင်ရေး၊ ဝတ်ဆင်ရေး၊ ကျန်းမာရေး အစ တာဝန်ယူကာ မကြောင့်မကြဘဲ တရားဘာဝနာ ပွားများနိုင်ရန် ဆောင်ရွက်ပေးထားတော်မူသည်။

## သာသနာ့အဆောက်အဦးများ ဆောက်လုပ်ပေးခြင်း

မြန်မာပြည်အရပ်ရပ်မှ ဒကာ၊ ဒကာမများက လည်း ဆရာတော်ကြီးအား လာရောက်ဖူးမျှော်ကြသည်သို့ ခဲ့ကြပြီး တရားဘာဝနာ အားထုတ်ခဲ့ကြသည်။ ဆရာတော် ကြီးမှ ဒကာ ဒကာမများ လှူဒါန်းသော ဝတ္ထုငွေကြေး များဖြင့် ကျောင်း၊ ရေတွင်း၊ ရေကန်များကို သိန်းပေါင်း (၁၀၀၀)ကျော်မျှ ဆောင်ရွက်ပေးထားတော်မူသည်။

## စေတီတော် (၁၉)ဆူတည်ထားပေးခြင်း

အတိတ်က ပဌာန်းဆက်များ၏ တောင်းပန် လျှောက်ထားချက်အရ စေတီတော် (၁၉) ဆူကို မြောင်းမြ၊ ဝါးခယ်မမြို့နယ်များတွင် သိန်းပေါင်း (၂၀၀၀) ကျော်မျှ အကုန်ကျခံကာ တည်ထားပေးခဲ့သည်။ ၎င်းစေတီ (၁၉) ဆူအနက် မြောင်းမြမြို့နယ် ပိန္နဲကုန်းကျေးရွာရှိ အောင် သစ္စာမဟာဓါတ်ပေါင်းချုပ် ဘုရားမှာ လွန်ခဲ့သော (၁၈) နှစ်က စတင်တည်ထားခဲ့ပြီး ပြီးစီးနေသည်မှာ (၁၆) နှစ်ကျော်ပြီဖြစ်သည်။ ယခုတိုင် ထီးမတင်သေးပေ။

(ဘုရား သမိုင်းအကျယ်ကို အမှတ် (၄၈) မှစ၍ နေလဂျာနယ်တွင် ဖတ်ရှုနိုင်ပါသည်။) ၎င်းဘုရားနှင့် ဆရာတော်ကြီးမှာ အတိတ်သမိုင်းကြောင်း အကျိုးဆက်ရှိခဲ့သည်။

## ခန္ဓာကျင့်၊ ခန္ဓာသိတရား

ဆရာတော်ကြီး ဟောကြားခဲ့သော ခန္ဓာကျင့် ခန္ဓာသိတရားကို အနည်းငယ် ဖော်ပြရလျှင်-

ငယ်စဉ်တောင်ကျေးက မိဘက ကျောင်းမထားနိုင်လို့ စာမတတ်တာပါ။ စာမတတ်တဲ့အတွက် ကိုယ်လုပ်နိုင်တဲ့ ဝိပဿနာ ခန္ဓာကျင့်ကို ကျင့်ပါတယ်။ ဘုရားရှင်ကိုယ်တော်မြတ်ထားခဲ့သော ပရိယတ္တိသာသနာ၊ ပဋိပတ္တိသာသနာ၊ ပဋိဝေဓသာသနာ၊ သာသနာသုံးရပ် မှာ ပရိယတ္တိကို မကျွမ်းကျင်၍ ပဋိပတ္တိအကျင့်ကို ခန္ဓာကိုရင်းပြီးကျင့်ပါတယ်။ စာကိုမပယ်ပါ။ ဒီလိုကျင့်နိုင်တာကလည်း သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာဆိုတဲ့ ပရိယတ္တိစာတွေရှိလို့ ကျင့်နိုင်တာပါ။ ခန္ဓာကို တကယ်ကျင့်ပြီးသိလို့ ခန္ဓာသိတရားဟောနိုင်တာပါ။ ဦးပဥ္စင်းကို ကြည်

ညှိပါလို့ မပြောလိုဘူး။ ဦးပဥ္ဇင်းဟောတဲ့အသိကိုတော့ ယူထားပါ။

အသိတစ်လုံး အမြတ်ဆုံး၊ မရှိတာရှာရင်ရတယ်။ မသိတာအခက်ဆုံး။ ဘယ်အသိတွေလဲ ခင်ဗျားတို့ တစ်တွေမှာ စက္ခုအာရုံ၊ နားသောတအာရုံဆိုတဲ့ အာရုံငါးပါးကို မနောက အမှတ်နဲ့ယူထားတယ်။ အမှတ်ဆိုတာ ပါဠိလို သညာလို့ခေါ်တယ်။ ဒီအမှတ်နဲ့ ယူလိုက်တဲ့အတွက် သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိတွေ ဖြစ်ကုန်တာပဲ။ ဒိဋ္ဌိသတ်မှ တဏှာပြတ်မယ်။ တဏှာပြတ်မှ မာန်ပြတ်မယ်။ တဏှာ၊ မာန၊ ဒိဋ္ဌိပြတ်မှ သံသရာ ပြတ်မယ်။ သံသရာလည်စေတာ သူတို့ပဲ။ တရားထိုင်ကြ၊ တရားထိုင်နေတဲ့အချိန် ကာယကံ၊ ဝစီကံ လုံနေပြီ။ မနောကိုသတ်၊ ဝင်သွားတဲ့လေ၊ ထွက်သွားတဲ့ လေကို သတိလေးကပ် မှတ်ရတယ်။ ထိ၊ သိ၊ သတိ သတိ လေးကပ်ထား။ သိ၊ သိ၊ သိလို့ မှတ်နေ။ ဆိုလည်း မနေရဘူး။ ထိတာကရုပ်၊ သိတာကနာမ်၊ ထိတာ လည်းမမြဲဘူး။ သိတာလည်းမမြဲဘူး၊ အဲဒါ အနတ္တ၊ မမြဲတော့ မစွဲဘူး။ မစွဲတော့အေးတယ်။ တရားထိုင်ချိန်မှာ

မဂ္ဂင်ရှစ်ပါးအကျုံးဝင်နေပြီ။ ကိုယ့်စိတ်ကိုယ်စစ်ပါ။ ဘာနဲ့စစ်မလဲ မဂ္ဂင်ရှစ်ပါးနဲ့ စစ်ပါ။ ဒီတရားတွေဟာ ခန္ဓာကျင့်၊ ခန္ဓာအသိတရားတွေ။ ယူတတ်ရင် လိုက်နာတတ်ရင် သိပ်ထူးတာပေါ့။ ပစ္စည်းဥစ္စာဆိုတာ ပေးလို့ရတယ်။ အသိကိုတော့ ပေးလို့မရဘူး။ ယူတတ်မှရတယ်။ ဒီကဉာဏ်ရထားတော့ ဉာဏ်ရတဲ့သူဆီက အသိကို မိမိနှလုံးသားမှာ အသိဝင်သွားရင် ဉာဏ်မျိုးစေ့ရတာပဲ။ အဲဒါ ပဋိဝေဒခေါ် တယ်၊ ဉာဏ်ရမှ ပေးလို့ရတာ။"

## ဓမ္မစေတီ

ဆရာတော်ကြီး၏ ခန္ဓာကျင့်. ခန္ဓာသိ တရားတော်များဟောကြားခဲ့သော နေရာများမှာ-

မြောင်းမြရွှေသာလျောင်းဘုရား၊ ပုသိမ် ရွှေမုဋ္ဌောဘုရား၊ ရွှေမြင်တင်စေတီ၊ ဝါးခယ်မဓမ္မာရုံ၊ မန္တလေး မဟာမြတ်မုနိဘုရားကြီး၊ ပဲခူး ရွှေမော်ဓောဘုရား၊ ပျဉ်းမနား ဈေးကုန်းစာသင်တိုက်၊ မိတ္ထီလာ ဖောင်တော်ဦးဘုရား၊ မုံရွာ ဆုတောင်းပြည့်ဘုရား၊ ပခုက္ကူ ဖောင်တော်ဦးဘုရား၊ ပြည်မြို့ ရွှေလက်လှ ဓမ္မာရုံ၊ရန်ကုန်မြို့တွင် ရွှေတိဂုံဘုရား၊

ဗိုလ်တထောင်ဘုရား၊ ဆူးလေဘုရား၊ မယ်လမုဘုရား၊ ကျိုက်ဝိုင်းဘုရား၊ ကမ္ဘာအေးဘုရား၊ ကျိုက္ကဆံဘုရား (သင်္ဃန်းကျွန်း)၊ ဇိနတ်မာန်အောင်ဘုရား(သာကေတ)၊ ကိုးထပ်ကြီးဘုရား(စမ်းချောင်း)၊ ကြေးသွန်းဘုရားကြီး၊ ရွှေဘုန်းပွင့်ဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ အောင်ဗောဓိဘုရား(တောင်ဒဂုံ)၊ မိုးကောင်းဘုရား၊ ရန်မျိုးအောင်ဘုရား (သင်္ဃန်းကျွန်း)၊ မဟာသင်္ကြန် ဘုရားကြီး(ဒလ)၊ သန်လျင်မင်းကျောင်းပထမပြန် စာသင်တိုက်၊ လှိုင်ဇေယျဝတီစာသင်တိုက်၊ ကျိုက္ကလဲ့မင်းကျောင်း စာသင်တိုက် (မင်္ဂလာဒုံ)၊ အင်းစိန်ဈေးကုန်းပဋိယတ္တိစာသင်တိုက်၊ ရွှေပြည်သာ ပဋိယတ္တိစာသင်တိုက်၊ ဘုရားဖြူစာသင်တိုက် (ပုဇွန်တောင်)၊ ကျောက်တန်းသာသနာ့ဗိမာန်တို့တွင် တရားပွဲပေါင်း ၇၀ ကျော်မြန်မာပြည်အနှံ့ ခန္ဓာသိတရား ဟောကြားခဲ့သည်။ တရားပွဲများတွင် ဒကာ၊ ဒကာမများ လှူဒါန်းသော အလှူငွေစုစုပေါင်း ၇၄ သိန်းကျော်ကိုလည်း သက်ဆိုင်ရာဂေါပကနှင့်အဖွဲ့များသို့ ဆရာတော်ကြီးမှ ပြန်လည်လှူဒါန်းခဲ့သည်။

တရားပွဲများတွင် တရားနာပရိသတ်အပေါင်းမှ ဆရာတော်ကြီး၏ ခန္ဓာသိတရားတော်များကို နှစ်သက်ကြည်ညိုကြသည်။ တရားပွဲတစ်ပွဲလျှင် ပရိသတ်ထောင်ကျော်ရှိသည်။ လှူဒါန်းကြသည်မှာလည်း ကြိတ်ကြိတ်တိုးလှူဒါန်းကြသည်။ 'ဝတ္ထုငွေကြေးကိုယူတာမဟုတ်၊ စေတနာကိုယူသွားတာ။ စေတနာကလည်းမှန်ရမယ်။ ဝတ္ထုပစ္စည်းကလည်း စင်ကြယ်ရမယ်။ အလှူခံ ပုဂ္ဂိုလ်ကလည်း မှန်ရင်ဆုမတောင်းနဲ့ ခင်ဗျားတို့ မင်္ဂလာမျိုးစေ့ရပြီ။ စေတနာမှန်ဖို့လိုတယ်။ ပကာသန စေတနာ၊ ဘယာ စေတနာလှူတာနဲ့ အဓိပတိစေတနာနဲ့ လှူတာမတူဘူး။ လှူတဲ့သူအပေါ် မူတည်တယ်။ ဘုရားလှူရင် ဘုရားမျိုးစေ့ရမယ်။ ရဟန္တာလှူရင် ရဟန္တာ မျိုးစေ့ရမယ်။ ကံလှူရင် ကံမျိုးစေ့ရမယ်။ ဉာဏ်သမားလှူရင် ဉာဏ်မျိုးစေ့ရမယ်။ လှူတတ်ဖို့လိုတယ်' ဟု ဟောကြားခဲ့သည်။

## ရုပ်ကလာပ်တော် ပူဇော်နိုင်ရန်ပြင်ဆင်ထားရှိခြင်း

ဝိသုဒ္ဓိ မဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းဝန်း အတွင်းတွင် အောင်သစ္စာမဟာ မဂ္ဂင်ခါတ်ပေါင်းချုပ်စေတီတော်တည်ထားခဲ့သည်။ စေတီတော်၏ အသွင်သဏ္ဌာန်မှာ အောက်ခြေတွင် ဂန္ဓာကုဋိတိုက် ဖြစ်၍ အပေါ်တွင် စေတီတည်ထားသည်။ ဂန္ဓကုဋိတိုက်၏ အလယ်တွင် မှန်လုံခန်းထားရှိပြီး မှန်လုံခန်း၏ အလယ်တွင် ဝိသုဒ္ဓိ ဆရာတော်ကြီး ရုပ်ကလာပ်တော်ထားရန် ပလ္လင်တော် ပြုလုပ်ထားသည်။ ပလ္လင်၏ဘေးတွင်လည်း ရုပ်ကလာပ်တော်ထည့်ရန် မှန်ခေါင်းကို တွေ့ရှိရသည်။ ဆရာတော်ကြီးနှင့် နှစ်ပေါင်းနှစ်ဆယ် ကျော် လက်တွဲ သာသနာပြုခဲ့သူ ဦးအုန်းမြင့်မှ ဆရာတော်ကြီး၏ ကြိုတင်မိန့်မှာထားချက်ကို ရှင်းလင်းပြောပြသည်မှာ ဆရာတော် ကြီး ပျံလွန်တော် မူခဲ့ရင် အလောင်းကိုငှက်ပျောဖက်နှင့် ထုပ်၊ ယင်းလိပ်ပတ်၊ ကြိုးဖြင့် တင်းကြပ်စွာစည်း၊ တစ်နေပြပြီး အလောင်းကို မှန်ခေါင်းထဲသာ ထည့်ထားလိုက် ပေတော့။ ဦးပဥ္စင်းကြီး အလောင်းက ဆက်ပြီး သာသနာပြုသွားလိမ့် မယ်ဟု ကြိုတင်မိန့်မှာခဲ့ ကြောင်း ပြောပြသည်။

## ပြည်ပသာသနာပြု

တကာ တကာမများ၏ ပင့်လျှောက်ချက်အရ တရုတ်ပြည် ထိုင်ဝမ်သို့ ၁၉၉၄ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၆ ခုနှစ်တွင် ထိုင်ဝမ်သို့ ဒုတိယအကြိမ်၊ ၂၀၀၀ ပြည့်နှစ်တွင် ဟောင်ကောင် သို့ တစ်ကြိမ်၊ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလတွင် ဂျပန်နိုင်ငံ တိုကျိုမြို့ ထေရဝါဒဗုဒ္ဓ ဘာသာ ပြန့်ပွါးရေးအသင်း ပင့်လျှောက်ချက်အရ ဂျပန်နိုင်ငံသို့တစ်ကြိမ် ကြွရောက်၍ ပြည်ပသာသနာ ပြုခဲ့သည်။

## ဝိသုဒ္ဓိ မဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းမှာ သီတင်းသုံး ပါတယ်

ယခုအခါ ဆရာတော်မှာ သက်တော်(၇၆)နှစ် ဝါတော်(၂၂)ဝါ ရပြီးဖြစ်သည်။ ဇရာဝတီတိုင်း မြောင်းမြ ဝိသုဒ္ဓိမဟာမြိုင် ကမ္မဋ္ဌာန်းကျောင်းတွင် သီတင်းသုံးလျှက် ဝေနေယျ သတ္တဝါတို့အား မိမိကျင့်ကြံ ရရှိထားသော ခန္ဓာ ကျင့် ခန္ဓာသိတရားများကို နာမ်လောကတွင် ရောက်ရှိ နေကြသော ဆရာတော်ကြီး၏ ဝေနေယျ ဓါတ်၊ နတ်၊

သိုက် တို့အားလည်းကောင်း၊ လူ့ပြည်လူ့ရွာ ရောက်ရှိ နေကြသော လူသားများအားလည်းကောင်း ဓမ္မတရား ဖြင့် အေးချမ်းသော နိဗ္ဗာန်သို့ရောက်ရှိအောင် နည်းပေး လမ်းပြ ဆိုဆုံးမလျှက်ရှိနေပေသည်။



ရောဝတီတိုင်း၊ မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင်
ကမ္မဋ္ဌာန်းကျောင်း

# ဝိသုဒ္ဓိ ဆရာတော် ဦးပဏ္ဍိတ

(မြောင်းမြဝါးကျောင်းဆရာတော်)

## ဝိသုဒ္ဓိဆရာတော်တရားအနှစ်သာရများ

❋ စာမတတ်တဲ့အတွက် ပြောလိုက်တဲ့စကားမှာယွင်းသွားရင် ဆရာတော်ကြီးများ၊ ကိုရင်လေးကအစ သီလရှင်၊ ယောဂီများ၊ တရားနာပရိတ်သတ်အပေါင်း သည်းခံခွင့်လွှတ်ကြပါလို့ မေတ္တာရပ်ခံတောင်းပန်ပါတယ်။ ငယ်စဉ်တောင်ကျေးက မိဘက မူလတန်းမထားလို့ စာမတတ်တာပါ။ စာကို ပယ်တာ မဟုတ်ပါဘူး။ ကိုယ်

တတ်တဲ့ အသိလုပ်ပါတယ်။ သဘောလေး ပြောပြပါမယ်။

❋ စာမတတ်တဲ့အတွက် ဝိပဿနာ ခန္ဓာအသိနဲ့ ဟော ပါတယ်။

❋ စာတွေကမှန်ပါတယ်ဗျာ။ ကိုယ့်စိတ်မှန်ဘို့ လိုတယ်။

❋ ဦးပဏ္ဍိတ ဘာမှစာမတတ်ပါဘူး။ အသိထုတ်ပြလို့တော့ မရဘူး။ သဘောလေးနဲ့ သာနာ။ စာနဲ့ ခန္ဓာနဲ့ တစ်ထပ်တည်းဟောပေးမယ်။

❋ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာတရားတွေရှိလို့ ဒီအကျင့်ကို ကျင့်နိုင်တာပါ။

❋ ဦးပဏ္ဍိတဟောသွားတဲ့အသိ မယုံနဲ့ဦး။ လေ့လာပါ။ စုံစမ်းပါ။ မေးမြန်းပါ။ သုံးသပ်ပါ။လုပ် ကြည့်ပါ။ လုပ်မှသိမယ်။ သိမှပယ်မယ်။ ပယ်မှမဂ် ဆိုက်မယ်၊ ဖိုလ်ဆိုက်မယ်။ သိ၊ ပယ်၊ ဆိုက်၊ ပွား လို့ စာကရေးထားပါတယ်။

❋ အသိကို ဟောသွားတာပါ။ တစ်ဦးနဲ့တစ်ဦး အသိမတူဘူး။ လင်မယားတောင် အသိမတူဘူး။ အသိချင်းမတူတော့စေတနာချင်းမတူဘူး။ စေတနာချင်း

မတူတော့ ကံချင်းမတူဘူး။ ကံချင်းမတူတော့ ဘုံချင်း မတူဘူး။

❋ တရားအသိကို ယူကြ၊ သည်းခံကြ၊ စေတနာ မပျက်ကြနဲ့၊ သမ္မာလေးနဲ့ နေကြ၊ ဘယ်သူပြောပြော သည်းခံ၊ မြေကြီးလိုနေ။

❋ ညောင်စေ့လောက်လှူရင်လည်း ညောင်ပင်ကြီး လောက် ဖြစ်တယ်။ ညောင်ပင်ကြီးလောက်လှူရင်လည်း ညောင်စေ့လောက်ဖြစ်တယ်။ ပကာသနစေတနာ၊ ဘယာစေတနာ၊ အဓိပတိ စေတနာတွေရှိတယ်။ လှူတတ် သူပေါ် မူတည်တယ်။

❋ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့ တန်းတူကို ကြင်နာပါ။ ကိုယ်အောက်ကလူကို သနားပါ။ ဗြဟ္မစိုရ် တရားထားပါ။ သံဝေဂတရားထားပါ။ကိုယ်ကျင့်တရား ထားပါ။ ကိုယ့်ကိုကိုယ် ရာဇမာန်၊ ခနမာန်၊ ပစ္စည်းမာန်၊ စာမာန်၊ ငါမာန်တွေ မစွဲနဲ့။

❋ ပညတ်ကို မပယ်ပါဘူး။ ဒါပေမယ့် မစွဲနဲ့။

❋ မစွဲနဲ့။ စွဲရင်ကံဖြစ်မယ်။ အစွဲကိုသတ်။ မစွဲတော့ အေးတယ်။

❋ အပေါင်းသင်းကောင်းလို့ တက်တတ်တယ်။ အပေါင်းအသင်း မကောင်းလို့ ပျက်တတ်တယ်။ အပေါင်းအသင်း ကြည့်ပေါင်းရတယ်။

❋ မှော်တွေရှိတဲ့ရေကန်ထဲ ခဲတစ်လုံးပစ်ချလိုက်တော့ ရေကြည်လေးတော့ တွေ့ပါရဲ့၊ တော်ကြာ မှော်က ပြန်အုပ်သွားသလိုဘဲ အခု ခင်ဗျားတို့လည်းတရားနာပြီး အိမ်ပြန်ရောက်တော့ အာရုံခြောက်ပါး မှော်တွေက ပြန်အုပ်သွားတာပါဘဲ။ ခြင်းကြားနဲ့ ရေယူသလို မဖြစ်စေနဲ့။

❋ အားကိုးမမှားကြနဲ့။ ကိုယ့်ကိုယ်ကို အားကိုးကြ။ ဒါန၊ သီလ မကျေနပ်ကြနဲ့။ ဝိပဿနာ အားထုတ်ကြ။

❋ ရခဲတဲ့လူ့ဘဝ ရလာကြပြီ။ ဘုရားသာသနာကြီးနဲ့လည်းကြုံရပြီ။ သူတော်ကောင်းတရားကိုလည်း နာကြားကြရပြီ။ အဲဒီတော့ အယူမှား၊ အမှတ်မှား၊ အစွဲမှားတွေ မဖြစ်ကြအောင် တရားအားထုတ်ကြ။ အမှောင်ကလာရင် အလင်းပြန်ကြ။မိရိုးဖလာအသိတွေနဲ့ မနေကြနဲ့။

❋ အစွဲဥပဒါန်ကို ဒါနနဲ့ လည်းသတ်လို့မရဘူး။ သီလနဲ့လည်းသတ်လို့မရဘူး။ ဝိပဿနာ မဂ်ဉာဏ်နဲ့မှ

သတ်လို့ရတယ်။ အဲဒီတော့ ဝိပဿနာအားထုတ်ကြ။ ဘယ်နေ့ သေမယ်ဆိုတာ မသိနိုင်ဘူး။ မသေခင် ဉာဏ်ရအောင် အားထုတ်ကြ။

❋ ကာယကံ၊ ဝစီကံ၊ မနောကံ ကံသုံးပါးမှာ ဘယ်ကံက သံသရာလည်သလဲ၊ မနောကံက စ,လို့လည်တယ်။ မနောကံသတ်ရင် ကာယကံဝစီကံပါလို့ တယ်။

❋ အတ္တာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတွေကို သမ္မာလေးနဲ့သုံးသွား။ သမ္မာဆိုတာ ဩော်. . အေး . . အေး၊ ဩော်. . အေး. . အေး သည်းခံထား၊ စေတနာထား၊ ဘယ်သူပျက်ပျက် မင်းစေတနာ မပျက်နဲ့၊ ဘုရားက စေတနာကို ဟောတာ၊ စိတ်ကိုဟောတာ၊ မနောစင်ကြယ်အောင်နေ။

❋ ခင်ဗျား စိတ်ကလေးက မိစ္ဆာအယူကိုပယ်။ သမ္မာအယူကိုယူထားတော့ ကာယ သင်္ခါရ၊ ဝစီသင်္ခါရ၊ မနောသင်္ခါရတွေ ငြိမ်ဝပ်ပိပြားပြီး အဓိစိတ္တာဖြစ် လာလိမ့်မယ်။

❋ ဧကော၊ ဓမ္မော ဘယ်ကလာသလဲ၊ ရုပ်ပေါ် နာမ်ပေါ်ကလာတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။

ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ ဘယ်သီလလဲ။ ပညတ်သီလနဲ့ ပရမတ်သီလမှာ ချုပ်တယ်။ ပညတ်သီလဟာ အပြင်သီလ၊ အကာခေါ်တယ်၊ ကာယကံနဲ့ ဝစီကံဖြစ်တယ်။ ပရမတ်သီလဟာ အတွင်းသီလ၊ အနှစ်ခေါ်တယ်။ မနောကံဖြစ်တယ်။

❋ ကိုယ်ပြုလုပ်လိုက်တဲ့ကံကဘာလဲ၊ သူ့အသက်သတ်တယ်။ သူ့ဥစ္စာခိုးတယ်။ မုသားစကားပြောတယ်။ စ,တာတွေက ကာယကံ၊ ဝစီကံတွေဖြစ်တယ်။ ကိုယ်မပြုလုပ်လိုက်တဲ့ကံက ဘာလဲ။ သားလေးတစ်ခုခုဖြစ်တယ်။ အမေက ပူတာပဲ။ စွဲလို့ပူတာ။ မနောကံကြောင့် ဖြစ်တယ်။ ဒီအပူကို ကိုယ်ယူထားတဲ့ ငါးပါးသီလ၊ ရှစ်ပါး သီလနဲ့ ဖြတ်လို့မရဘူး။ ဂုဏ်တော်တွေနဲ့လည်း ဖြတ်လို့ မရဘူး။ မဂ်ဉာဏ်နဲ့မှ ပြတ်တာ။

❋ ဘုရားထိုင်နေတဲ့အချိန် ကာယ၊ ဝစီ လုံနေပြီ။ မနောကိုသတ်၊ ဝင်သွားတဲ့လေ၊ ထွက်သွားတဲ့လေကို သတိလေးကပ်ပြီး မှတ်ရတယ်။ ထိ-သိ-သတိ။ သတိလေးကပ်ထား။ သိ-သိ-သိလို့မှတ်နေ၊ ဆိုလဲ မနေရဘူး၊ ထိတာကရုပ်၊ သိတာကနာမ်။ ထိတာလဲ မမြဲဘူး။ သိတာလဲ မမြဲဘူး။ အဲဒါ အနတ္တ။

❋ သညာကို ပညာဖြစ်အောင်လုပ်၊ အတ္တကို အနတ္တဖြစ်အောင်လုပ်၊ ကံကိုဉာဏ်ဖြစ်အောင်လုပ်၊ ပညတ်ကို ပရမတ်ဖြစ်အောင်လုပ်၊ အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင်လုပ်၊ ကံတရား၊ ဈာန်တရားကို ဉာဏ်တရားဖြစ်အောင်လုပ်၊ သီလ၊ သမာဓိကနေ ပညာ ဖြစ်အောင်လုပ်၊ အနိစ္စ၊ ဒုက္ခကနေ အနတ္တမြင်အောင်ကြည့်။

❋ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာ စင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။ အပြင်စင်ကြယ်အောင် သမ္မာလေးနဲ့နေ။ စေတနာထား၊ အပြင်သီလမှန်မှ အတွင်းသမ္မာဓိ ငြိမ်ဝပ်ပိပြားလာလိမ့်မယ်။

❋ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ခန္ဓာမှာ မြင်အောင်ကြည့်တတ်ဖို့ လိုတယ်။

❋ ပညတ်ကို သညာနဲ့ကြည့်ရင် ကံဖြစ်တယ်။ ပညတ်ကို ပညာနဲ့ကြည့်မှ ဉာဏ်ဖြစ်မယ်။

❋ ကိုယ့်စိတ်ကိုကိုယ်စစ်၊ သူများစိတ်သွားမစစ်နဲ့၊ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ ကိုယ့်စိတ်ကို မဂ္ဂင်ရှစ်ပါး နဲ့စစ်ပါ။

❋ ရှေ့လည်းမမျှော်နဲ့၊ နောက်လည်းမတွေးနဲ့၊ ပစ္စုပ္ပန် တည့်တည့်ကြည့်။

❋ ပယ်တာမှန်ဘို့လိုတယ်။ ကျင့်တာမှန်ဘို့လိုတယ်။ သိတာမှန်ဘို့လိုတယ်။ ပယ်ရမဲ့တရား၊ ကျင့်ရမဲ့တရား သိရမဲ့တရားတွေရှိတယ်။ ပယ်ရမဲ့တရားက ကာမသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ ကျင့်ရမဲ့တရားက မဂ္ဂင် (၈)ပါး၊ သိရမဲ့တရားက ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဘဝဝဋ်၊ ဝိပါကဝဋ် ခေါ်တယ်။

❋ ကံတရားရှိတယ်၊ ဈာန်တရားရှိတယ်၊ ဉာဏ်တ ရားရှိတယ်၊ မြုပ်တရားရှိတယ်၊ မျောတရားရှိတယ်၊ ပေါ်တရားရှိတယ်၊ ကိုယ့်အပေါ်မူတည်တယ်။

❋ စိတ်၊ စေတသိက်၊ ရုပ်၊ အဲဒီ (၃) ချက်လွတ်ရင် နိဗ္ဗာန်ပဲပေါ့။

❋ သမုတိသစ္စာကနေ ဝိရတိသစ္စာ၊ ဝိရတိ သစ္စာ ကနေ သဘာဝသစ္စာ၊ သဘာဝသစ္စာကနေ ပရမတ္ထသစ္စာ၊ ပရမတ္ထသစ္စာကနေ အရိယာသစ္စာရအောင်လုပ်။

❋ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ၊ အဲဒီ (၃) ခု အဆီညှစ်ထုတ်တော့ ဇကောခမ္မောဖြစ်တယ်။

❋ ဇာတိ မသိတော့ ဇရာ မရဏကို မကြောက်တော့ဘူး၊ သက္ကာယဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ သမ္မာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိတွေ ရှိတယ်။ ဒါတွေက မွေးကတည်းက ဖြစ်လာတဲ့ ဇာတိစိတ်တွေပဲ။ ဒါတွေကို သိအောင်လုပ်ရမယ်၊ သိမှ ဇရာမရဏ ကြောက်မယ်။ သဘောပေါက်မယ်။ ဒီအသိရအောင် တရားထိုင်ကြ။

❋ အရိယာသစ္စာဆိုတာ အာရုံနောက် မနောမလိုက်ဘူးပေါ့။ အာရုံပြတ်သွားပြီ။ အာရုံတွေနောက် ဒိဋ္ဌိသတ်တော့ အာရုံသိပြီပေါ့။ တဏှာသိပြီပေါ့။ သွေးသားလဲပြောင်းတယ်။ စိတ်လည်းပြောင်းတယ်။ သွေးသားဟာ ဘာသွေးသားလည်း။ ကိလေသာ သွေးသားတွေပေါ့ကွာ။ ဒီအာရုံကိုလည်း ငါသိပြီ။ ထုတ်မပြတတ်ဘူး။ သဘောလေးနဲ့သာ နာကြပေတော့။

❋ အာရုံတွေကို သညာနဲ့ ယူထားတဲ့အတွက် အမှတ်မှားတယ်။ အယူမှားတယ်။ အစွဲမှားတယ်။ အဲဒါကို ဒိဋ္ဌိလို့ခေါ်တယ်။

❋ အာရုံတွေနောက်လိုက်လို့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေဖြစ်နေကြတယ်။

❋ ရုပ်နာမ် မသိတော့ အာရုံမထိန်းနိုင်ဘူး။

❋ အာရုံနဲ့ သညာပေါင်းတော့ သင်္ခါရဖြစ်သွားတယ်။ စွဲလန်းရင် ဥပဒါန်ဖြစ်တယ်။ ဥပါဒါန်ဖြစ်ရင် ကံဖြစ်တယ်။ ကံကြောင့် ဒုက္ခဖြစ်တယ်။ ကံကြောင့် သံသရာလည်တယ်။

❋ အာရုံပယ်မှ ဥပါဒါန်လွတ်မယ်။ ဥပါဒါန်လွတ်မှ ကံပြတ်မယ်။ ဥပါဒါန် လွတ်တာ အာသဝက္ခယဉာဏ်ဘဲ။ ဒီဉာဏ်ရမှ သံသရာပြတ်မယ်။

❋ စေတသိက်သတ်တော့ မမြင်ချင်တော့ဘူး။ မကြားချင်တော့ဘူး။ မသိချင်တော့ဘူး။ မထိချင်တော့ဘူး။ အာရုံငါးပါးပယ်ပြီ။

❋ အပြင်အာရုံနဲ့ အတွင်းအာရုံ (မနော) ပေါင်းလိုက်တော့ တဏှာဖြစ်သွားတယ်။ ဝတ္ထုကာမနဲ့ ငါ့မှာရှိတာက ကိလေသာကာမ၊ ယှဉ်တွဲသုံးဆောင်မိပါက၊ အများကြိုက်၍၊ ကိုယ်လည်းကြိုက်၍၊ အရိယာ မကြိုက်ဘူး။

❋ အပြင်သီလ(ကာယကံ၊ ဝစီကံ)၊ အာရုံကို ဉာဏ်နဲ့ ချုပ်ထားလိုက်တော့။ အတွင်းသီလ (မနောကံ) ကဝပ်နေပြီ။ အပြင်သီလ(ကာယကံ၊ ဝစီကံ) လှုပ်စရာ မရှိတော့

ဘူး။ အတွင်းဉာဏ်ဖြစ်တော့ အပြင်သီလချုပ်တာပေါ့။

❋ နေတတ်ဘို့လို တယ်၊ စားတတ်ဘို့လိုတယ်၊ သွားတတ်ဘို့လိုတယ်၊ သေတတ်ဘို့လိုတယ်။

❋ ရုပ်ကအကျိုး၊ ရုပ်အကျိုးတရားမှာ အကြောင်းတရားနာမ်က ခံစားရတယ်။ ရုပ်အကျိုး၊ နာမ်အကြောင်း၊ အကျိုးပေါ်မှာ အကြောင်းဖြစ်တယ်။

❋ သံသရာဘယ်ကစသလဲ၊ ခန္ဓာကစတယ်။ သံသရာဘယ်ကပြတ်သလဲ၊ ခန္ဓာကပြတ်တယ်။ သံသရာပြတ်အောင် မဂ္ဂင် (၈) ပါးနဲ့ သွားကြရမယ်။

❋ ဘုရားဆုပန်ရင် ဘုရားဖြစ်အောင်ကြိုးစား၊ ကြိုးစား ရင်ရမှာဘဲ။ သူများတစ်တောင်ကျင့်ရင် ကိုယ်က နှစ်တောင်ကျင့်၊ ကိုယ်လုပ်ကိုယ်ရမယ်။

❋ သညာနဲ့မယူနဲ့၊ ပညာနဲ့ယူ၊ အတ္တနဲ့ နှလုံးမသွင်းနဲ့၊ အနတ္တနဲ့ နှလုံးသွင်း။

❋ ရုပ်ဆင်းရဲရင် ဆင်းရဲပါစေ။ စိတ်မဆင်းရဲပါ စေနဲ့။

❋ မဂ္ဂင်(၈)ပါးနဲ့သွား၊ လမ်းဆုံးတော့ ရှာတွေ့လိမ့်မယ်။

❋ ရုပ်နာမ်သိချင်ရင် ဝိပဿနာကျင့်ကြ။

❋ ရုပ်နာမ် မသိတာက အဝိဇ္ဇာ၊ ရုပ်နာမ် သိတာက ဝိဇ္ဇာ။

❋ အသိတလုံးအမြတ်ဆုံး။ မရှိတာရှာလို့ရတယ်။ မသိတာ အခက်ဆုံးဘဲ။

❋ ရုပ်ကအနတ္တ၊ ကိုယ့်စိတ်က အတ္တတွေဖြစ်နေတယ်။

❋ ဓမ္မဒဿစစ်ဖြစ်မှ ဓမ္မစေတီခေါ်တယ်။

❋ ခန္ဓာက တကယ်သိလို့ လာဟောတာ။

❋ ပညတ်သီလ၊ ပရမတ်သီလ နှစ်ခုချုပ်မှ ရုပ်နာမ် ချုပ်မယ်။ အဲဒီကျမှ စိတ်ကလေးဟာ စင်ကြယ်ပြီး လွတ်မြောက်သွားပြီ။

❋ ဟိုဘက်ကမ်းကအင်မတန်အေးတယ်။ ဒါပေမယ့် ဒီရုပ်ခန္ဓာကြီးရှိတော့ ဒီဘက်ကမ်းပြန်လာရသေးတယ်။

❋ ခန္ဓာကိုယ်ကျင့်ပြီးသိလို့၊ ခန္ဓာသိတရားလာ ဟောတာ။

# စိစဉ်ပူဇော်သူ၏ ဝိတ်ဆက်

ကျွန်တော်သည် ဝိသုဒ္ဓိ ဆရာတော်ကြီးအား လွန်ခဲ့သော (၁၂)နှစ်ကစတင်ဖူးတွေ့ခဲ့ရပြီး၊ ဆရာတော်ကြီး၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ဓမ္မသစ္စာတရားများကို နာကြားခဲ့ရပြီး နှစ်သက်ကြည်ညိုမိသည်။

မိမိသိရှိထားသော ဆရာတော်ကြီး၏ ခန္ဓာသိ တရားတော်များအား မိမိသိရှိသလို သိရှိကြည်ညိုစေလိုသောစေတနာဖြင့် ဆရာတော်ကြီး၏ ခန္ဓာသိ တရားတော်များကို ကက်ဆက်ခွေမှကူးယူ၍ ဝိသုဒ္ဓိဆရာ

တော်ကြီး၏ ခန္ဓာကျင့်၊ ခန္ဓာသိ၊ ဓမ္မသစ္စာတရားတော် စာအုပ်အဖြစ် အမှတ်စဉ် (၁)မှ (၅)အထိ (၅)အုပ် ဓမ္မဒါနပြုခဲ့ပြီးဖြစ်ပါသည်။ ၎င်းအပြင် အပတ်စဉ် ထုတ်ဝေသော နေလဂျာနယ်တွင် ၁-၁-၂၀၀၄ ရက်နေ့မှ စတင်၍ ဝိသုဒ္ဓိဆရာတော်ကြီး၏ အောင်သစ္စာ မဟာ ဓာတ်ပေါင်းချုပ် သာသနာ၊ ဆရာတော်ကြီး၏ဘဝဖြစ်စဉ် ကျင့်စဉ်များကို အတိတ်သမိုင်းကြောင်းများနှင့်တကွ၊ ကျယ်ကျယ်ပြန့်ပြန့်၊ စုံစုံလင်လင်၊ ကိုယ်သိသလို သိနိုင် ကြပါစေ၊ ကြည်ညိုနိုင်ကြပါစေဟူသော စေတနာဖြင့် ဓမ္မဒါနပြုခဲ့ပါသည်။

၎င်းစာအုပ်(၅)အုပ်၊ ယခုစာအုပ်နှင့်ပေါင်း (၆) အုပ်နှင့် နေလဂျာနယ်တွင်ပါရှိသော ဆရာတော်ကြီး၏ သာသနာ့အကြောင်း၊ ဓမ္မတရားများကို တလုံး၊ တပါဒ၊ တပုဒ်မျှဖြစ်စေ၊ ကူးယူဖော်ပြ ဓမ္မဒါနပြုမည်ဆိုပါက ဝမ်းမြောက်ဝမ်းသာဖြစ်မိပါကြောင်း၊ စေတနာကောင်း ဖြင့် အသိပေးဖော်ပြအပ်ပါသည်။

မသိသူကျော်သွား၊ သိသူဖော်စား၊ ဆိုရိုးစကား အတိုင်း သာသနာ(၂၅၀၀)ကျော်တွင် ဝိမုတ္တိယုဂခေတ်

တစ်ပတ်ပြန်လည်လာချိန်တွင် ပေါ်ထွန်းလာသော ဝိသုဒ္ဓိဆရာတော်ဘုရားကြီး၏ ခန္ဓာသိ ဓမ္မသစ္စာတရားတော်ဖြင့် ဝိမုတ္တိလွတ်မြောက်နိုင်သူများ ဖြစ်ကြနိုင်ပါစေ ဟူသော စေတနာဖြင့် ဝိသုဒ္ဓိဓမ္မစာစဉ်အမှတ်(၆)ဖြင့် ထပ်မံစီစဉ်ပူဇော်လိုက်ရပါသည်။

**စီစဉ်ပူဇော်သူ**
**ဗိုလ်မှူးသန်းမြင့်အောင်**
၁-၁-၂၀၀၅



# စာရေးသူ၏ စေတနာ

ကျွန်တော်သည် ပထမဦးဆုံးအနေဖြင့် ဆရာတော်ကြီး ၃. ၄. ၂၀၀၀ ရက်နေ့ ရွှေတိဂုံဘုရား တောင်ဘက်မုခ် သစ်လုပ်ငန်းဓမ္မာရုံတွင် ဟောကြားတော်မူခဲ့သော တရားတော်အား 'သမုတိသစ္စာ မှန်အောင်နေ၊ အရိယာ သစ္စာရောက်အောင်လုပ်' တရားစာအုပ် စီစဉ်ပူဇော်ခဲ့ပါသည်။

ဒုတိယ အနေဖြင့် ၂၀၀၁ ခုနှစ် ဇန်နဝါရီလ (၅၊ ၆၊ ၇) ရက်နေ့များတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီတော်ရင်ပြင်တွင် ဟောကြားတော်မူခဲ့သော ခန္ဓာကိုယ်တွေ့ တရားစာအုပ်အဖြစ် စီစဉ်ပူဇော်ခဲ့ပါသည်။

ဝိသုဒ္ဓိ ဆရာတော်ကြီး၏ တရားတော်အား ပထမဆုံးနာကြားခဲ့ရပြီး မိမိနှစ်ခြိုက်သဘောကျ ကြည်ညိုစိတ်ဖြစ်ခဲ့ရသော ၂၇/၂၈ - ၁၀ - ၉၁ ရက်နေ့က မြောင်းမြရွှေသာလျောင်းဘုရားတွင် ဟောကြားတော်မူသော တရားတော်အား တတိယမြောက် တရားစာအုပ်အဖြစ် စီစဉ်ပူဇော်ခဲ့ပါသည်။

၎င်းအပြင် နေလဂျာနယ် အမှတ် (၄၈) မှစတင်ဖော်ပြခဲ့သော '**ဝိသုဒ္ဓိဆရာတော်နှင့် အောင်သစ္စာမဟာ ဓါတ်ပေါင်းချုပ်သာသနာ**' ဆရာတော်ကြီး၏ သာသနာ့ အကြောင်းများကိုလည်း ရေးသားဖော်ပြခဲ့ပါသည်။

အထက်ပါဖော်ပြခဲ့သော ဝိသုဒ္ဓိ ဆရာတော်ကြီး၏ တရားဓမ္မ၊ သာသနာ အကြောင်းအရာအားလုံးတို့အား သာသနာအကျိုးဆောင်မှန်သမျှ တစ်လုံးတစ်ပါဒ တစ်ပုဒ်မျှဖြစ်စေ ထပ်မံကူးယူဖော်ပြ ဓမ္မဒါနပြုမည်ဆိုပါက မိမိအနေဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိပါကြောင်း စေတနာကောင်းဖြင့် ဖော်ပြလိုက်ရပါသည်။



ဝိသုဒ္ဓိမဂ္ဂ သဒ္ဓါ တရားတော်အမှတ်(၄၁)

## ၂၅-၁၁-၂၀၀၁ ရက်နေ့ မန္တလေးမြို့၊ မဟာမြတ်မုနိ ဘုရားဝင်း သာသနာ(၂၅၀၀) ဓမ္မာရုံတွင် ဝိသုဒ္ဓိ ဆရာတော်ဘုရားကြီး ဦးပဏ္ဍိတ ဟောကြားခဲ့သော တရားတော်

ဦးဇင်းက စာပေကျမ်းဂန်မတတ်ဘူး တောထွက်ကြီး အသက်(၅၂)နှစ်အရွယ်မှာ ဝိပဿနာတရား စအားထုတ်ပါတယ်။ ဦးဇင်းက စာပေကျန်းဂန်မတတ်တော့ အားလုံးပရိတ်သတ်များ၊ ဒကာ၊ ဒကာမ၊ သံဃာတော်အရှင်မြတ်၊ ထေရ်ကြီးဝါကြီးအားလုံး တပည့်တော်က စာမတတ်တော့ စကားပြောတဲ့အခါမှာ မှားယွင်းသွားရင် သည်းခံပါတဲ့။ စာမတတ်လို့ပါတဲ့။ အသိပြောပြမယ်၊ ကံအကြောင်းကို ပြောပြပါမယ်။

အဲဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သဗ္ဗေ အလုံးစုံသော သင်္ခါရ အနိစ္စတဲ့။ သဗ္ဗေ အလုံးစုံသော သင်္ခါရ ဒုက္ခတဲ့။ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနတ္တတဲ့။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ။ ဒါ အဝိဇ္ဇာကိုသတ်တဲ့ လက်နက်ပဲ။ အဝိဇ္ဇာဆိုတာ အာရုံခြောက်ပါး။ အာရုံ

ခြောက်ပါးမှာ အယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်။ ဒါ ကံတရားတွေ၊ ဥပါဒါန်ရဲ့ ကံတရားတွေ ဦးဇင်းရဲ့သဘော အသိလေးကို ပြောပြမယ်။ ဒီ ဥပါဒါန်ရဲ့ ကံတရားတွေဟာ ဘာကြောင့်ဖြစ်သလဲ။ အဲဒီတော့ ကိုယ်ကျင့်တဲ့ စရဏ၊ ဝိဇ္ဇာစရဏ သမ္ပန္နော ဆိုတာ မရှိဘူးတဲ့။ အဲဒါဖြင့် ပညတ်နဲ့ ပရမတ်ကို ခွဲတော့မှာကိုး။ အေး မကျင့်နိုင်တဲ့လူက ဘာတွေလုပ်လဲ ဘုရားပညတ်ထားတယ်။ (၁၀)ပါးရှိတယ်။ ကာယကံ (၃)ပါး၊ ဝစီကံ (၄)ပါး၊ မနောကံ (၃)ပါးဆိုတဲ့ ဒုစရိုက် (၁၀)ပါးရှိတယ်။

အဲဒီတော့ လောကီမှာနေကြတဲ့ ဒကာ၊ ဒကာမများ အားလုံးရှိကြတဲ့ ပုဂ္ဂိုလ်များ လောကီအာရုံမှာ ရေချမ်းကပ်တယ်။ ဆီမီးပူဇော်တယ်။ အဲ ဆွမ်းတော်တင်တယ်။ အားလုံးကောင်းတဲ့အလုပ်ကို လုပ်တယ်။ မကောင်းတာ မလုပ်ပါဘူး။ ဘုရားရေချမ်း ကပ်တယ်။ လှူကြတယ်၊ တန်းကြတယ်၊ အမျိုးမျိုးလှူကြတယ်။ သဒ္ဒါတွေအပြင် သဒ္ဒါတွေက ကောင်းပါတယ်။ အပြင်သဒ္ဒါနဲ့ တင်းမတိမ်ပါနဲ့တဲ့၊ ငွေရရင် ငွေနဲ့ မတင်းတိမ်ပါနဲ့တဲ့။ ငွေထက်ကောင်းတာ ရွှေရှိပါတယ်တဲ့။ ရွှေရရင် ရွှေနဲ့တင်းမတိမ်ပါနဲ့တဲ့။ ရွှေထက်ကောင်းတာ

ကျောက်ရှိတယ်တဲ့။ ကျောက်ရလိုရှိရင် သယံဇာတ၊ မြေကြီးကထွက်တယ်။ အရည်အသွေးလဲ ကောင်းတယ်။ ရတီမှာလည်းကောင်းတယ်။ ကမ္ဘာက ကြိုက်တယ်။ တန်ဖိုးမဖြတ်နိုင်ဘူး။

အဲဒီတော့ ဒကာကြီးတွေ၊ ဒကာမကြီးတွေ အားလုံးသော ရှိကြတဲ့ပုဂ္ဂိုလ်များ၊ သဒ္ဓါဆိုတာအပြင် သဒ္ဓါနဲ့ ခင်ဗျားတို့လာကြတယ်။ ပညတ်ကိုယူကြတယ်။ ပညတ်ကို ဘာနဲ့ယူသလဲ၊ သမ္မာနဲ့ယူကြတယ်။ သမ္မာနဲ့ ယူကြတဲ့အတွက်ကြောင့် လျှကြတယ်၊ တန်းကြတယ်။ ဒီသဒ္ဓါကနေပြီးတော့ တင်းမတိမ်နဲ့ဗျို့။ အတွင်း သဒ္ဓါ ရမှ ခင်ဗျားချိတ်မယ်။ တွေ့ဆက်တဲ့၊ ချိတ်ဆက်တဲ့၊ ငွင်းဆက်တဲ့ စာကရေးထားတယ်။ စာအကုန်နဲ့ ပြောသွားတာ၊ အပြင်သဒ္ဓါက အင်မတန်စင်ကြယ်တယ်။ သူလျှတယ်၊ တန်းတယ်။ သူအကုန်လုံးလုပ်တာပဲ ဘုရား၊ တရား ကြည်ညိုတယ်။ ပရိတ်ရွတ်တယ်။ ပဋ္ဌာန်းရွတ်တယ်။ ဒါအပြင် သဒ္ဓါတွေ ကံတွေ ခေါ်တယ်။ ကံက ဘာကံလဲ၊ သမ္မာကံ၊ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ ဒီကံတွေ မဟုတ်ပါဘူး။ မင်္ဂလာ (၃၈)ဖြာ၊ မင်္ဂလာဗောဓိပက္ခိယ တရားတွေနဲ့ အင်မတန်ထူးပါတယ်။

အပြင်မှာစင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်ရင် ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခု ဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ စာရေးထားတယ်။ ဒါကြောင့်မို့လို့ စာအမှန်၏ ဉာဏ်မမီ ထိအောင်သူမသိ၊ စာတွေ့၊ ငါတွေ့၊ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့က သာတယ်တဲ့။ ဒါစာအရနဲ့ ပြောပြရတာ ပါဗျာ။ နောက်တစ်ချက် ကိုယ့်စိတ်ကို ကိုယ်စစ်ပါတဲ့။ စစ်တတ်ဖို့လိုတယ်။ စာလေးကရေးထားတယ်။ စိတ်ကို စစ်တဲ့အခါမှာ ရုပ်ကုဋ္ဌေငါးထောင်၊ နာမ်ကုဋ္ဌေတစ်သိန်း ဖြစ်ပျက်မှုမသိရင် ကိလေသာကြွေးတင်တယ်တဲ့၊ ကိလေသာ ကြွေးတင်တယ်ဆိုတာ ကိလေသာဆိုတာ ရုပ်တရားခေါ်တယ်။ ဘာကြွေးတွေတင်သလဲ။ တဏှာ ကြွေးတွေတင်တယ်တဲ့။ တဏှာဆိုတာ စက္ခုအာရုံနဲ့ မနော။ မနောမှာ သာယာတယ်။ အဲဒါကိုယ့်စိတ်ကို စစ်( )က်၊ နားသောတနဲ့ မနောသာယာတယ်။ အကု သိုလ်ကံ၊ ကုသိုလ်ကံ၊ ဒါတွေဖြစ်တယ်။

ကိုယ့်စိတ်ကိုယ်စစ်တော့ တရားထိုင်တယ်။ တရားထိုင်တဲ့အခါကျရင် အပြင်သဒ္ဓါကလည်း အလွန် ကောင်း အတွင်းသဒ္ဓါ သူလုပ်တော့မှာကိုး။ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးတဲ့ စာကရေးထားတယ်။ ခန္ဓာငါးပါးကို

ဒိုးလိုမွေ ရေလိုနှောက်မယ်။ အဲဒီရုပ်တရားက မနုဿတ ဘာဝေါ ဒုလ္လဘောတဲ့။ လူ့ဘဝမှာ ခဲ့ယဉ်းစွာ ရအပ်ပေ၏တဲ့။ စာရေးထားတယ်။ ဗုဒ္ဓုတ် ဘာဒေါ ဘုရားဖြစ်ခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏တဲ့ ဟော နှစ်ချက်။ သဒ္ဓာ သမ္ပတ္တိ ရတနာသုံးတန် ကံကံ၏အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူရှိခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာ ရအပ်ပေ၏တဲ့၊ သဒ္ဓမ သာဝဏံ သူတော်ကောင်း၊ တရားစကား နာကြားရပေခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာ ရအပ်ပေ၏တဲ့။ ဧဝံ ဒိဝသေ ဒိဝသေ ဘုရားက ဒုလ္လဘငါးပါးကို ဟောပါတယ်။

အဲဒီ ဒုလ္လဘငါးပါး အတွင်းထဲမှာ ခင်ဗျားတို့ရဲ့ စေတနာတွေက အလွန်ကောင်းပါတယ်။ သဒ္ဓါ သမ္ပတ္တိ ရတနာသုံးတန် ကံကံ၏အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူရှိခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းတာကို ရရပါလို၏။ ဒီအဝိဇ္ဇာက အင်မတန် ကြောက်မက်ဖွယ်ကောင်းတဲ့ အဝိဇ္ဇာ၊ အဲဒီတော့ ဒုလ္လဘငါးပါး အတွင်းထဲကနေပြီးတော့၊ စေတနာတွေနဲ့ လှူကြတယ်။ တန်းကြတယ်။ သက်န်းကပ်ကြတယ်။ ဆွမ်း၊ ခဲဖွယ်၊ ဘောဇဉ်များ အကုန်လှူ

ပါတယ်။ အင်မတန်မှ သဒ္ဓါတွေ အင်မတန်ကောင်းပါတယ်။ ဒီသဒ္ဓါနဲ့ တင်းမတိမ်ပါနဲ့တဲ့။ အတွင်းသဒ္ဓါကြတော့ ဘယ်လိုလဲ။ တရားထိုင်တယ်။ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါး၊ ရုပ်နာမ်ကိုသိချင်လို့ ခန္ဓာငါးပါးနဲ့ ရင်းရှာတယ်။

ခန္ဓာငါးပါးနဲ့ ရင်းရှာတဲ့အခါကျတော့ မနုဿဘာဝေါ ဒုလ္လဘောဆိုတဲ့ ကံရုပ်။ အဲဒီ ကံရုပ်မှာ သတိပဋ္ဌာန်လေးပါးရှိတယ်။ ဦးဇင်းက စာမတတ်တော့ ကာယ သတိပဋ္ဌာန်၊ ဝေဒနာ သတိပဋ္ဌာန်၊ စိတ္တ သတိပဋ္ဌာန်၊ ဓမ္မာ သတိပဋ္ဌာန် ဒါ ရေးထားတယ်။ ကာယသတိပဋ္ဌာန် ကာယကံ ခင်ဗျား ဝစီကံ၊ မနောကံ သူမနောကို ဖမ်းမယ်၊ ဘဝင်ကို ဖမ်းတော့မယ်။ တရားထိုင်တဲ့အခါကြတော့ သက္ကာယဒိဋ္ဌိကံ၊ အတ္တဒိဋ္ဌိကံ၊ မိစ္ဆာဒိဋ္ဌိကံပယ်ပြီး၊ ဘာကံကိုယူထားလဲ သမ္မာကံကို ယူထားတယ်။ ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးဆိုတဲ့ သဘောလေးပေါ့။ ကာယသတိပဋ္ဌာန်က အပြင်မှာ စင်ကြယ်တယ်။ သမုစသစ္စာခေါ်တယ်။ စာလိုဆိုရင်တော့ အပြင်မှာ စင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်မယ်။ အပြင်မှာ သဒ္ဓါတွေ သိပ်ကောင်းတယ်။ စေတနာတွေ သိပ်ကောင်းတယ်။ ဘုရား၊ တရား၊ သံဃာကို ယုံကြည်

တယ်။ ဆွမ်းကပ်တယ်၊ ရေချမ်းကပ်တယ်၊ အကုန်လုပ်တယ်၊ ပရိတ်ရွတ်တယ်၊ ပဋ္ဌာန်းရွတ်တယ်၊ အကုန်လုပ်တယ်။ ဒါဘာလဲ သညာအသိခေါ်တယ်။ မိမိရဲ့ မိရိုးဖလာရဲ့ အသိတွေ။ အဲဒါ သညာအသိခေါ်တယ်။ ပညာအသိမဟုတ်ဘူး။

ဒီသညာသိနဲ့ ပညာသိ၊ အတ္တအသိနဲ့ အနတ္တအသိ သိရမယ်။ ငါက အစွဲဖြစ်နပါလား၊ အတ္တပါလား၊ အဲဒီတော့ မကောင်းတာလဲစွဲ၊ ကောင်းတာလဲစွဲ၊ ဒါအတ္တအယူမှားတယ်။ အမှတ်မှားတယ်။ အစွဲမှားတယ်။ ဒါကံတရားတွေ ဥပါဒါန်ကံတွေ။ ဒီလိုတရားထိုင်ပါတဲ့အခါမှာ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး၊ ဘယ်ကံကို သတ်သလဲ။ မနောကံကို သတ်သွားတာ၊ ဘဝင်ကိုသတ်ပါတယ်။ ဘဝင် မနောကံကို သတ်တယ်။ ဒီကံကို ငါသတ်ရင် ဘာတွေပယ်ရမလဲ။ ပယ်ရမဲ့တရား သိအပ်မဲ့တရား၊ ကျင့်အပ်မဲ့တရား ပယ်မယ်။ ဘာတွေပယ်ရမလဲ။ အာရုံငါးပါး၊ ဟော ဒီပစ္စုပ္ပန်တည့်တည့်၊ ရှေ့လည်းမမျှော်နဲ့၊ နောက်ထပ် အဲဒီတော့ ဒီလို အာရုံငါးပါးလဲ ပယ်လိုက်ပြီး သက္ကာယအယူတွေ မိစ္ဆာအယူတွေ အတ္တအယူတွေ ပယ်ပြီ။ ဘာအယူကို ယူတာလဲ။ သမ္မာကံလေး။ အဲဒီကနေပြီး

တော့ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာ အာဇီဝ၊ အဲဒါ သီလ မဂ္ဂင်၊ ဗမာလိုပြန်မယ် ဆိုရင်တော့ ဦးဇင်းအသိနဲ့ ပြောရမယ်ဆိုရင်တော့ သမ္မာဆိုတာ ကောင်းသော အလုပ်။ ကောင်းသောအလုပ်ကို သူလုပ်နေတာ။ သမ္မာဝါစာ၊ သမ္မာ ကမ္မန္တ။ သူမှန်တာတွေကို ပြောမယ်။ မှန်တာကို ကျင့်မယ်။

အပြင်မှာ စင်ကြယ်မှ ခန္ဓာစင်ကြယ်မယ်။ ခန္ဓာ စင်ကြယ်မှ ဉာဏ်စင်ကြယ်မယ်။ ဉာဏ်အလုပ်တွေ ခေါ်တယ်။ ဒါဉာဏ်စခန်းတွေ ခေါ်တယ်။ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောကော ဥဒပါဒိ၊ ဉာဏ ဥဒပါဒိ။ ဒီဉာဏ်နဲ့ လောကကို သိရမယ်။ သင်္ခာရလောက၊ သြကာသလောက၊ သတ္တလောက လို့ ရေးထားတယ်။ လောကသုံးပါး ဆိုရမယ်။ ကိုယ့် စိတ် ကိုယ်စစ်၊ တရားထိုင်တဲ့အခါမှာ မကောင်းတဲ့ အယူဝါဒတွေပယ်တယ်။ ကောင်းတာလေး နှလုံးသွင်း ပြီးတော့ အာရုံငါးပါးလည်း မပေါင်းတော့ဘူး။ မိစ္ဆာ အယူတွေလည်း မယူတော့ဘူး။ သမ္မာအယူတွေ ယူတယ်။

သမ္မာဝါစာ၊ သမ္မာကမ္မန္တ အဲဒီ သီလဟာ အသက် တစ်ရာ နေတာထက်မြတ်တယ်။ နတ်၊ သိကြားတွေ

သိတယ်။ အဲဒီတော့ ကာယကံလည်း မသောင်းကျန်း တော့ဘူး။ ဝစီကံလည်း မသောင်းကျန်းတော့ဘူး၊ မနောကံကလည်း ဗျာပါဒ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိ၊ ကုက္ကုစ္စ၊ စိတ်၊ ဝန်တို မိစ္ဆာစိတ်၊ အာရုံကြောင့်ဖြစ်တာလဲ ပယ် လိုက်ပြီ။ ဒါတွေလဲ ဗျာပါဒလဲ ပယ်လိုက်ပြီ။ အဘိဇ္ဈာ ကိုလည်း ပယ်လိုက်ပြီ။ ဒိဋ္ဌိကိုသတ်တယ်။ ဒိဋ္ဌိသတ်မှ တဏှာပြတ်မယ်။ တဏှာဆိုတာ အာရုံမှာရှိတယ်။ ကိလေသာနဲ့ တဏှာတွဲနေတယ်။ ကိလေသာရှိရင် တဏှာရှိတယ်။ ကိလေသာရှိရင် တဏှာကပ်နေတယ်။ အဲဒီတဏှာကို ဉာဏ်လေးနဲ့ကြည့်။ အဲဒီတော့ ဉာဏ် လေးနဲ့ကြည့်တဲ့အခါကြတော့ အေး-အေး-အေး-အာ- အေး-အေး-အေး အဲဒါကို ကာယကံရှင်ပဲသိတယ်။ ဝတ္ထုကာမနှင့် ငါမှာရှိတာက ကိလေသာကာမနှင့် ယှဉ်တွဲသုံးဆောင်မိပါက အများကြိုက်၏။ ကိုယ်လည်း ကြိုက်၏။ အရိယာမကြိုက်ဘူးတဲ့။

ကိုယ့်စိတ်ကိုယ်စစ်တဲ့ အဲဒါ အဆင့်မြင့်သွားပြီ။ သမုတိသစ္စာက ပညတ်ကိုယူထားတယ်။ ဘာနဲ့ယူ ထားလဲ။ သမ္မာနဲ့ယူထားတယ်။ သူက ပညတ်ကို ယူတော့ယူတယ် မစွဲဘူးတဲ့။ လုပ်ပေးတယ် ပညတ် နယ်ထဲမှာ အကုန်ကောင်းတဲ့ဟာတွေကို အကုန်လုပ်ပေး

တယ်။ လုပ်ပေးတဲ့ဟာတွေကို သူက မစွဲဘူးတဲ့။ အဲဒီ တော့ သူစွဲရင် ဥပါဒါန်ကံဖြစ်ပွားလိမ့်မယ်။ ဒါကြောင့် မို့ ဉာဏ်တရားရှိတယ်၊ ကံတရားရှိတယ်။ ဈာန်တရား ရှိတယ်။ ဒါတွေကို ကျင့်ကြပါ။ ကြံကြပါ။ အားထုတ် ကြပါ။

အဲဒီတော့ ဘာအခြေခံမလဲ၊ ကိုယ်တက်ကြီးတဲ့ သူကို ရိုသေပါ။ ကိုယ့်နဲ့တန် သူ့ကိုစေတနာထားပါ။ ကိုယ်အောက်လူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မာစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကို ကိုယ်မာန်တွေ၊ ရာဇမာန်တွေ၊ နေမာန်တွေ၊ ပစ္စည်းမာန် တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါမာန်တွေ၊ စာမာန် တွေ၊ မစွဲနဲ့တဲ့။ ဟော မင်းမစွဲနဲ့တဲ့။ လုပ်တော့လုပ်ပါ တဲ့။ လုပ်ပါတဲ့ မင်းမစွဲနဲ့တဲ့ ဒီအစွဲဥပါဒါန်ကို ပြောသွား တာ။ အစွဲဥပါဒါန်က မိရိုးဖလာ အယူတွေယူတာ။ မိရိုးဖလာရဲ့အယူတွေ။ ကောင်းတာလည်းလုပ်တယ်။ မကောင်းတာလည်းသွားဖြစ်တယ်။ ကောင်းတာလုပ်နေ ရင်းကနေ မကောင်းတာဘာဖြစ်လဲ။ လှူနေတယ်။ တန်းနေတယ်။ မုန့်ဟင်းခါးတွေ ကျွေးနေတယ်ပေါ့ဗျာ။ အကြီးအကျယ်ကျွေးတာပဲ။ အရက်မူးသမားက သူ့ အလှူကို လာပြီးနှောက်ယှက်လိုက်တယ်။ ပန်းကန်တွေ

ရိုက်ခွဲ၊ ဘာတွေရိုက်တော့ပဲဗျို့။ သူမနေ့ာပေါက်သွားတာ အဲဒါဘာလဲ။ အပြင်ပညတ်အာရုံပဲဗျို့၊ အဲဒီတော့ အတွင်းသီလပျက်တယ်။ အတွင်းသီလပျက်ရင် (၃၁)ဘုံ မလွတ်ဘူး။ အပြင်သီလက မှန်တယ်ဗျို့။ စိတ်မချရဘူး၊ အကာခေါ်တယ်။ ဟိုက အနှစ်ခေါ်တယ်။

ဒါကြောင့်မို့လို အကာနဲ့အနှစ် အကာမှာ ခင်ဗျားတို့ သမ္မာလေးနဲ့ယူထားတယ်။ အနှစ်မှာ ခင်ဗျားတို့ ဉာဏ်လေးနဲ့ အနတ္တကိုယူပါ။ ဟော ထိတာက ရုပ်၊ သိတာက နာမ်၊ ထိတာလဲ မမြဲဘူး၊ သိတာလည်း မမြဲဘူး၊ အဲဒါ အနတ္တ၊ အတ္တကနေ အနတ္တ ချက်ချင်း ပြောင်းလိုက်တာ။ အဲဒီတော့ ခင်ဗျားတို့ပေါ်မှာ မူတည်တယ်။ ခင်ဗျားတို့လည်း လာတာ တစ်ယောက်တည်းပဲ၊ လာတုန်းကလည်း ဘာမှမပါဘူး။ ပြန်တော့လည်း ဘာမှမပါဘူး။ ဘာတွေပါသွားလဲ။ ဥပါဒါန်တွေ ပါသွားတယ်။ ဥပါဒါန်တွေဖြစ်သွားတဲ့အခါ သွားစွဲတယ်ဗျို့။ အဲဒီအစွဲကို ဖြတ်ပစ်ရမယ်။

ဒီအစွဲကို ဖြတ်လို့မရရင် ဘာနဲ့ ခင်ဗျားနှလုံးသွင်းရမလဲ။ သံဝေဂတရား၊ ကိုယ်ကျင့်တရား၊ ဗြဟ္မစိုရ်တရား၊ စေတနာမပျက်စေနဲ့။ တယောက်နဲ့တစ်ယောက် ကျွန်းကိုင်းမှီ၊ ကိုင်းကျွန်းမှီ စေတနာတွေ သိပ်ကောင်း

တယ်။ အဲစေတနာဟာ ဝိသုဒ္ဓိခေါ်တယ်။ စိတ္တဝိသုဒ္ဓိ ခေါ်တယ်။ စိတ်ကနေပြီး ပယ်လိုက်တော့ ဓါတ်ဖြစ်သွားတယ်။ စိတ္တဝိသုဒ္ဓိ။ သူကျင့်လို့ရတာ။ အဲဒီတော့ စိတ်အကြောင်းသိတယ်။ ဓါတ်အကြောင်းကိုသိတယ်။ သိတဲ့အတွက်ကြောင့် သြော်- အေး-အေး-အေး ဓါတ်အကြောင်းက သဘာဝသဘောတရား၊ သြော်-သူဖြစ်နေတာပါလား။ ငါဖြစ်တာမဟုတ်ပါလား။ အဲဒီတော့ အလုံးအကောင်အထည်ပြုလို့မရဘူး။ မှတ်လိုလည်းမရဘူး။ သဘောလေးသာနော။ အဲဒီဘက်ကမ်းကို ရောက်အောင်သွားကြ၊ ကြိုးစားကြ။

အပြင်သဒ္ဓါနဲ့ တင်းမတိမ်နဲ့။ အတွင်းသဒ္ဓါ ရအောင်လုပ်ပါ။ အတွင်းသဒ္ဓါရမှ ဟိုဘက်ကမ်းကို မြင်မယ်နော်။ ခင်ဗျားတို့လာပြီးတော့ လူ့ဘဝမှာ အင်မတန်မှ မနုဿဇာတာဘဝေါ ဒုလ္လဘော လူ့ဘဝမှာ ခဲယဥ်းစွာရအပ်ပေ၏။ ဟာ ခဲယဥ်းပြန်တော့ လူ့ဘဝရလာပြန်တော့ သိဖို့ရာလွယ်တယ်မထင်နဲ့။ မရှိတာကို ရှာရင်ရတယ်။ မသိတာက အခက်ဆုံး။ ခင်ဗျား သိတာက ပညတ်အသိ။ မိရိုးဖလာအသိတွေ။ အဲ ပရမတ်အသိကို မသိဘူး။ ဟော-ပရမတ်အသိ ဘာကြောင့် မသိသလဲ။ မကျင့်တော့ မသိဘူး။ စာတွေနဲ့ တက်

တယ်။ အဲ-ဂုဏ်တော်တွေနဲ့တတ်တယ်၊ မှန်တယ်။ အဲဒါ မိရိုးဖလာအသိတွေ ကံအသိတွေ ကောင်းတဲ့ကံတွေ။ (၃၁)ဘုံ မလွတ်ဘူး။ ဒါတွေကို ပြောတာပါ။ ဥပါဒါန်ပြတ်သွားရင်တော့ အဲ ခင်ဗျားဟာခင်ဗျား သိရောပေါ့ဗျာ။

နေတတ်ဖို့လိုတယ်။ ထိုင်တတ်ဖို့လိုတယ်။ ဘယ်သူကပဲပြောပြော။ ဘယ်သူကပဲဆဲဆဲ။ ဘယ်သူကပဲဆိုဆို သည်းခံပါ။ ကြားတာလည်း သည်းခံပါ။ မြင်တာလည်း သည်းခံပါ။ စားတာလည်း သည်းခံပါ။ ထိတာလည်း သည်းခံပါ။ ခင်ဗျား စေတနာမပျက်နဲ့။ ဘဝင်စိတ်ကလေးက အာရုံမှာမမှတ်နဲ့။ မမှတ်ရင် စေတနာမပျက်ဘူး။ စေတနာဟာ ဝိသုဒ္ဓိ။ အဲဒီတော့ မဂ် ဝိသုဒ္ဓိတွေ အပြင်စေတနာနဲ့ အတွင်းစေတနာ ပေါင်းချတာ။

အပြင်မှာစင်ကြယ်မှ စေတနာကောင်းလာတယ်။ အပြင်မှာစင်ကြယ်မှ အတွင်းမှာလည်း စင်ကြယ်မယ်။ အပြင်မှာမစင်ကြယ်ရင် ခန္ဓာမှာမစင်ကြယ်ဘူး။ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာလည်း မစင်ကြယ်ဘူး။ ဒီရုပ်နဲ့နင်းရှာတာ။ မိရိုးဖလာရဲ့ အယူတွေဟာ ကံတွေ၊ အဲဒီတော့ ဒီကံတွေဟာ ဘယ်လိုဖြစ်တတ်သလဲ။ ဟော

ဦးဇင်းကတော့ စာမတတ်ဘူးဗျာ။ ဥပမာ-ဒီကံ ဘယ်လိုဖြစ်လဲ။ ဒီနေ့ လှူနေတဲ့အလှူ။ လှူနေတဲ့ အလှူဟာ သူများလာပြီးတော့ မူးရူးပြီးတော့ လာရမ်း ရင် စိတ်ပြောင်းသွားတယ်ဗျို့။ စိတ်ကလေးပြောင်းသွား တယ်။ လှူတဲ့သူက လှူတာပဲ။ အဲဒီတော့ ညောင်ပင် ကြီးလောက်လှူလဲ ညောင်စေ့လောက်ဖြစ်တယ်။ ညောင်စေ့လောက်လှူလဲ ညောင်ပင်ကြီးလောက် ဖြစ် တယ်။ ခင်ဗျားပေါ်မူတည်တယ်။ ဟော-လှူတတ်ဖို့ လိုတယ်။

အဲဒီတော့ ပုဂ္ဂလိကနဲ့ သန္တိကလှူပါ။ ချဉ်ဖတ် အိုးကြီးပေးလိုက်ပြီ။ အဲဒီအရွက်တွေ ခင်ဗျား ထည့် လိုက်။ ထည့်တော့ ချဉ်တယ်။ ခင်ဗျား လှူတတ် သွားပြီ။ ခင်ဗျား စေတနာလည်း မှန်လာပြီ။ သန္တိက စေတနာ မှန်လာပြီ။ ခင်ဗျား ဟို-ပုဂ္ဂိုလ်တွေက ဘာပဲ ပြောပြော ပြောချင်တာပြော အာရုံအကြောင်းကို ခင်ဗျား မယူဘူး။ သမ္မာယူပြီး လှူတယ်။ ဟော လှူတတ်လာ ပြီ။ ဒါတွေဟာ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ် မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။

သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိကတော့ စာလို ပါဠိလို ရေးတာဗျို့။ ဦးဇင်းအသိနဲ့ ပြောရရင် ပြော

မှား ဆိုမှားရှိရင် ခွင့်လွှတ်ပါဗျာ။ ဦးဇင်းအသိနဲ့ ပြောမယ်။ ငါမြင်တယ်။ ငါသိတယ်။ ငါကြားတယ်။ ငါ အတင်းတွေပြောတယ်။ ငါဒီလူ့ကို ဘယ်လိုလုပ်ရကောင်းမလဲ။ ဟော-ငါ့ပစ္စည်းတွေခိုးတယ်။ ငါ့ဟာတွေ ဖြုန်းပစ်တယ်။ ဟော- စိတ်ဆိုးလာတယ်ဗျို့။ အဲဒါဘာလဲ။ အဲဒီတော့ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ အဲဒီ ဒိဋ္ဌိ (၃)ပါးကို ပယ်ပစ်လိုက်။ သမ္မာဆိုတာ သြော်-သြော် အေး -အေး-အေး ငါ့ကားလေး ရိုက်ချိုးတယ်။ အေးကွာ-ညီလေးရေ မလုပ်နဲ့ကွာ။ အစ်ကိုကြီးမှာ ဒါပဲရှိပါတယ်ကွာ။ မင်းကို တောင်းပန်ပါတယ်ကွာ။ လေးစားပါတယ်ကွာ။ မလျှော်ပါနဲ့ကွာ။ ငါစိုက်ထုတ်ပြီး ပြင်ပါ့မယ်ကွာ။ ဟော-ဘယ်လောက်ကောင်းတဲ့ အသိတရားတွေလဲ။ ဟိုက ကားရိုက်ချိုးတာနဲ့ တခါထဲဖမ်းမယ်၊ ဆီးမယ်၊ ချုပ်မယ် လုပ်တာပဲဗျို့။ ကားကိုစွဲတာက တဏှာ၊ တဏှာကြောင့် မာန်ဖြစ်တယ်။ မာန်ဘာကြောင့်ဖြစ်သလဲ။ ဒိဋ္ဌိကြောင့်ဖြစ်တယ်။ ဒိဋ္ဌိဆိုတာ အာရုံကိုမသတ်ဘူး။ ဟော-ကြည့်စမ်း၊ ဘုရားဟောသွားတာတွေ။ ပညတ်နော်၊ ဘုရားပညတ်တာ။ အဲဒီတော့ ဒီပညတ်တာကို သွားပြီးတော့ သမ္မာလေးနဲ့ယူ။ သက္ကာယဒိဋ္ဌိ။ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိနဲ့ မယူနဲ့။

ဒါတွေလာပြီးတော့ သဘောလေးနဲ့ ပြောတာ စာတော့ မတတ်တာအမှန်ပဲ။ ခန္ဓာသိ၊ ဒီခန္ဓာကနေပြီးတော့ ကာယသတိပဋ္ဌာန်။ ကာယသတိပဋ္ဌာန်ရဲ့ ဘယ်လို ကျင့်ရမယ်။ ဘယ်လိုနေရမယ်။ ဘယ်လိုထိုင်ရမယ်။ ကာယသတိပဋ္ဌာန်ကနေပြီးတော့ ဘယ်သတိပဋ္ဌာန်ကို ကူးသလဲ။ ဝေဒနာသတိပဋ္ဌာန်။ ဝေဒနာရှိရင် တဏှာ ရှိတယ်။ ဝေဒနာနိရောဓါ၊ တဏှာ၊ နိရောဓါ၊ ဟော- စိတ်၊ စိတ်၊ စိတ် အဲ- တရားထိုင်တဲ့အခါ အုန်းမောင်း ကလဲခေါက်နေပြီ။ ထမင်းကလဲဆာနေပြီ။ သညာက မှတ်ပေးတယ်။ သင်္ခါရတွေဖြစ်ပြီ။ ထွက်သွားပြီ။ ပျဉ် လွှန်နဲ့ဖောက်တာ တစ်ချက်တည်း ဖောက်လိုက်ရင် ပျဉ်သုံးပြားပေါက်ဖို့က မပေါက်တော့ဘူး။ တရားတော့ ထိုင်ပါတယ်။ ခြင်းကြားနဲ့ရေခပ်သလိုပဲ။ ရေကတော့ ခပ်လိုက်တာပဲ၊ ရေမပါဘူး။

မင်းထိုင်တဲ့တရားက မင်းအတ္တတွေနဲ့ သညာတွေ နဲ့ ထိုင်ထားတယ်။ အနတ္တကိုပေါက်အောင်ထိုင်ပါလား၊ မင်းအတ္တကို ပယ်ပါလား။ ဟော-အတ္တပယ်မှ မင်း သညာကိုသိလိမ့်မယ်။ သညာသိမှ သင်္ခါရ ရပ်သွား လိမ့်မယ်။ တရားတော့ ထိုင်တာပဲဗျို့။ အနတ္တ ပေါက် အောင်ထိုင်လိုက်။ အတ္တက အနတ္တပေါက်အောင်ထိုင်၊

ဝေဒနာကနေပြီးတော့ တဏှာကိုပယ်ပြီး၊ တဏှာ သတ်ပြီ။ မခံသာ မှန်ပါဘိ ဒီတရားခံသာလျှင် သံသရာ ကြောင့် မျောလိမ့်မယ် အများ၊ ကိလေသာမှာ တဏှာ ရှိတယ်။ တဏှာကို ဉာဏ်နဲ့ကြည့်။ ကံနဲ့သွားမကြည့်နဲ့။ ကံနဲ့ကြည့်ရင် လည်သွားလိမ့်မယ်။ သင်္ခါရ ဖြစ်သွား လိမ့်မယ်။ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနိစ္စ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ ဒုက္ခ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနတ္တ၊ ဒီသင်္ခါရ တရားတွေ ဖြစ်နေတယ်။ အဲ-ခင်ဗျားတို့မှာ စာရေးထားတယ်။ သတ္တာလောက ဩကာသလောက၊ သင်္ခါရလောကဟာ ကြောက်ဖို့ သိပ်ကောင်းတာပဲ။

လာတာလည်း တစ်ယောက်တည်း။ ပြန်တော့ လည်း တစ်ယောက်တည်း။ ဘာမှ ပညတ်မှာ ဘာမှ မစွဲနဲ့။ မစွဲရင် သံသရာမလည်တော့ဘူး။ ရုပ်နာမ်စည်း လွတ်နေပြီ။ အဲဒီရုပ်နာမ် ငါ့ရုပ်၊ ငါ့နာမ်တွေ မဟုတ် တော့ဘူး။ ဟောဒီရုပ်ကြီးက ငါထားပစ်ခဲ့မယ်။ ခန္ဓာဝန် ချပစ်ခဲ့မယ်။ နာမ်ခွာသွားတော့မယ်။ နာမ်ခွာ မယ်။ ဟော-နာမ်ကို ခွာတတ်ဖို့လိုတယ်။ ဥပါဒါန်နဲ့ မခွာနဲ့။ နာမ်ကို ဉာဏ်နဲ့ခွာသွား။ ကြည့်စမ်း ရုပ်ကတော့ ခန္ဓာ ဝန်ချတော့မယ်။ မင်းတို့ လုပ်ချင်တာလုပ်။ သဘော

လေးပဲ ဥပါဒါန်သတ်တဲ့ တရားတွေ။ ကံပြတ်တဲ့ တရားတွေ၊ ကိုယ့်ကံပြတ်တယ်၊ မပြတ်တယ်၊ ကိုယ့်စိတ်ကို စစ်လိုက်။

အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင်ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။ အပြင်ရဲ့ အာရုံသဒ္ဒါတွေနဲ့ယှဉ်။ အတွင်းမှာ ဗျာပါဒ၊ အဘိဇ္ဈာ၊ မိစ္ဆာဒိဋ္ဌိကိုသတ်၊ သတ်ရင် တဏှာ၊ မာန၊ ဒိဋ္ဌိ ပယ်လိမ့်မယ်၊ တဏှာဆိုတာဘာလဲ။ မာနဆိုတာဘာလဲ။ ဒိဋ္ဌိဆိုတာဘာလဲ။ အမှန်ဆိုတော့ လောကီအားကိုးတာပေါ့ဗျာ။ ငါ့မှာ သိန်း(၅၀၀)လောက် ချမ်းသာတာပဲ။ ငါ့ရွှေတွင်း၊ ကျောက်တွင်းပိုင်တဲ့ ပုဂ္ဂိုလ်ကြီးပဲ။ တစ်သက်စားလို့မကုန်ဘူး။ ဟုတ်ပါတယ်။ ဟုတ်တယ်။ သူ့ဘက်ကြည့်ရင် သိပ်မှန်တာပဲ။ အေး လာတော့လည်း တစ်ယောက်တည်း ပြန်တော့လည်း တစ်ယောက်တည်း၊ အဲဒီအစွဲပဲဗျို့။ အဲဒါ အစွဲ လောကီအာရုံမှာ စွဲထားတယ် သားစွဲလိုက်၊ သမီးစွဲလိုက်၊ အဲဒီတော့ မစွဲနဲ့တဲ့။ မိရိုးဖလာရဲ့ ကံတရားတွေကို ဓမ္မကနေပြီးတော့ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ ဆိုတဲ့ အကြောင်းလေးပါးကို မင်းတို့ ဒီခန္ဓာငါးပါးကို ရှုလိုက်ပါတဲ့။ မိရိုးဖလာအယူတွေ မင်းသိလိမ့်မယ်။ ရုပ်နာမ်ဆိုတဲ့

အကြောင်း သဘောလေးပဲ။ ရုပ်က အကျိုးတရား၊ နာမ်က အကြောင်းတရား။

ဥပမာ- အထဲထဲမှာ အနာကြီးပေါက်နေတယ် ပေါ့ဗျာ။ အောင်မလေး၊ အောင်မလေး- ရုပ်မှာ ဝေဒနာတွေ ဖောက်ပြန်လာတော့ စိတ်ကလေးက ဆင်းရဲတယ်ဗျို့။ အားကိုးတယ်။ အောင်မယ်လေး၊ ပျောက်ချင်လိုက်တာ။ ရုပ်ရဲ့ အကျိုးတရားရဲ့ ဖောက်ပြန်မှု ဝေဒနာတွေ ခံစားနေရတာ စိတ်ဆင်းရဲတယ်။ စိတ်မဆင်းရဲပါစေနဲ့တဲ့ ရုပ်ဆင်းရဲပါစေတဲ့။ ဒီနေရာမှာ ရေးထားပြီး စိတ်ဆင်းရဲတယ်ဆိုတာက ရုပ်ကြောင့်၊ နာမ်ဆင်းရဲနေတယ်ဗျို့။ အလယ်ကသာ သွားပေတော့။ ကိုယ့်စိတ်ကို စစ်ပေတော့။ ကိုယ်စိတ်ကို ကိုယ်ဘာနဲ့စစ်မလဲ။ မဂ္ဂင်ရှစ်ပါးနဲ့ စစ်တဲ့ လမ်းဆုံးရင် မင်းရှာတွေ့လိမ့်မယ်တဲ့။ မင်းမှန်ဖို့လိုတယ်တဲ့။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောတာ အဲဒီလမ်းပဲ။ နိဗ္ဗာန်သွားတဲ့လမ်းဟာ အဲဒီလမ်းပဲကွတဲ့။ အဲဒီတော့ မင်းရဲ့မနောနဲ့အာရုံ ပေါင်းသလား။ ပေါင်းရင်တော့ မင်း ကံ ဖြစ်သွားလိမ့်မယ်။ မနောကံ ဖြစ်သွားလိမ့်မယ်။ အဲဒီကံဟာ သံသရာလည်လိမ့်မယ်။ အဲဒီအာရုံကို မင်းဖြတ်လိုက်ပါ။ မိစ္ဆာ အယူဝါဒတွေ

လည်း မင်းဖြတ်လိုက်ပါ။ ပယ်လိုက်ပါ။ သက္ကာယအယူ၊ မိစ္ဆာဒိဋ္ဌိအယူ၊ အတ္တဒိဋ္ဌိအယူတွေ ငါမြင်တယ်။ ငါကြားတယ်။မလုပ်နဲ့။ မင်း တရားထိုင်။ တရားထိုင်လို့ ထွက်လာလို့ရှိရင် မင်းနေတတ်ဖို့လိုတယ်။ နေတတ်ဖို့က ဘယ်လိုလဲ။ အော် ငါအတွင်း နှလုံးသွင်းတာက နိဝရဏတွေ စိတ်၊ စေတသိတ် ငါ့မှာ ရှိသေးသလား၊ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ စားစိတ်၊ ထိစိတ်၊ သိစိတ်တွေ ငါ့မှာ ဒီအယူတွေ ငါ့မှာရှိသလား၊ စေတသိတ်ကို နှလုံးမှာ သွင်းသလား။

ဥပမာ- စိတ်ဆိုတာက ဦးဇင်းက စာမတတ်ဘူးနော်၊ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်။ သေချာလေးပြောသွားမယ်။ ခင်ဗျားလက်ကို လူတစ်ယောက်က ကိုင်ရင် မသိဘူးလား။ အဲဒါ သိစိတ်ပဲ။ အဲဒါကို သွား မပတ်သက်နဲ့။ သွားမသာယာနဲ့။ အကုသိုလ်ကံ၊ ကုသိုလ်ကံ မဖြစ်စေနဲ့။ အဲဒါကို ဟောသွားတာ။ ခင်ဗျားလက်ကို ကိုင်ပြီဗျို့။ ကိုင်တော့ မသိဘူးလား။ သိတာက စိတ်။ အဲဒါကိုလည်း ပယ်ပါတဲ့။ အဲဒီ အာရုံ မြင်လိုက်တယ်၊ သွားမမှတ်နဲ့။ ကြားလိုက်တယ်၊ သွားမမှတ်နဲ့။ ကောင်းတာကိုယူထား၊ မကောင်းတာကို ပယ်ပစ်လိုက်။ တစ်ခါပြန်ကျင့်။ ပြန်ကျင့်တဲ့အခါကြ

တော့ စိတ်၊ စေတသိတ် သေသွားရင်၊ ရုပ်မှာရှိတဲ့ တဏှာကိုသိသွားပြီ စိတ်စေတသိတ်က အနှောက် အယှက်မရှိတော့ဘူး။ မှန်သားလိုဖြစ်သွားပြီ။ လောကီ စိတ်တွေ မှန်သားလိုဖြစ်သွားတယ်။ အဲဒီရုပ်ရဲ့ ဖောက် ပြန်တဲ့ ဝေဒနာတွေကိုသာ ကြည့်ပေတော့။ အဲတော့ ဪ- အေး-အေး-အေး အနတ္တတရားကြီးပါလား နော်။ ခုန စိတ် စေတသိတ်က အတ္တတွေ ဖြစ်နေပါ သလား။ ကိုယ့်ဟာကို သိလာတယ်။ သူများသွားမမေး နဲ့။ ကိုယ့်ဟာကိုသိရင် ပယ်သွားလိမ့်မယ်။ အဲ-ပယ် သွားရင် ကိုယ်ရမဲ့ပစ္စည်းတွေ ရလိမ့်မယ်။

ခင်ဗျားရမယ့် ပစ္စည်းတွေက ကာယသိဒ္ဓိ၊ အာ ဟာရသိဒ္ဓိ၊ နေသိဒ္ဓိ၊ သိဒ္ဓိဆယ်မျိုးရလိမ့်မယ်။ ခင်ဗျား မှန်တာကိုးဗျ။ ရတနာ(၇)ပါးလည်း ခင်ဗျား ရလိမ့် မယ်။ ဟာကြည့်စမ်း ဦးပဏ္ဍိတ စာမတတ်ဘူး။ လက် ဖက်ခြောက်က ဆေးဖြစ်တယ်။ ရေက ဆေးဖြစ်တယ်။ ပျောက်တဲ့လူ ပျောက်တယ်။ ဘယ်လိုဟာတွေ ပျောက် လဲ။ မိရိုးဖလာရဲ့ သွေးသားဖြစ်တဲ့ ရောဂါတော့ မရ ဘူးပေါ့ဗျာ။ တောင်ပိုင်ကွင်းပိုင်လုပ်တဲ့ ပယောဂတော့ လာခဲ့။ ခင်ဗျား မြွေဟောက်ကလေးကိုက်တယ်။ လာခဲ့။ မှီအောင်သာလာခဲ့။ အဲဒါ ငါနဲ့ ထိုင်နေကွာ။ မင်းဘာမှ

မဖြစ်ဘူးတဲ့။ အဲဒါဘာလဲ ပယောဂ၊ တောင်ပိုင်ကွင်းပိုင်တို့ ယက္ခ၊ ဂုမ္ဘာန်၊ ဂန္ဓဗ္ဗတို့ မှုးအောင်၊ ဝေအောင်၊ နှလုံးခုန်၊ ရင်တုန်အောင်လုပ်တာ အဲဒီကောင်တွေက လုပ်ထားတယ်။ ကိုယ်က ကံကိုးဗျ။ အနားတောင် မကပ်နိုင်ဘူး။ ဉာဏ်ရတဲ့ ပုဂ္ဂိုလ်ကြတော့။ ဟော-ဒါတွေကြတော့ အဆင့်မြင့်ကုန်ပြီ။ အဲဒါတွေကို ခင်ဗျား တို့ သစ္စာနဲ့ဟောတာ။ သမုတိသစ္စာနဲ့ အရိယာထသစ္စာ၊ သမုတိသစ္စာ ပြတ်သွားပြီ။ ကံပြတ်သွားပြီ။ အဲဒါ အရိယထသစ္စာပဲ။ ဒီလောကဆို တော်ရောပေါ့ဗျာ။

❖ ❖ ❖ ❖ ❖

## ၂၂-၉-၂၀၀၂ ရက်နေ့ အင်းစိန်မြို့နယ်၊ ချေးကုန်း ပရိယတ္တိ စာသင်တိုက်တွင် ဝိသုဒ္ဓိဆရာတော် ဘုရားကြီး ဦးပဏ္ဍိတ ဟောကြားတော်မူသော တရားတော်

စာပေကျမ်းဂန်မတတ်ဘူး၊ ငယ်စဉ်တောင်ကျေးက ဖအေမအေက ကျောင်းမထားလို့ မတတ်တာပါ။ စာကို ပယ်တာမဟုတ်ဘူး။ စာကို သိပ်တတ်ချင်တယ်။ ကျောင်းစာမသင်ခဲ့ရလို့ စာမတတ်တာပါ။ စာမတတ်တဲ့အတွက်ကြောင့် ဆရာတော်တွေ သံဃာတော် ထေရ်ကြီး ဝါကြီး ရှင်သာမဏေ အားလုံး တပည့်တော်က စာပေကျမ်းဂန်မတတ်တဲ့အတွက် စကားပြောသွားတဲ့ အခါမှာ မှားယွင်းရင် သည်းခံကြပါလို့။ တပည့်တော်က တောင်းပန်ပါတယ်။ ဒကာ ဒကာမများ တရားနာလာကြတဲ့ပုဂ္ဂိုလ်များ၊ အားလုံးရှိကြတဲ့ ကလေးလူကြီးက အစပေါ့ဗျာ။ ဦးပဏ္ဍိတက စာပေကျမ်းဂန် မတတ်တော့ ခန္ဓာသိလေးကို သဘောလေးနဲ့ ပြောပြတဲ့ အခါကြတော့ သဘောပေါက်သလို၊ သဘောမပေါက်တာလဲ ရှိမှာပေါ့ဗျာ။

ဦးပဍ္ဍင်းကတော့ ပစ္စုပ္ပန်တည့်တည့်လေး အသိကို ပြောပြမယ်။ စာပေကျမ်းဂန်ကရေးထားတယ်။ စာက မှန်၏။ ဉာဏ်ထိအောင် သူမသိ၊ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့က သာ သည်တဲ့၊ စိတ်ကလေး အေးတာပေါ့ဗျာ။ ကံတရား ရှိတယ်။ ဈာန်တရားရှိတယ်။ ဉာဏ်တရားရှိတယ်။ သဘောပဲ၊ ကံရဲ့အကြောင်းတရားကို ပြောပြပါ့မယ်။ ကံဆိုတာ သံသရာလည်တဲ့တရား၊ သံသရာ ဘယ်ကစ လဲ။ ခန္ဓာကစတယ်။ ဘယ်ကံလဲ မနောကံ ကာယကံ ဝစီကံ၊ မနောကံ အဲဒီ မနောကံဆိုတဲ့ ဘဝင်အာရုံလေး ကို ပြောပြတာပါဗျာ။

ဦးပဍ္ဍင်းက စာလေးနဲ့ တစ်ခါဆိုပြမယ်။ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနိစ္စတဲ့၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ ဒုက္ခတဲ့၊ သဗ္ဗေအလုံးစုံသော သင်္ခါရ အနတ္တတဲ့၊ အနိစ္စရဲ့သဘော ဒုက္ခရဲ့သဘော အနတ္တရဲ့ သဘော၊ ခန္ဓာမှာ ဉာဏ်ဆိုက်။ သဘောလေးပေါ့ဗျာ။ ဒီကံတရား ကို ဘယ်လိုကြောင့် ဒို့ကံဖြစ်သလဲ။ ဒုက္ခသစ္စာ ဒုက္ခ သစ္စာ ဆင်းရဲခြင်း၏ အမှန်တရား သမုဒယသစ္စာ၊ သမု ဒယသစ္စာ ဆင်းရဲခြင်း၏အကြောင်း အမှန်တရား၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ အဲဒါ သစ္စာလေးပါးဗျို့။ အဲဒါ

ကံတရား၊ သံသရာလည်တဲ့တရား၊ သံသရာလည်တဲ့ တရားတွေ ဒုက္ခသစ္စာဆိုတာ ဘာလဲ၊ သမုဒယသစ္စာ ဆိုတာ ဘာလဲ၊ နိရောဓသစ္စာဆိုတာ ဘာလဲ၊ မဂ္ဂသစ္စာ ဆိုတာဘာလဲ၊ ဒါသိရင်ပယ်မယ်။ သိ၊ပယ်၊ဆိုက်၊ပွား စာရေးထားတယ်။ စာနဲ့ အသိနဲ့ ပြောပေးတယ်။ ဒုက္ခ သစ္စာကို မြင်အောင်ကြည့်၊ ဒုက္ခသစ္စာကိုလဲ သိချင် တယ်။ သမုဒယသစ္စာအကြောင်းကိုလဲ တတ်ချင်တယ်။ ခင်ဗျားတို့ ဘာလုပ်ကြမလဲ။ ဒုက္ခသစ္စာကိုလဲ သိချင် ရင် လက်ကလေးပိုက်ပြီးတော့ တရားအားထုတ်မယ်။ တို့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ တို့မှာ ဒီလိုဖြစ်နေပါလား။

ဒုက္ခသစ္စာ ဆင်းရဲခြင်း၏ အမှန်တရားဆိုတာ သဘောလေး ပြန်ပြောအုံးမယ်။ သွားစွဲတာ သားလေး ရေနစ်ပြန်ရင်လည်း သွားစွဲတယ်။ သမီးလေး ဒုက္ခ ရောက်ပြန်တော့လဲ သွားစွဲတယ်၊ ကံကြောင့် ဒုက္ခဖြစ်နေ တာ ၊ အစွဲဥပါဒါန်ကြောင့် ဒုက္ခဖြစ်နေတာ၊ အဲဒီဒုက္ခကို ဖြတ်မယ်။ အကြောင်းတရားနဲ့ အကျိုးတရား၊ အကျိုး တရားက ကိလေသာ၊ အကြောင်းတရား တဏှာနော်၊ ကိလေသာနဲ့ တဏှာတွဲနေတယ်။ ဒုက္ခသစ္စာ ငါ ဘာ ကြောင့် ဒုက္ခပေးသလဲ၊ သွားစွဲတာကိုးဗျာ။ ဟော ကိုယ်လိုချင်တာမရရင် စွဲလန်းတာ ဥပါဒါန်၊ ကံကြောင့်

ဒုက္ခ၊ အဲဒါဒုက္ခဖြစ်နေတာ၊ အဲဒါသံသရာလည်တဲ့ တရားတွေ သံသရာ ဘယ်ကစလဲ၊ ခန္ဓာကစတယ်။ သံသရာ ဘယ်ကစလို့ ပြတ်လဲ။ ခန္ဓာကစလို့ ဖြတ်တယ်။

သံသရာပြတ်အောင် ကျင့်ရမှာပေါ့ဗျာ။ လက်ကလေးပိုက်ပြီးတော့ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိတွေ အာရုံကြောင့် ငါသညာ၊ သင်္ခါရ၊ ဥပါဒါန်တွေ ဖြစ်နေပါလား ဆိုတာ ဒီနေရာမှာ ဖြစ်ပစ်မယ်။ ဘာတွေဖြတ်မလဲ၊ ကမ္မသဝ၊ ဘဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ အဲဒါပယ်ပစ်ရမယ့် တရားတွေပဲ။ ကျင့်ရမဲ့တရားတွေက သမ္မာဝါစာ၊ သမ္မာကမ္မတ၊ သမ္မာအာဇီဝ။ အဲဒါ သီလမဂ္ဂင်၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မာမဂ္ဂင်၊ သမ္မာဒိဋ္ဌိ၊ သမ္မာဆင်္ကပ္ပ၊ ပညာမဂ္ဂင်၊ မဂ္ဂင်ရှစ်ပါး။ အဲဒါ ကျင့်ရမယ့်တရား။ သိအပ်မဲ့တရား၊ ကိုယ်သိရမယ့်တရား။ ကိလေသာဝဋ်၊ ကံမ္မဝဋ်၊ ဘဝဝဋ်၊ ဝပကဝဋ်၊ အဲဒါ ကိုယ်လွတ်တယ်၊ မလွတ်တယ် သိရမယ်။ ပါယ်အပ်မယ့်တရား၊ ကျင့်ရမယ့်တရား၊ သိရမယ့်တရားတွေဘဲ၊ ခင်ဗျားတို့ နောက်ဆုံးဘဝပြန်ကြမှာ။ ဦးပဏ္ဍိတလည်း ပြန်မှာဘဲ။ ခင်ဗျားလဲ ပြန်မှာဘဲ။

ခင်ဗျားစိတ်ကို ခင်ဗျားစစ်၊ ဘာနဲ့စစ်မလဲ။ မဂ္ဂင်နဲ့စစ်၊ မဂ္ဂင်နဲ့စစ်တဲ့အခါမှာ စိတ်စေတသိတ် ငါ့မှာ လွန်ကဲနေသလား။ မြင်တာစိတ်၊ ကြားတာစိတ်၊ နံ့တာစိတ်၊ စားတာစိတ်၊ ထိတာစိတ်၊ သိတာစိတ် အဲဒီစိတ်ကို စစ်ပါ။

စာလိုပြောတော့ စိတ်နဲ့ စေတသိတ် ပယ်ပစ်ပါ။ စိတ်နဲ့စေတသိတ်ကို ပယ်ရတော့မယ်ဗျို့။ ဟော လက်ကလေးပိုက်တယ်။ တရားထိုင်တယ်။ အဲဒီအာရုံ ငါးပါးနဲ့ မြင်ချင်လား မမြင်ချင်ဘူး၊ ကြားချင်လား မကြားချင်ဘူး၊ သိချင်လား မသိချင်ဘူး၊ အာရုံငါးပါး ပယ်ပြီဗျို့။ အာရုံငါးပါးပယ်ရင် ဘာလုပ်မလဲ။ မနော ဘဝင်စိတ်ကို တစ်ခါပြန်ပြီးတော့စစ်မယ်။ ဒီစိတ်က ဘဝင်စိတ် ဘာလဲဆိုတာ ငါသိချင်တယ်။ အဲဒီတော့ တရားအားထုတ်တယ်။ နှာခေါင်းနှစ်ပေါက်မှာ ဒလက်စဉ်၊ ဒလက်ဆပ် လှုပ်ရှားနေတဲ့ အာရုံနှစ်ခုရှိတယ်။ ဝင်လိုက်၊ ထွက်လိုက်၊ အဲဒီအာရုံမှာ အသိလေးကပ်ထား။ အာရုံအသိ၊ အဲဒီအာရုံ မင်းသိပြီမဟုတ်လား၊ ဝင်တယ်၊ သိတယ်၊ ထွက်တာသိတယ်၊ စတာသိတယ်။ ထွက်တာသိတယ် ထိတာကရုပ်၊ သိတာက နာမ်။ အဲဒါ ရုပ်နာမ်ဘဲဗျို့၊ အဲဒီရုပ်နာမ်လေးကို တစ်ခါထဲ သတိလေးထား၊

ထိတာလဲမမြဲဘူး ဆိုမနေနဲ့။ သိတာလဲမမြဲဘူး၊ ဘဝင်စိတ်ကလေး ငြိမ်လာသလား၊ ကိုယ့်စိတ်ကိုယ်စစ်၊ အပြင်စိတ်တွေကကော ဘဝင်မှာလာပေါင်းသေးလား၊ ကိုယ့်စိတ်ကိုယ်စစ်။

အပြင်မှာ စင်ကြယ်တော့ ခန္ဓာမှာ စင်ကြယ်တယ်။ ခန္ဓာမှာ စင်ကြယ်တော့ ဉာဏ်မှာ စင်ကြယ်တယ်၊ ဉာဏ်စခန်း ဝိပဿနာဟာ ဉာဏ်စခန်း၊ ဒီဉာဏ်စခန်းဟာ၊ ဂန္ထိရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဉ္ဒပါဒိ၊ အာသဝေါဉ္ဒပါဒ၊ ညာဏာဉ္ဒပါဒိ။ ဒါစာကရေးတယ်။ စာကမှန်၏။ ထိအောင်သူမသိ စာတွေ့ငါတွေ့ အတွေ့က နှစ်လီရှိတယ်၊ စာတွေ့ထက် ငါတွေ့ကသာတယ်။ ယုံကြည်တာ သဒ္ဓါ၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ကျင့်တဲ့ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိယောဓသစ္စာ၊ မဂ္ဂသစ္စာကို ငါယုံကြည်တယ်။ ငါကျင့်မယ်၊ သဒ္ဓါ ဗိုလ်တွေ၊ ဝိရိယဗိုလ်တွေ၊ သီလဗိုလ်တွေ၊ ဝီရိယ ဗိုလ်တွေ၊ သီလဗိုလ်တွေ၊ သမာဓိဗိုလ်တွေ၊ ပညာဗိုလ်တွေနဲ့တက်၊ ငုတ်မိသဲတိုင် တတ်နိုင်ဖျားရောက်၊ ဝိရိယ ထားကျင့်။

အဲဒီတော့ ရက်ပေါင်း၊လပေါင်း၊နှစ်ပေါင်းများ လာတဲ့အခါကြတော့ ဘဝင်လေးက ငြိမ်လာတယ်ဗျို့၊

စာလို့ဆိုရင် အဓိစိတ္တလို့ ခေါ်တယ်။ အပြင်မှာလဲ ဩော် (အေးအေးအေး)(အေးအေးအေး) အပြင်ကို သူသိပ် မလုပ်ဘူး။ ဘဝင်စိတ်ကလေးကို စစ်တာ၊ အဲစိတ်က လေးက တရားထိုင်တဲ့အခါမှာ ငြိမ်လာတယ်။ ဒါ အဓိစိတ္တ၊ ဘာကြောင့် ငြိမ်သလဲ၊ အပြင်မှာ စင်ကြယ်လို့ အာရုံပေါ်မှာ စင်ကြယ်လို့ အတွင်းမှာလဲ စင်ကြယ်တယ်။ ဉာဏ်ပေါက်တယ်၊ သဘောလေးဘဲ၊ ကိုယ့်ရဲ့ ကျင့်တဲ့ ကိစ္စ မှန်ကန်ဖို့လိုတယ်၊ နေတတ်ဖို့လိုတယ်။ စားတတ် ဖို့လိုတယ်။ သွားတတ်ဖို့လိုတယ်။ ခင်ဗျားတို့ပေါ် မူ တည်တယ်။ စာကရေးထားတယ်။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာ ထသစ္စာ၊ အရိယာထသစ္စာ စာတွေ မှန်နေပြီ။ ခင်ဗျား တို့ရဲ့ စိတ်တွေ မှန်ဖို့လိုတယ်။ ယခုဟောတာ စိတ်ကို ဟောတာ၊ ဥပါဒါန်ကိုပြောတာ၊ ဒီဥပါဒါန် လူတိုင်း သတ္တဝါတိုင်း ဖြစ်နေတယ်။

ကျားတစ်ကောင် သူ့ဟာသူ သစ်ပင်အောက်မှာ နေတယ်။ သူ့ရှေ့မှာ ဂျီကဖြတ်သွားတယ်။ ဒါငါ့အစာ ဘဲ။ လိုက်ကိုက်တာဘဲ၊ အဲဒါ တဏှာပေါ့ဗျာ၊ ကိလေသာဝဋ်ကိုမသိရင် ကမ္မဝဋ်ကို မပယ်နိုင်ဘူး၊ ကမ္မဝဋ်ကိုမသိရင် ဘဝဝဋ်ကို မလွတ်တော့ဘူး၊ ဝိဘာဂ

ဝင်မှုပါပြီ၊ ကျင့်ကြပါ၊ ကြံကြပါ၊ ဒီလိုတရားထိုင်တဲ့အခါမှာ စိတ်နဲ့စေတသိတ် သေသွားရင် ခင်ဗျား အပါယ်ပိတ်တယ်။ ဒါဘာလဲ အပြင်ကိုဘဲမယူဘူး၊ အတွင်းလဲတွေးစိတ်တွေ လောကီစိတ်တွေမဖြစ်အောင် အမြဲတမ်းသတိထားတယ်။ အပြင်ကိုလဲ ငါဘာမှ မမှတ်ဘူး၊ ငါ့သမီး၊ ငါ့သား၊ ငါ့မယား၊ ငါ့အိမ် ဘာမှမမှတ်ဘူး၊ မှတ်တာ ပါဠိလို သညာခေါ်တယ်။ အဲဒီ သညာကကိုယ်ဒုက္ခ ပေးတာဘဲဗျို့။ သညာ၊ သင်္ခါရ၊ ဥပါဒါန်၊ ကံနေဖြစ်တယ်ဗျို့။ ကံဆို သံသရာလည်ပြန်ပြီ၊ တစ်ဘဝပြီးတစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝပြီး တစ်ဘဝ ဝိညာဏ်လေးဟာ သေတဲ့အခါမှာ အစွဲဥပါဒါန်တွေနဲ့ ဖြစ်သွားရင် တွက်တာကြည့်၊ ရုပ်နာမ်မှ မလွတ်တာ၊ ရုပ်နာမ်မသိတာ အဝိဇ္ဇာ၊ ရုပ်နာမ်သိတာကဝိဇ္ဇာဉာဏ်၊ အဲဒါမှတ်ထား စာကရေးထားတယ်။ ရုပ်နာမ်မသိတာ အဝိဇ္ဇာ၊ ရုပ်နာမ်သိတာ ဝိဇ္ဇာဉာဏ်၊ သင်္ခါရဆိုတာ ပါဠိလိုရေးထားတာ ဗမာလိုသိချင်ရင်မြင်လိုက်တဲ့အသိလေး ပစ္စုပ္ပန်တည့်တည့်လေး အဲဒီအသိစိတ် ကလေးကနေပြီးတော့ ကြားစိတ်ကလေးပြောင်းသွားတယ်။ ကြားစိတ်ကလေးကနေ နံစိတ်ကလေး ပြောင်းသွားတယ်။ အဲဒီနံစိတ်ကလေးကနေ

ထိစိတ်ကလေး ပြောင်းသွားတယ် အဲဒီ နံစိတ်ကလေး ကနေ ထိစိတ်ကလေး ပြောင်းသွားတယ်။ ထိစိတ် ကလေးကနေ တွေးတောကြံစည် ပြုလုပ်တော့မယ်။ အဲဒါ သင်္ခါရဘဲ၊ ဒါအနုဒယ တွေးတောနေတာ၊ စိတ္တာ နုပဿနာ ဟောနေတာ၊ ဓါတ်ကို မရောက်ဘဲနဲ့ စိတ်ပေါ်မှာ ဖြစ်ဖြစ်နေတဲ့ အသိလေးကို ဟောနေတာ၊ အဲဒီတရားဟာ ကိလေတာမှာရှိတဲ့ တဏှာသတ်ရမယ်။ အတွင်းတဏှာသတ်မှ အပြင်တဏှာပြတ်မယ်။ အာရုံ ပြတ်သွားမယ်။ ဒါကြောင့်မလို့ အာသွက္ခယဉာဏ်လို့ ရေးထားတယ်။ သဘောလေးသာနှာ။

ဒီလို တရားထိုင်လိုက်တဲ့အခါမှာ ခင်ဗျားတို့ ဥပါဒါန်အစွဲကို သတ်ချင်တော့၊ ဒီဥပါဒါန်မာန်၊သံသရာ လည်တဲ့ ကံတရားကို ငါသတ်ချင်တယ်၊ ကံပြတ် ချင် တော့ တရားထိုင်တယ်၊ တရားထိုင်တဲ့ အကျိုးကျေးဇူး လေးဟာ သီလဖြစ်တယ်၊ ကာယကံ(၃)ပါး၊ ဝစီကံ(၄)၊ မနောကံ(၃)ပါး၊ ပေါင်းလိုက်တဲ့အခါ ဒုစရိုက်(၁၀) ပါး၊ ဘယ်ကာယကံ ဒုစရိုက်က ပါဏာတိပါတာ၊ သူများအသက်မသတ်ဘူး၊ သူများပစ္စည်းမခိုးဘူး၊ မဟုတ်မမှန်တာတွေ မလုပ်ဘူး၊ ဘာမှမလုပ်ဘူးဗျာ ဆေးလိပ်တောင် မသောက်ပါဘူး၊ ရေလဲမသောက်

ပါဘူး၊ ဝိပဿနာ မဂ်က ချုပ်ထားလိုက်တာ၊ ကိုယ့်ကို ကိုယ် သကြီထားလေ၊ မဂ်ကချုပ်ထားလိုက်တာ၊ ခင်ဗျားရဲ့ ကာယကံ၊ ဝစီကံ၊မနောကံတွေ ချုပ်ထား လိုက်တာ၊ တရားလိုချင်တာမဟုတ်လား၊ မနော သတ် မယ်။

ဒီလိုအသိတရားတွေ ယုံယုံကြည်ကြည်နဲ့ ကျင့် ကြံ ကြံ့ကြံ့မယ်ဆိုရင် နတ်တွေက ခင်ဗျားတို့ကို ရှစ်ခိုး လိမ့်မယ်၊ နတ်ရှိတယ်။ တောင်ပိုင်ရှိတယ်၊ ကွင်းပိုင် ရှိတယ်၊ ခင်ဗျားစာရေးထားရင် စာရေးထားတဲ့ အတိုင်း ရှိတယ်။ မရှိဘူးလို့ သွားမပြောနဲ့၊ ယက္ခ၊ ဂုန်မာန် ကန္ဓပရှိတယ်၊ သိတယ်၊ ဦးပဏ္ဍိတက ထုတ်ပြလို့ မရဘူး၊ ယုံကြည်ပါ။ အဲဒါတွေ အင်မတန်ထူးတဲ့ အသိ တရား ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို ပါယ်နိုင်ရင် ခင်ဗျား သဘောပေါက်လာလိမ့်မယ်။ တရားထိုင်တဲ့ အခါမှာ ဉာဏ်မပေါက်တောင်မှ ဒီမဂ္ဂင်(၈)ပါးနဲ့ ထိုင် တဲ့အခါမှာ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်ဖြစ်ရင် ခင်ဗျား အပါယ်ပိတ်တယ်။ အပါယ်လေးပါးပိတ်တယ်။ ဉာဏ် ပေါက်သွားရင် ဂန္ဓီရဉာဏ်၊ ဇဝနဉာဏ်စက္ခု၊ ဥဒပါဒိ အာသဝေါ ဥဒပါဒိ ဉာဏ ဥဒပါဒိ အဲဒါရတဲ့ပုဂ္ဂိုလ် ဘယ်လောက်ထူးတဲ့တရားလဲ ခင်ဗျားတို့ ကြိုးစားပါ။

ဦးပဏ္ဍိတ ပြောတာ မယုံနဲ့၊ လေ့လာပါ၊ သုံးသပ်ပါ၊ စုံစမ်းပါ၊ မေးမြန်းပါ၊ တစ်ယောက်နဲ့ တစ်ယောက် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ သဘောထား သိရင် ပါယ်မယ်၊ ဘာတွေပါယ်မလဲ။ ကမ္မသဝ၊ ဘာဝါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ ယခုခမျာတို့မှာ တဏှာတွေနဲ့ အတ္တတွေဖြစ်နေတယ်။ သက္ကာယဒိဋ္ဌိတွေ ဖြစ်နေ တယ်။ မိစ္ဆာဒိဋ္ဌိတွေ ဖြစ်နေတယ်ကြည်စမ်း၊ ငါမြင် တယ်၊ ငါ့မိန်းမ၊ ငါ့သား၊ ငါ့အိမ်၊ ငါ့ပစ္စည်း အာရုံမှာ ကျက်စားနေကြတယ်။ လည်ပြီပေါ့။ သံသရာ တရား ထိုင်တယ်။ အာရုံပါယ်တာ စိတ်ဆိုတာ ဘယ်မှာ လဲကွာ ဆိုတာ စိတ်ကိုကျင့်တာ စိတ်ကနေ ဓါတ်ဖြစ်သွားတာ စိတ္တာနုပဿနာခေါ်တယ်၊ မှတ်ထား၊ ခင်ဗျားတို့ ပြန်ကြ မှာ၊ အကုန်လုံးပြန်မှာ ဘုန်းကြီးတို့လဲပြန်မှာ ဘုရင်တွေ လဲ ပြန်မှာဘဲ ဦးပဏ္ဍိတလဲပြန်မယ်၊ ကိုယ် ပြန်မဲ့လမ်း ကို သိရမယ်၊ ကိုယ်ဘယ်ကလာတာကိုလဲ သိရမယ်၊ ငါအတိတ်က ဘာတွေနဲ့လာသလဲ။ ငါ ကမ္မဝဋ်၊ ကံ တွေရဲ့အကြောင်းနဲ့ အစွဲဉပါဒါန်တွေနဲ့ ငါဝိညာဉ်နဲ့ ဒီဘဝရောက်လာပြန်ပြီ။ ဝိဉာဏ်သိရှိတယ်၊ ပညာ သိတွေရှိတယ်၊ လေးမျိုးလောက်ရှိတယ်၊ မပြောတတ်လို့ ကိုယ်ကတော့သိတယ်။

အဲဒီ ဥပါဒါန်ကြီးကို ကြောက်လွန်းလွန်းလို့ ဒါန နဲ့ ဆေးကြောတယ်၊ သီလနဲ့ ဆေးကြောတယ်၊ အမျိုးမျိုး နဲ့ ဆေးကြောနေရတယ်။ အဲဒါပြတ်လားဆိုတော့လဲ မပြတ်ဘူး၊ ခဏလေးဘဲ စိတ်ကလေးငြိမ်မယ်၊ တော် ကြာ ပြန်ပေါ်လာရော၊ တော်ကြာ သမီးအာရုံ၊ သား အာရုံတို့၊ အလုပ်အာရုံတို့ ကိလေသာဝဋ်၊ ကမ္မဝဋ် တွေက လာလာခေါ်နေတယ်၊ အဲဒါလုံးဝမပေါ်ရအောင် မှန်သားလိုဖြစ်နေရမယ်၊ မှန်သားလို ပကတိဖြစ်နေမှ စိတ်၊ စေတသိတ်သေပြီဗျို့။ အဲဒီတော့ ရုပ်မှာရှိတဲ့ တဏှာကိုပြန်သတ်၊ သုခဝေဒနာ။ ဒုက္ခဝေဒနာကိုလဲ သိရမယ်၊ ဒုက္ခဝေဒနာကိုလဲ သိရမယ်၊ သုခဝေဒနာနဲ့ ဒုက္ခဝေဒနာ အလယ်ကသွား၊ အဲဒါသီလ ချုပ်တာဘဲ ဗျို့၊ ချုပ်ပြီ၊ ပညတ်သီလနဲ့ ပရမတ်သီလ ချုပ်တော့ လွတ်တာပေါ့ဗျာ။

ဒါတွေကို ကျင့်ကြ၊ ကြံကြ အားထုတ်ကြ ဒီ သာသနာ ၂၅၀၀ ကျော်သွားပြီ။ သာသနာရှိရင် ရဟန္တာ ရှိတယ်။ မြေလျှောက်ရဟန္တာတွေရှိတယ်။ မရှိဘူး၊ ပြောလို့မရဘူး၊ ရှိတယ်။ သမုတိသစ္စာ၊ အရိယ သစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာ သစ္စာ အရိယာထသစ္စာ ဘာတွေ အာရုံတွေပါယ်သလဲ။

သမုတိသစ္စာက ကာယကံနဲ့ ဝစီကံကို ထိန်းထားတယ်။ မနောကံ သူမထိန်းနိုင်ဘူး၊ အရိယာထ သစ္စာက အာရုံနဲ့ မနော ထိန်းနိုင်တယ်။ အာသွက္ခဉာဏ် ရသွားပြီ။ အဲဒါ မြေလှောက်ရဟန္တာတွေခေါ်တယ်။ ဒီလို ဘုန်းကြီးမျိုး လှူရင် ခင်ဗျားတို့ ဘာဖြစ်မလဲ။ ခင်ဗျားကလဲ စေတနာ ပုပ္ပ မှုံစ ပရစေတနာ၊ စေတနာကလဲ မှန်ရမယ်၊ ပကာ သနစေတနာ၊ ဘယာစေတနာ မပြောဘူး၊ အဓိပတိ စေတနာ မရှိနဲ့အုံး၊ အုတ်ကလေး ကောက်လှူလိုက်၊ စေတနာက မှန်နေပြီ၊ အုတ်ကလေးက ပညတ်ဝတ္ထု ခေါ်တယ်၊ စေတနာစစ် စေတနာမှန်ဖို့လိုတယ်။ အဲဒီ စေတနာကို ဘုရားကဟောသွားတာ အလှူခံကလဲ ဓမ္မစစ်ရမယ်၊ ကုသလံနံ ဓမ္မာနံ ဟောတု ပစ္စယော ဝေဒနိယဒိဋ္ဌ လက်ငင်း မျက်မှောက်အကျိုးပေးမယ်။

အကျိုးမျှော်လို့ လှူတာမဟုတ်ဘူး၊ ပစ္စုပ္ပန်တည့် တည့် ယုံယုံကြည်ကြည်နဲ့ သဒ္ဓါနဲ့လှူလိုက်တယ်။ စေတနာခေါ်တယ်။ အဲဒါမျိုး ခင်ဗျားတို့လှူ၊ အဲဒီလို လှူတတ်ဖို့လိုတယ်။ ခင်ဗျားတို့ပေါ် မူတည်တယ်၊ ဒီဘဝပြန်ကြမှာ ဦးပဏ္ဍိတလဲပြန်မယ်၊ ခင်ဗျားတို့လဲ ပြန်မယ်။ အပါယ်လေးပါးပိတ်ချင်ရင် ခင်ဗျား ကောင်း ပြီပေါ့ဗျ၊ နတ်ပြည်ပေါ့၊ အပါယ်လေးပါးပိတ်တယ်

ဆိုထဲက အင်မတန်ထူးတဲ့ပုဂ္ဂိုလ်ဘဲ တဏှာတော့ မပါယ်နိုင်ဘူး၊ နတ်ပြည်တော့တတ်ပြီ၊ နတ်ရဲ့ သက်တမ်းကုန်ဆုံးရင် အထက်သွားမှာ၊ ဘာဖြစ်လို့ ခင်ဗျား အလှူက ဓမ္မကိုလှူထားလို့၊ အထက်သွားမှာ၊ ဒါကြောင့်မလို ခင်ဗျားတို့ရဲ့ အဝိဇ္ဇာကို သီလနဲ့ သီလစစ် ဆေးကြောပါ။ ဒါနစစ် ဒါနမှန်နဲ့ ဆေးကြောပါ။ ဘာဝနာစစ် ဘာဝနာမှန်နဲ့ ပွားများပါ။ စိတ်ကလေးကို ပြောတာ၊ စိတ်ဆိုတာ ပညတ်နယ်ထဲမှာ ခေါ်သမုဒ်ထားတာ၊ ပရမတ်နယ်ထဲမှာ ဓမ္မနယ်ထဲမှာ စိတ်မဟုတ်တော့ဘူး၊ စိတ်မရှိတော့ဘူး၊ ဝိညာဉ်ရဲ့ အသိလေး၊ သဘောပဲ၊ သဘောပဲနော။

ပညတ်နယ်ထဲမှာ၊ မြင်စိတ်၊ ကြားစိတ်၊ ဟိုမှာက ရုပ်နာမ်လွတ်သွားတဲ့ နေရာကြီး နာမ်ရဲ့ ဥပါဒါန်လဲပြတ်၊ ရုပ်ဥပါဒါန်လဲပြတ်တော့ ပြီးပြီပေါ့။ အဲဒါ အသိ[illegible]ပြားတွေဘဲ ဒါကံပြတ်သွားပြီ၊ အဲဒါလေးတွေကို ခင်ဗျားတို့ ကျင့်ကြံကြ ဦးပဏ္ဍိတက ဒါအဲဒီလောက်ဘဲ အသိတရား ပြောပြတာပါဗျာ၊ အမှန်ကတော့ ကံကိုဖြတ်တဲ့တရား၊ ဥပါဒါန်ကံ ဘာဖြစ်လိုလဲ့၊ သမီးလေး လင်နောက်လိုက်သွားလဲ ရင်ပူတာပဲ၊ ဖအေက တခါထဲ တောက်ခေါက်တာဘဲ ခင်ဗျား။ သီလတွေပျက်တာဘဲ၊

အပြင်အာရုံကိုယူလို့ အတွင်းသီလပျက်တယ်။ အဲဒါ သံသရာလဲတဲ့တရားတွေဘဲ၊ သြော်-အေး-သြော် အေး-အေး-အေး သြော် ငါသည်းခံမယ်၊ သြော် အေး သြော် အေး-အေး-အေး အပြင်မှာ စင်ကြယ်ရင် ခန္ဓာမှာစင်ကြယ်တယ်၊ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာ စင်ကြယ်တယ်။ စိတ်ကလေးကို ထိန်းထားပါ။ စေတနာထား။

ရပ်ကွက်မှာနေတယ်။ ကိုယ့်ရဲ့လူကြီးမင်းများ ခိုင်းတယ်၊ စေတနာလေးနဲ့လုပ်ပေးပါ။ ကျွန်တော် လုပ်ပေးပါမယ်ဗျာ၊ ကျွန်တော့်ခိုင်းပါဗျာ၊ အဲဒီလူက အသက်ရှည်တယ်ဗျ၊ ဘာဖြစ်လို့ အတွင်းသီလက ကောင်းနေတာကိုဗျ၊ ဆင်းရဲတာတောင် တပြောင်ပြောင် ဘဲ၊ ရှေးဘုန်းရှေးကံမပါပေမဲ့၊ ပစ္စုပ္ပန်ရဲ့ စေတနာ ကောင်းတဲ့အတွက်ကြောင့် သူမှာ ကျန်းမာရေးလာဒ်၊ စီးပွားရေးလာဒ်၊ အပါယ်ပိတ်တယ်။ သူ့စိတ်ကို သူထိန်း သွားတာ။ ဘယ်သူကပြောပြော သူသည်းခံတယ်။ ရုပ် ဆင်းရဲပါစေ၊ စိတ်မဆင်းရဲပါစေနဲ့။ စိတ်ဆင်းရဲတယ် ဆိုတာ သွားစွဲလို့ဆင်းရဲတာ။ လောဘတွေ ဒေါသတွေ မောဟတွေ၊ မောဟ၊ တဏှာ၊ မာန၊ ဒိဋ္ဌိ ဖြစ်ကုန်ပြီ၊ အပြင်မှာစင်ကြယ်မယ်။ အတွင်းမှာလဲ စေတနာကောင်း

မယ်ဆိုရင် အင်မတန်မှ ထူးမြတ်တဲ့ ပုဂ္ဂိုလ်ပါဘဲ။

ခန္ဓာငါးပါး၊ ရုပ်နာမ် နှစ်ပါး၊ ခန္ဓာငါးပါးမှာ ထုံးလိုမွေ့၊ ရေလိုနှောက်မှ ရုပ်နာမ်ကိုသိတာ၊ ရုပ်နာမ် သိချင်လို့ ခန္ဓာငါးပါးနဲ့ရင်းရှာတာ အလုပ်ကြတော့ မလုပ်ဘူးဗျာ၊ ခင်ဗျားတို့ လောဘစိတ်တွေ ဒေါသစိတ် တွေ မောဟစိတ်တွေဖြစ်ကြရင် လမိုင်းရှိတယ်။ ကုန်း လမိုင်း၊ ရေလမိုင်း၊ အာကာသလမိုင်းတို့ ရှိတယ်။ လမိုင်းဆိုတာ အင်မတန် အစွဲကြီးတာတွေ။

ဘာဖြစ်ဖြစ် သည်းခံရမယ်။ ကိုယ့်ထက်ကြီးတဲ့သူ ရှိသေရမယ်၊ ကိုယ်နဲ့တန်းတူကို ကြင်နာရမယ်။ ကိုယ့် အောက်ကသူကို သနားရမယ်။ ကိုယ်ကျင့်တရား ထား ရမယ်။ ဗြဟ္မာစိုရ်စိုတရားထားရမယ်။ သံဝေဂတရား ထား ရမယ်၊ ကိုယ့်ကိုကိုယ် မာန်၊ ရာဇမာန်၊ ပစ္စည်းမာန်၊ ဓနမာန်၊ ဥစ္စာမာန်၊ ဗလမာန်၊ ငါမာန်၊ စာမာန်၊ မစွဲနဲ့တဲ့၊ မာန်ကိုပြောတာ၊ မာန် ဘာကြောင့်ဖြစ်တာလဲ၊ တဏှာ ကြောင့်ဖြစ်တာ၊ တဏှာနဲ့မာန်ဟာ ဘာကြောင့်ဖြစ်လဲ၊ ဝိပဿနာ မကျင့်တော့။ ဒိဋ္ဌိကိုသိသွားပြီး သမ္မာဒိဋ္ဌိနဲ့ သမ္မာသကံပွ ပြောင်းလိုက်တာ၊ သူမသိလိုက်ဘူး၊ ဒိဋ္ဌိ အကြောင်းသိသွားပြီး၊ ဒိဋ္ဌိကို သဘောပေါက်သွားပြီ၊ ပြီးသွားပြီ၊ တဏှာ၊ မာနဆိုတာ မနောကံဖြစ်တာ၊

အာရုံနဲ့မနော၊ အာရုံနဲ့မနောပေါင်းရင် စိတ်စေတသိတ် ဖြစ်ကုန်ရော၊ မနောလိုတဲ့စိတ်၊ ကိုက္ကုစ္စစိတ်၊ ဗျာပါဒစိတ်၊ တွေ အတွင်းမှာ ဖြစ်နေတယ်။ ဒါတွေပယ်နိုင်အောင်၊ ဝိပဿနာကျင့်၊ တရားထိုင်၊ ဒီလောက်ဆိုပြီးရော ပေါ့ဗျာ။

❖ ❖ ❖ ❖ ❖

## ၂၇–၁၀– ၂၀၀၂ ရက်နေ့တွင် ပုဇွန်တောင်မြို့နယ်၊ ရွှေဘုန်းပွင့်ဘုရားတွင် ဝိသုဒ္ဓိဆရာတော်ဘုရားကြီး ဦးပဏ္ဍိတ ဟောကြားတော်မူခဲ့သော တရားတော်

ဦးပဥ္စင်းက စာပေကျမ်းဂန်မတတ်တော့ ငယ်စဉ်တောင်ကျေးက မသင်ခဲ့ရပါဘူး၊ တောမှာနေတဲ့လူတစ်ယောက်၊ အမိအဖများက သူများလယ်တွေ ခွက်ကောက်လုပ်စားရတဲ့ ပုဂ္ဂိုလ်တွေကမွေးဖွားတဲ့ မြမောင်ပါ။ အဲဒီတော့ ဦးပဥ္စင်းရဲ့ အသိလေးတော့ ပြောပြမယ်။ အားလုံးရှိကြတဲ့ ဆရာတော်ကြီးတွေ၊ သမားတော်ကြီး၊ သံဃာတော်အရှင်သူမြတ်တွေ၊ ကိုရင်လေးတွေက စပြီးတော့ တောင်းပန်ပါတယ်။ ဒကာကြီးတွေ၊ ဒကာမကြီးတွေ၊ ဒကာလေးတွေ၊ ဒကာမလေးတွေ၊ တရားနာကြတဲ့ ပုဂ္ဂိုလ်များ၊ ဦးပဥ္စင်း ကနေပြီးတော့ ဒီအသိတရားတွေဟာ စာမတတ်တော့ ပြောမှားဆိုမှားရှိခဲ့ရင် အားလုံးတရားနာကြတဲ့ ပရိတ်သတ်များကိုလဲ ဦးပဥ္စင်းကနေပြီးတော့ ခင်ဗျားတို့ကို တောင်းပန်ပါတယ်။

ဘာဖြစ်လို့လဲဆိုတော့ အသိတရားရှိတယ်၊ ခန္ဓာသိတရားရှိတယ်၊ ပညတ်သိတရားရှိတယ်၊ ပရမတ်တရားရှိတယ်၊ ဘာကြောင့် ပြောရလဲ၊ စာမတတ်တော့ ခက်တယ်၊ ပညတ်နယ်ထဲမှာ နေရတယ်၊ ဘုရားပညတ်တယ်။ ပညတ်နဲ့ ပရမတ်ရှိတယ်၊ စာကရေးထားထယ်၊ စာအရနဲ့ ပြောတာပါ။ အတ္တရှိတယ်၊ အနတ္တရှိတယ်။ အတ္တဆိုတာ အစွဲ၊ အနတ္တဆိုတာ သဘာဝသဘောတရား ဒါလေးတွေ တစ်ခုနှင့်တစ်ခု ပြောပြပါမယ်၊ သညာ အမှတ်တရားနဲ့ ပညာတရားရှိပါတယ်၊ မှတ်တာကတော့၊ ဟောတာ-ငါးရာတန်၊ ဟောတာ-တစ်ထောင်တန် မြင့်တာ မှန်တာပေါ့။ ဒါငါးရာတန်၊ဒါတစ်ထောင်တန် ဒါအမှတ်တရားခေါ်တယ်။ အဲဒါကို ပါဠိလိုသညာလို့ခေါ်တယ်။ ပညာကတော့ အဲဒါပညာဉာဏ်ရှိတယ်။

ဂန္ထိရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဥဒပါဒိ၊ အာသဝေါ ဥဒါပါဒိ၊ ဉာဏာ ဥဒပါဒိ၊ စာရေးထားတယ်။ သဘောလေးဘဲ ဘုရားကဟောထားတယ်၊ ကံတရား၊ အစွဲဥပါဒါန် ဟောတဲ့တရားခေါ်တယ်၊ ကိုယ့်စိတ်ကိုစစ် ဒီကနေပြီးတော့ ဦးပဥ္စင်း သဘောလေးနဲ့ ပြောပြမယ်။ ဘုရားဟောအရ သဗ္ဗေအလုံးစုံသော သင်္ခါရ

အနိစ္စ၊ သဗ္ဗေအလုံးစုံသော သင်္ခါရ ဒုက္ခတဲ့ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနတ္တတဲ့၊ ဒီအနိစ္စ၊ ဒုက္ခ၊ အနတ္တ ကို ခန္ဓာမှာရှာရမဲ့တရား၊ သင်္ခါရနဲ့ နစ်မျောနေကြ တယ်ဗျို့၊ သင်္ခါရဆိုတာ မြင်လိုက်တော့ သိတယ်။ ကြားလိုက်တော့ သိတယ်။ နံလိုက်တော့ သိတယ်။ ဘဝင်က သိတာပါ။ အဲဒီအသိတွေဟာ အမှတ်နဲ့ ယူ ထားတယ်၊ သညာနဲ့ယူထားတယ်၊ အမှတ်တွေ ပညာ မဟုတ်ပါဘူး၊ အဲဒါဘာလဲဆိုတော့ အနုသယ ဘဝင်လေးတွေရှိတယ်ဗျို့၊ ဟောဒါ-ငါ့သား၊ ဟောဒါ-ငါ့သမီးပဲ၊ ဟောဒါ-ငါတိုက်ပဲ၊ ဟောဒါ-ငါ့အိမ်ပဲ၊ ဟောဒါ-ငါ့မယားပဲ၊ ဟုတ်တယ်။ အဲဒါ သညာအသိ ပညတ်ဆိုတာ ဘုရားပညတ်ထားတာ၊ ဦးပဏ္ဍိတက သဘောလေးပဲပြောတာ။

ပညတ်တရားရှိတယ်။ ပရမတ်တရားရှိတယ်။ ပရမတ်တရားက လုပ်မှသိမယ်။ သိမှပါယ်မယ်။ ပါယ်မှ မဂ်ဖိုလ်ရမယ်။ သဘောလေးဘဲနာ၊ ဒီတရား တွေဟာ သင်္ခါရ၊ အာရုံပေါ်မှာ ကျွတ်စားနေတာ အနု သယ အင်မတန်မှနုတယ်။ ဘာလဲ တဏှာ၊ တဏှာကို ပြောနေတာ၊ တဏှာကြောင့် ကံဖြစ်တာ၊ တဏှာကို မပါယ်နိုင်လို့ ကံဖြစ်နေတယ်။ ဒါတဏှာနဲ့ ကိလေသာ၊

ကိလေသာက ရုပ်တရား၊ တဏှာက နာမ်တရား၊ သဘောလေးဘဲ။ ရုပ်တရားက ဘာခေါ်လဲ ဒုက္ခသစ္စာ ဆင်းရဲခြင်း၏ အမှန်တရား စာရေးထားတယ်။ ဒုက္ခ သစ္စာ ဆင်းရဲခြင်း၏ အမှန်တရား၊ ဘာဆင်းရဲသလဲ။ သွားစွဲနေတာ။ ကိုယ်လိုချင်တာတွေ၊ ကိုယ်မပြည့်စုံ တာတွေ စွဲလန်းတာ၊ စွဲတဲ့ဟာလေးကို ကိုယ်ရလိုက်လို့ ရှိရင် စိတ်ချမ်းသာမယ်။ အဲဒါ တဏှာ၊ ကိုယ်လုပ်လိုက် တဲ့ကိစ္စ၊ မအောင်မြင်ရင် စိတ်ဆင်းရဲတယ်။ အဲဒါ တဏှာ၊ တဏှာအကြောင်းပြောတာ သဘောလေးသာ နော၊ အဲဒီတဏှာက ဘယ်ကလာလဲ၊ ကိလေသာကလာ တယ်၊ ဒုက္ခသစ္စာကို မသိတော့ သမုဒယသစ္စာကို မပါယ်နိုင်ဘူး။

မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ သိလိုက်တဲ့အကြောင်း၊ အဲဒီအကြောင်းတွေ အဲဒါကြောင့် ဘုရားက သစ္စာလို့ ဟောပါတယ်။ ဒုက္ခသစ္စာ၊ ဆင်းရဲခြင်းအမှန်၊ တရား ပါဘဲတဲ့၊ သမုဒယသစ္စာ၊ ဆင်းရဲခြင်း၏အကြောင်း၊ အမှန်တရားပါဘဲတဲ့၊ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာထသစ္စာ၊ ဒါ စာကရေးထားတယ်။ စာကမှန်၏။ ဉာဏ်ထိအောင်

သူမသိ၊ စာတွေ့ ငါတွေ့၊ အတွေ့နှစ်လီရှိတယ်။ စာတွေ့ထက် ငါတွေ့ကသာတယ်။ ဒီတရားတွေကို ကိုယ်ရဲ့ မဂ္ဂင်ရှစ်ပါး စစ်ပါ။ မဂ္ဂင်ရှစ်ပါးဆိုတာ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ မှန်တာကို ကျင့်ပါ။ မှန်တာကိုပြောပါ။ မှန်တာကို အသက်မွေး ဝမ်းကျောင်းပြုပါ။ ဒါသီလမဂ္ဂင်ဘဲ၊ ဒီသီလမဂ္ဂင်ဟာ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါးဆိုတဲ့ ဒုစရိုက်ကို သိရမယ်။

ကံတွေမဖြစ်အောင် သူများအသက်မသတ်ဘူး၊ သူများ ပစ္စည်းမခိုးဘူး၊ သူများ သားမယားမဖျက်စီးဘူး၊ အဲဒါ ကာယကံ၊ ဝစီကံ၊ မုသာဝါဒ၊ ပိသုနဝါစာ၊ ဖရုသဝါစာ၊ သမ္ဖလာပဝါစာ၊ ဒါဝစီကံ၊ ဒီကံတွေဟာ အဲဒီကံတွေဟာ ပညတ်အာရုံမှာ ဒါတွေဟာ သိရမယ်၊ တမလ္လင်ခွေနေပြီး တရားထိုင်တယ်။ မနောကံ၊ ဗျာပါဒ အဘိဇ္ဈာ၊ ဒိဋ္ဌိ၊ ဗျာပါဒဆိုတာ၊ သားအတွက်နဲ့ စိုးရိမ် သောက ပရိဒေဝ၊ ဗျာပါဒပူတယ် မနော။ ယခုကြား လိုက်တယ်။ နင်သား ရေနစ်သေပြီဆိုရင် မအေက ဒီအစွဲဥပါဒါန်ကြောင့် သံသရာလည်တာပဲ။ ဒီအစွဲကို မဖြတ်နိုင်ဘူး၊ အဲဒီအစွဲဟာ ကိုယ်ဟာကိုကြည့်၊ သား လေး ရေနစ်တယ်၊ သမီးလေး လင်နောက်လိုက်တယ်။

တိုက်ကြီးပြိုတယ်၊ ကားမှောက်လို့။ ဟာ အဲဒီ သတင်း ကြားလိုက်လို့ ရင်နာတာဘဲဗျို့။ ဒါဥပါဒါန် တရားတွေ သံသရာလည်တဲ့တရားတွေ သံသရာဘယ် ကစလဲ။ ခန္ဓာကစတယ်။ သံသရာဘယ်ကပြတ်သလဲ။ ခန္ဓာက စလို့ပြတ်တယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်။ ခန္ဓာ ဆုံးတယ်။ သီလမှာချုပ်တယ်။ သဘောလေး ဒါ စာနဲ့ရေးတာ ဒီကခန္ဓာက တကယ်ရလို့ စာနဲ့စိတ်နဲ့ တထပ်တည်းဖြစ်တာ အရိယာထသစ္စာခေါ်တယ်။ စာနဲ့ စိတ်နဲ့ တထပ်တည်းဖြစ်လို့ ခင်ဗျားတို့ကို ဖွင့်ပြောလိုက် တာ။ အဲဒါ အရိယာထသစ္စာ၊ တတ်တဲ့သူလဲတတ် တာပေါ့ဗျာ၊ မတတ်တဲ့သူလဲရှိပါတယ်။ နိဗ္ဗာန်ဟာ ဘယ်သူမဆို ကျင့်ရင်ကြံရင် အားထုတ်ရင်ရမှာဘဲ။

ကိုယ်ဟာကို သိရမယ်။ သူများသွားမမေးနဲ့၊ သဗ္ဗေ အလုံးစုံသော၊ သင်္ခါရ အနိစ္စ။ သဗ္ဗေ အလုံးစုံ သော သင်္ခါရ ဒုက္ခ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနတ္တ ဒီသင်္ခါရတရားတွေကို ရအောင်လုပ်ရမယ်။ ဘယ်လိုလုပ်မလဲ။ အဲဒီသင်္ခါရတရားကို ဧကော ဓမ္မော ဖြစ်အောင်လုပ်ရမယ်။ ဧကောဓမ္မော ဘယ်ကလာ သလဲ။ ရုပ်ပေါ် နာမ်ပေါ်ကလာတယ်။ သဘောလေး သာနာ။ ဒီသင်္ခါရတရားများကို ဖြတ်ရမယ်။ ဘာနဲ့

ဖြတ်မလဲ။ မဂ်နဲ့ ဖြတ်မယ်။ မဂ္ဂင်ရှစ်ပါးနဲ့ လက်ပိုက်ပြီး တရားထိုင်တဲ့အခါကြတော့၊ မှန်မှန်လေရှူတယ်ပေါ့ဗျာ၊ ဦးပဉ္စင်း ခပ်တိုတိုဘဲ ပြောတော့မယ်။ မိမွေးတိုင်း၊ ဖမွေးတိုင်းရှိတဲ့ လေရှူတဲ့အခါမှာ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး၊ ဘယ်ကံကို ဖြတ်မလဲ။ ဗျာပါဒနဲ့ အဘိဇ္ဈာကို ဖြတ်မယ်။ ဘယ်သူ့ကို သတ်မလဲ။ ဒိဋ္ဌိကို သတ်မယ်။ ဒိဋ္ဌိကို သတ်မှ သိမှာကိုးဗျ၊ ဒါကြောင့်မလို ဒိဋ္ဌိနဲ့တဏှာ ဘယ်သူသတ်မလဲ။ ဒိဋ္ဌိသတ်မယ်၊ ဒိဋ္ဌိသတ်မှ တဏှာကိုသိမယ်။ အဲဒါ တရားထိုင်တာဘဲဗျို့၊ ကျွဲကူးရေးပါတာဘဲ၊ ကျွဲကူးရေပါတယ်ဆိုတာဘာလဲ မနောသတ်တော့ ကာယကံ၊ ဝစီကံ၊ အာကာတွေ လုံတယ်ဗျို့။

အနှစ်သတ်ကာ သီလ၊ သမာဓိ ဆိုတာဖြစ်နေပြီ၊ ကိုယ်စိတ်ကိုယ်စစ်လိုက်၊ သီလသမာဓိဖြစ်တယ်ဆိုတာ စိတ်စေတသိတ် ငါ့မှာ ခေါင်းပါးသွားပြီကွတဲ့၊ မြင်စိတ်၊ ကြားစိတ်၊ နံစိတ်၊ ထိစိတ်၊ သိစိတ်၊ အဲဒီစိတ်တွေနဲ့ ဟောဒီ စေတသိတ်နဲ့ မပေါင်းတော့ဘူး၊ စေတသိတ် မဖြစ်ဘူး၊ မဖြစ်တော့ စိတ်ကလေးက တည်လာပြီး အဲဒီစိတ်ကလေးတည်လာရင်၊ ရှု့ကွက် တက်ပြန်ပြီ။ ဘာရှု့လဲ ရုပ်ရှု့တယ်။ အဲဒီရုပ်မှာ တဏှာ

ရှိတယ်ကွ။ ဟိုနှစ်ကောင်တော့ သေပြီကွ၊ ငါကျင့်ထားတာ နှစ်ပေါင်းနှစ်ဆယ်ကျော်တယ်။ ဘုရားကျင့်တာက ခြောက်နှစ်လောက်ကျင့်ရပါတယ်။ ငါကတော့ နှစ်ပေါင်းနှစ်ဆယ်လောက်ကျင့်တယ်။ ကျင့်ရင်ဉာဏ်ရသလားတဲ့၊ ကျင့်ရင်တော့ မရသေးပါဘူးတဲ့၊ သဘောလေးဘဲပြောတာ၊ တဖြည်းဖြည်းတက်သွားတယ်၊ တဖြည်းဖြည်း ဂန္ထိရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဉပပါဒီ၊ အာသဝေါဉဒပါဒီ၊ ဉာဏာဉဒပါဒိလို့ ရေးထားတယ်။ ကျင့်တဲ့အခါကြတော့၊ ဒီနေ့ကျင့် ဒီနေ့ရသလား၊ ငါကိုယ်ငါပြောမယ်။ မရနိုင်သေးဘူးတဲ့၊ ရက်ပေါင်းနှစ်ဆယ်ကျော်လောက်မှ အသိလေးသိတာပါကွာ၊ ဒီအသိလေး သိလို့လာဟောတာပါ။

ကံတရားရှိတယ်။ ဉာဏ်တရားရှိတယ်၊ ဈာန်တရားရှိတယ်။ ကံတရားဆိုတာ သွားစွဲတာ။ ကိုယ်ပြုလုပ်တဲ့ကံ၊ ကိုယ်မပြုလုပ်တဲ့ ကံရှိတယ်။ သေချာလေးနာ၊ ကိုယ်မပြုလုပ်တဲ့ကံက ကာယကံ၊ ဝစီကံက မပြုလုပ်ပါဘူး၊ သူများအသက်လဲ မသတ်ပါဘူး၊ သူများပစ္စည်းလဲ မခိုးပါဘူး၊ ဒါဝိနည်းနဲ့ သွားတဲ့လိုင်းဘဲ၊ အဘိဓမ္မာလိုင်းကတော့ နှလုံးသားရဲ့စိတ်ကို စစ်ပြီမျိုး။ ကိုယ်မပြုလုပ်တဲ့ကံဟာ အာရုံကြောင့် သင်္ခါရတွေ

ဖြစ်နေတယ်။ ကာယကံ၊ ဝစီကံ။ မနောကံ၊ ဒီဘဝင်ကို အရင်သတ်တယ်။ အဲဒီတော့ သတ်တဲ့အခါမှာ ဒုက္ခသစ္စာ ဆင်းရဲခြင်း၏ အမှန်တရား ဘာဆင်းရဲနေလဲ၊ ရုပ်ကြောင့် နာမ် ဆင်းရဲနေတယ်။ ရုပ်ကဖောက်ပြန်တယ်။ နာမ်ကခံစားတယ်။ အကြောင်းနဲ့ အကျိုးဘဲ၊ အဲဒါကိုသတ်တာ၊ အဲဒါ တဏှာဘဲ၊ ဝေဒနာနဲ့တဏှာ အဲဒီနေရာမှာ ရှိတယ်။ အဲဒါ ရှု့ကွက်တွေဘဲ။

ဝေဒနာမှာ သညာနဲ့သွားမလား။ ပညာနဲ့ သွားမလား၊ အတ္တနဲ့ သွားမလား၊ အနတ္တနဲ့ သွားမလား၊ သင်္ခါရနဲ့ သွားမလား၊ ကောဓမ္မောနဲ့ သွားမလား။ ဒါခင်ပျားတို့အပေါ်မှာ မူတည်တယ်။ စာတော့ မဘတ်ဘူး၊ ဝေဒနာတွေပေါ်လာပြီ သညာနဲ့ယူမလား၊ ပညာနဲ့ ယူမလား၊ အတ္တအစွဲနဲ့ ယူမလား၊ အနတ္တနဲ့ ယူမလား၊ သဘာဝ သဘောတရား သိလာလိမ့်မယ်။ ပညတ်နဲ့ ပရမတ်ကို သိလာလိမ့်မယ်။ အတ္တနဲ့ အနတ္တကိုလဲ သိလာလိမ့်မယ်၊ ဒီနေရာမှာ အရေးကြီးတယ်၊ ခန္ဓာက နေပြီးတော့ ကျင့်ကြံရရှိတဲ့ ခန္ဓာသိကို ပြောပါတယ်။ ခန္ဓာမှရှိတဲ့ ကိလေသာ၊ တဏှာကို သိသွားပြီ၊ ကိလေသာက ဘာလဲ ရုပ်တရား၊ တဏှာက နာမ်တရား၊ အဲဒါ ရုပ်နာမ်သိတာ ဝိဇ္ဇာဉာဏ်ခေါ်တယ်။ အဲဒါမှ ဝိဇ္ဇာဉာဏ်

အစစ်၊ ရုပ်နာမ် မသိတာ အဝိဇ္ဇာ၊ အဲဒါ စာက ရေးထား တယ်။ ဟာ မိုးကျော့ခိုင်းတဲ့သူ အများကြီးဘဲ။ ကျင့် ကြပါ။ ကြံ့ကြပါ။ အားထုတ်ကြပါ။ ဟောဒါ-ငါ့သား၊ ဟောဒါ-ငါ့သမီး၊ ဟောဒါ-ငါ့မိန်းမ၊ အဲဒီ အယူတွေဟာ ငါလို့ ယူထားတယ်။ အမှတ်က မှား တယ်။ အယူကလဲ မှားတယ်။ အစွဲကလဲ မှားတယ်၊ ဟာကြည့်စမ်း-ခင်ဗျားတို့ ဒါသစ္စာနဲ့ဟောတာ၊ ဒါက အရိယာတ သစ္စာနဲ့ ပြောနေတာ။ သမုတိသစ္စာမဟုတ် ဘူး။

သမုတိသစ္စာ ဒီမှာတင်ရပ်ထားတယ်။ အရိယာထ သစ္စာ ရောက်သွားတော့၊ ကာယာနုပဿနာ။ ဝေဒနာ နုပဿနာ၊ စိတ္တာနုပဿနာကို ဂဏာကျေအောင် ကျင့် ပြီးပြီ၊ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တ သတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန် ကျင့်ပြီးပြီ၊ သိသွားပြီ။ သွေးသားပြောင်းတယ်၊ စိတ်ပြောင်းတယ်။ ဒါကြောင့် ခင်ဗျားတို့ လျှုတတ်ဖို့လိုတယ်။ ဟောဒီအဝတ်ဝတ်တာ ရဟန်းဘဲ၊ ရဟန်းရှိတယ်၊ သံဃာရှိတယ်၊ သံဃာနဲ့ ရဟန်း ရောနေတယ်၊ အဲဒါခွဲတတ်ဖို့က ခင်ဗျားတို့ အပေါ်မှာ မူတည်တယ်။ စာကရေးထားတယ်။ ရဟန်းနဲ့ သံဃာတဲ့ အဲဒါ စာအရနဲ့ ပြောတာ ပညတ်အနေနဲ့

ပြောတာ၊ ဒီလို ဒုက္ခ သစ္စာ ဆင်းရဲခြင်း၏ အမှန်တရား ဘာဖြစ်လို့ ဆင်းရဲလဲ။ ရုပ်အကျိုးတရားက ဖောက်ပြန်တော့ အဲဒီအကျိုးပေါ်မှာ အကြောင်းတရား၊ နာမ်လေးက ဆင်းရဲတယ်ဗျို့။ ရုပ်အကျိုး၊ နာမ်အကြောင်း၊ တစ်ခုမှလဲမဟုတ်တော့ဘူး၊ အကျိုးတရားကလဲ ဒုက္ခသစ္စာ၊ အကြောင်းတရားကလဲ သမုဒယသစ္စာ၊ ဒီဒုက္ခသစ္စာ ဘယ်ကရသလဲ ဦးပဏ္ဍိတ။ အေးကွာတဲ့။ ငါတော့ စာတော့မတတ်ဘူးကွာတဲ့၊ တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ ကံနဲ့လာခဲ့ရပါတယ်ကွာ၊ ဒီကံဟာ စွဲလန်းတဲ့ မနောကံပါကွာ၊ အာရုံတွေ မဖြတ်ခဲ့လို့ ကံတွေ ဥပါဒါန်တွေ ဖြစ်ပါတယ်ကွာ။ ဒီကံဟာ တစ်ဘဝပြီး တစ်ဘဝဖြစ်ပါတယ်။

အဲဒီတော့မှ ဒေါ်အုန်းမေနဲ့ ဦးချိုးတိုး၊ ဦးပဥ္စင်းရဲ့ ဖအေ၊ မအေဘဲ၊ အဲဒီလူနှစ်ယောက်က တစ်ယောက်နဲ့ တစ်ယောက်၊ ရူပကာယကို မြင်လိုက်တယ်ဆိုရင် ဦးချိုးတိုးကလဲ ဒေါ်အုန်းမေကို၊ ဟာချောတယ်။ လှတယ်။ အဲဒီအာရုံမှာ အမှတ်မှားပြီးတော့ သာယာတယ်ဗျာ၊ ဒေါ်အုန်းမေကလဲ ဦးချိုးတိုး ငါတကယ်လုပ်ကြွေးမယ်ဆိုပြီး၊ သညာအသိတွေနဲ့ အတ္တအသိတွေနဲ့၊ အယူမှားပြန်ရောဗျို့၊ အဲဒီနှစ်ယောက်က သူတို့

ပြုလုပ်တော့ ကိလေသာရုပ်ဖြစ်တယ်ဗျို့။ တွေးကြည့်ပါ။ ကိလေသာရုပ်ကလေးဖြစ်တဲ့ ကာလအချိန်မှာ မြမောင်ဆိုတဲ့ ဝိညာဏ်၊ ဟောဒီမှာ လာဝင်လိမ့်မယ်၊ မနုဿတ္တဘာဝေါ ဒုလ္လဘောဆိုတာ သမ္မာနဲ့ ရတာ၊ မိစ္ဆာ အယူနဲ့ ရတာမဟုတ်ဘူး၊ မိစ္ဆာအယူနဲ့ဆိုရင် ဝက်တွေ၊ ခွေးတွေ၊ ကြောင်တွေ သွားဖြစ်ကုန်လိမ့်မယ်၊ သမ္မာကံနဲ့ အဲမှာ ဝင်တာဘဲ၊ မိရိုးဖလာရဲ အယူဝါဒတွေ၊ သဘောလေးသာ ပြောလိုက်မယ်။ မအေ ဂဏှန်းမကြီး က အမေရဲ့ အမေ တဲ့တဲ့သွားပါလား။ အမေဘာလို့ ဘေးတိုက်သွားလဲ၊ သားရယ် ဒို့ရဲ့မျိုးရိုးက ဒီလိုပါဘဲ၊ ဩော်- အေး၊အေး၊အေး၊အေး။

အဲဒီတော့ ငါကလဲ စာမတတ် ပေမတတ်၊ ဘာမှလဲ မသိ၊ ယခုလောကီမှာ အားကိုးစရာလဲမရှိ၊ စာလဲ မတတ်တော့ စာလဲအားကိုးလို့မရ၊ အမျိုးတွေလဲ အားကိုးလို့မရ၊ သမီးကလဲ ကျောင်းဆရာမဖြစ်၊ အားကိုးလို့မရ၊ ဘယ်သူ့မှ အားကိုးလို့မရဘူး။ လောကီမှာ အားကိုးစရာ မရှိတော့မှ ဆရာတော် သဲအင်း၊ အမြဲလင်း၊ ဇွဲတင်း၊ တိုက်ကြီး၊ မှော်ဘီ၊ ခါးမြတောင် ကျင့်ဖြစ်သေးတာဘဲ၊ အဲဒီအသံလေးကြားလိုက်တယ်။ အဲဒါလေးကြားတာနဲ့ ဟာ-ငါတော့ ခါးမြမတိုက်ဘူး၊ ကျင့်မှာဘဲဆိုပြီး

ကျင့်တယ်၊ ကျင့်တော့ အစတုန်းက ဖဲသမားဆိုတော့ ဖဲရိုက်ဖို့လူတွေလိုက်ခေါ်ရတယ်။ မကောင်းတဲ့ ဒုစရိုက်တွေ လျှောက်လုပ်တယ်။ မကောင်းတဲ့ ဒုစရိုက်တွေလုပ်တော့၊ ဝီရိယအကျိုးလေးတော့ ထမင်းတလုပ်စားရတယ်ဗျို့၊ ဒီမကောင်းတဲ့ ကံတွေလုပ်တော့၊ မကောင်းတဲ့ တံတွေးဖြစ်ပြီးတော့ အကျိုးမပေးဘူးဗျာ၊ ကြည့်စမ်း၊ အခုသိမှ ပြောတာပါ။ အစက မသိခဲ့ပါဘူး၊ အဲဒီလိုဖြစ်လာတဲ့ လူတစ်ယောက်ပါ။

အတွေ့တွေ့ကိစ္စတွေ လောကီကိစ္စတွေဖြတ်မှဘဲဆိုပြီး တောထဲသွားကျင့်တယ်၊ တောကလဲ တောနက်ကြီးမဟုတ်ပါဘူး၊ လူသူလေးပါး ခေါင်းပါးတဲ့နေရာ၊ မြောင်းမြမြို့၊ ညောင်ပင်ကြီးကျေးရွာ၊ အဲဒီကျေးရွာအနီးက အဲဒီမှာ သွားကျင့်တာ။ သွားကျင့်တဲ့အခါကြတော့ ခပ်တိုတိုပြောကြမယ်၊ အဲဒီညောင်ပင်ကြီးရောက်တယ်။ ကရင်ရွာရောက်တော့၊ ကရင်တွေက ဦးပဋ္ဌင်းကို တွေ့ရောဗျို့။

တွေ့တော့ လူဝတ်လူစားပါ တွေ့တဲ့အခါကြတော့ ခင်ဗျား ဘယ်ကလဲတဲ့၊ ကျွန်တော်မြောင်းမြကပါ။ ခင်ဗျားနာမည် ဘယ်လိုခေါ်လဲ။ မြမောင်တဲ့၊ ဒီမှာ ဘာလာလုပ်လဲ။ တရားလာအားထုတ်တယ်။ ခင်ဗျားတို့

မြောင်းမြမှာ တရားအားထုတ်တဲ့ နေရာမရှိဘူးလား၊ ရှိပါတယ်။ ဒါပေမဲ့ သူတို့အုပ်စုက ကျကျနနထိုင်ကြတယ်။ ကျကျနနလုပ်ကြတယ်၊ ကျွန်တော်က စုတ်ပြတ်သတ်နေတာ၊ ထမင်းလဲမစားရ၊ ဘာလဲမစားရ၊ ထမင်းဖိုးလဲ မပေးနိုင်ဘူးဗျာ၊ ခင်ဗျား ထမင်းဘယ်က ရမလဲ၊ ရှိလဲစားမယ်၊ မရှိလဲမစားဘူး၊ ဟာ-ဒီလိုမပြောနဲ့လေ၊ မထူးတော့ပါဘူး၊ ကျွန်တော့်ဘဝ ကျွန်တော် ဘဲသိတယ်။ ခင်ဗျားမေးလို့သာပြောတာ မထူးဘူးတဲ့၊ အဲဒီလိုပြောရော ပြောတော့ သူက ကျွန်တော် ထမင်း ကျွေးမယ်တဲ့၊ ခင်ဗျားကျွေးလဲစားမယ်၊ အဲဒီကရင်က ပေါလူးကကျွေးတာ။ ကျင့်တာဘဲ၊ အဲကျင့်လိုက်၊ သူက ကျွေးလိုက်၊ ကိုယ်ကကျင့်လိုက်။ ထမင်းဂျိုင့်လေးနဲ့ လာပို့တယ်။ ခင်ဗျား အဲဒီဂျိုင့်ကို ထားပစ်ခဲ့ပါ။ ကျွန်တော် တရားထိုင်တဲ့ အချိန်ကာလ ဘယ်လောက် ကြာမယ်ဆိုတာ ကျွန်တော်လဲ မပြောနိုင်ဘူး။ ခင်ဗျားက စောင့်နေရမှာ။ ထားပစ်ခဲ့။ ထားရင်တဲ့ ခွေးတွေဘာတွေ စားမယ်၊ စားပါစေဗျာတဲ့။ ခါချင်တွေတက်မယ်၊ တက်ပါစေဗျာ။ အဲဒီပေါ်သာ တင်ထားလိုက် မစောင့်နဲ့တော့ ခင်ဗျားပြန်ပေတော့တဲ့။

အဲဒီလောက်ထိ သစ္စာတရားတွေ ခန္ဓာနဲ့ ရင်းရှာတယ်။ ကံတရားတွေ၊ ကံဆိုတာ အစွဲဉပါဒါန်၊ ဗျာပါဒ၊ အဘိဇ္ဈာ၊ ဒိဋ္ဌိ၊ ဒိဋ္ဌိသတ်မှ ဗျာပါဒနဲ့ အဘိဇ္ဈာကို သိရမယ်၊ စာလိုရေးထားတာ။ ဗျာပါဒဆိုတာ သားလေးသေလဲ စိတ်ဆင်းရဲတယ်။ သမီးလေးသေလဲ စိတ်ဆင်းရဲတယ်။ ဟာ–အိမ်မှာ ထမင်းမချက်ရလို့ စိတ်ဆင်းရဲတယ်။ ဒီစိတ်အကြောင်းတွေဟာ ပရိဒေဝ၊ ဒေါမနဿဆိုတဲ့ စာလိုရေးထားတာ၊ သူများ မနာလို၊ ကိုယ်အကျိုးမရှိ၊ မဂ္ဂရိယ စိတ်၊ မနာလိုတဲ့စိတ်၊ ကုက္ကုစ္စစိတ်၊ ဝန်တိုမိစ္ဆာစိတ်၊ အာရုံကြောင့် ဖြစ်နေတာ အာရုံငါးပါးကြောင့်ဖြစ်နေတာ၊ အဲဒါ ကံတရားတွေဘဲ၊ သံသရာလည်တဲ့ တရားတွေဘဲ။ သံသရာဘယ်ကစလဲ၊ ခန္ဓာက စတယ်။ သံသရာဘယ်ကစလို့ပြတ်လဲ၊ ခန္ဓာက စလို့ပြတ်တယ်။ ကျင့်လို့ပြတ်တယ်။ အဲဒါတွေကို ဦးပဥ္ဇင်းကနေပြီးတော့ ကိုယ့်ဖအေတွေ၊ ကိုယ့်မအေတွေ၊ ကိုယ့်အစ်ကိုကြီးတွေ အမုန်ကတော့ အနတ္တ၊ စိတ်တွေကအတ္တအစွဲတွေ ဖြစ်နေတယ်။ စွဲတာကတော့ အဲဒါတွေးပေတော့ဗျို့။ ပက္ကာသန သဒ္ဒါ၊ ဘယာသဒ္ဒါ၊ အဓိပတိသဒ္ဒါကတော့ သဘောပေါ့ဗျာ၊ အဓိပတိသဒ္ဒါက နှလုံးသားကနေပြီးတော့ မျက်ရည်တောင်ကျတယ်။ ဟာ

ဒီတရားတွေ တရားစစ် တရားမှန်တွေဘဲ၊ ဟာ အစစ်တွေဘဲ။

အင်မတန်ထူးတဲ့ သဒ္ဓါ၊ နှလုံးသားကဖြစ်တဲ့ သဒ္ဓါ၊ အဲဒါ နိဗ္ဗာန်သွားမယ်၊ သူ့သဒ္ဓါက၊ ဟိုက ပက္ကာသနသဒ္ဓါ၊ ဘယာသဒ္ဓါဆိုတာက သူများတွေကို ဘယာနဲ့ မကောင်းတတ်လို့သာ၊ ကျွေးလိုက်တာ၊ သားလေးတွေ၊ မြေးလေးတွေကျတော့ များများကျွေးတယ်။ တဏှာနဲ့ပတ်သက်တဲ့ သဒ္ဓါ၊ ပကာသနသဒ္ဓါ ဒီလို သဒ္ဓါမျိုးတွေရှိပါတယ်။ အဓိပတိသဒ္ဓါဆိုတာ သစ္စာတရားကို ယုံကြည်သွားပြီ၊ ဘုရားအစစ်၊ တရားအစစ်၊ သံဃာအစစ်၊ အဲဒီ သဒ္ဓါကလဲအစစ်၊ လူစစ်၊ လူမှန်၊ သဘောလေးသာနာ၊ အတွင်းကိုပြောသွားတာ၊ အတွင်းရဲ့ စေတနာရဲ့ သဒ္ဓါပြောသွားတာ။

ဘုရားရဲ့လက်မပေါ်မှာတင်တဲ့ သဲနဲ့ ဘုရားနင်းထားတဲ့မြေကြီးနဲ့ ဘယ်သူကများလဲ။ မြေကြီးကများတယ်။ လက်မပေါ်ကနည်းတယ်။ အဲဒါ ငါ့နောက်လောက်မှဘဲ၊ အောက်ကမြေကြီးကတော့ အဲဒါပေါ့ကွာ။ ငါသိသလောက်တော့ ပြောမယ်ကွာတဲ့၊ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော၊ ဘုရားဖြစ်ချင်ကို ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏။ ဟောဒီဘဝ မနုသတ္တ ဘာဝေါ၊ ဒုလ္လ

သော လူ့ဘဝမှာ ခဲယဉ်းစွာရအပ်ပေ၏။ ဟောဒီဘဝ၊ သဒ္ဓါသပ္ပတ္တိ ရတနာသုံးတန် ကံကံ၏အကျိုး ကြည်ညိုခြင်း၊ ယုံကြည်ခြင်း သဒ္ဓါကြည်ဖြူ ရှိခြင်းကိုလဲ ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏တဲ့၊ နောက် ပဗ္ဗဇ္ဇိနဘာဝေါ၊ ရသေ့ရဟန်းအဖြစ်တို့ကိုလဲ ဒုလ္လဘော ခဲယဉ်းစွာ ရအပ်ပေ၏။ သတ္တမ သာဝနံ သူတော်ကောင်းတရားစကား နာကြားရပေခြင်းလဲ ဒုလ္လဘော ခဲယဉ်းစွာ ရအပ်ပေ၏။ ဧဝံ ဒီဝသေဒီဝသေဘုရားကခြေ ဆရာတွေကဟောတာ သူ့နောက်ပါမဲ့ဟာ သူ့နောက် မပါမယ့်ဟာ ခွဲခြားပြီးတော့ ဟောတယ်။

တွေ့ဆက်ရှိတယ်၊ ချိပ်ဆက်ရှိတယ်၊ ငွင်းဆက်ရှိတယ်၊ တွေ့ဆက်ကတော့ နာတုန်းဘဲ ဟောလိုက်တယ်။ နာကြားတယ်။ ချိတ်ဆက်တွေက အသိဝင်သွားတာ၊ ပဋ္ဌာစာရီက အသိဝင်သွားတာ၊ သားသေ၊ လင်သေ၊ တိုက်တွေပြို၊ ဘာတွေပြို၊ သူခံစားချက် သူ့ရင်ထဲမှာ ဘုရားဟောလိုက်တော့မှ သွားပွင့်တာ၊ အဲဒီတော့မှ အတ္တနဲ့အနတ္တ ငါယူတာ မှားနေပါလား။ အတ္တတွေဖြစ်နေပါလား၊ ဘုရားဟောတာ အနတ္တ ဟောနေပါလား၊ အနိစ္စ ဒုက္ခ အနတ္တကို ဟောနေပါလား၊ အဲဒီတော့မှ ပဋ္ဌာစာရီက တစ်ခါထဲ နှလုံးသားမှာ အသိ

ဝင်သွားတယ်ဗျို့။ ဟိုလူတွေက ဘုရားဟောတာ ကြားတာ နာတာဘဲရှိတယ်။ ဒါကြောင့်မလို့၊ တွေ့ဆက်၊ ချိတ်ဆက်။ ဝွင်းဆက်၊ တွေ့ဆက်က ဘာလဲ။ ကြားတုန်း ဘဲ တစ်ခါထဲ အဲ-နာတာဘဲဗျို့၊ နာပြီးတော့ အိမ်ရောက် တော့ အိမ်စိတ်တွေဖြစ်၊ ကိုယ်နဲ့တွေ့ပြန်တော့ ကိုယ်စိတ် တွေဖြစ်၊ သမီးနဲ့တွေ့တော့ သမီးစိတ်တွေဖြစ်၊ သားနဲ့ တွေ့တော့ သားစိတ်တွေဖြစ်။ အလုပ်ကိုင်နဲ့ ပတ်သက် တော့ အလုပ်အကိုင် စိတ်တွေ ဖြစ်နေတာ။

အဲဒီလို သင်္ခါရတွေ ပြန်ပြီးတော့ အာရုံပေါ်မှာ ကျက်စားနေတာဘဲ ကိုယ်ရဲ့လမ်းကို ကိုယ်မှန်အောင် လျှောက်၊ ဒါနောက်ဆုံးဘဝ သီလဆိုတာ အမျိုးအစား ရှိတယ်။ သမာဓိဆိုတာ အမျိုးအစားရှိတယ်၊ ပညာဆို တာ အမျိုးအစားရှိတယ်။ ခင်ဗျားတို့အပေါ်မှာ မူတည် တယ်။ ဦးပဏ္ဍိတက စာတတ်တဲ့ ရဟန်းလဲမဟုတ်ဘူး။ အခုသင်္ကန်းချွတ်ဆို ချွတ်ပေးလိုက်ပါမယ်။ ရသွားပြီ။ သေတတ်ပြီ။ နေတတ်ပြီ။ စာတတ်ပြီ။ သူ့အဖို့က ဘယ်သူမှ မစွဲဘူး၊ သူရုပ်နာမ် မစွဲလို့၊ မင်းတို့ လုပ်ချင် တာသာ လုပ်ပေတော့ကွာ၊ ရုပ်နာမ်ကို သိပြီ၊ အစက ရုပ်နာမ်ကို မသိခဲ့ဘူး၊ အခုရုပ်နာမ်သိပြီ၊ နိဗ္ဗာန်က ရုပ်နာမ်မရှိတဲ့ နေရာခေါ်တယ်။ ဟိုဘဝ အသေချောက

မှားလာတဲဟာတွ အခု သဘောပေါက်တယ်။ (သြော်- အေးအေးအေး) (သြော်-အေးအေးအေး) ဒါကြောင့်မလို့ ဘုရား နဲ့ ရဟန်း ဘယ်သူမြတ်လဲ ဘုရားကမြတ်တယ်။ ဘုရားတော့ မရှိတော့ဘူး၊ ရဟန္တာလျှတာနဲ့ သမုတိ သံဃာ လှူတာ ဘယ်သူမြတ်လဲ။ ရဟန္တာ၊ အရိယာ သံဃာ မြတ်တယ်။ ဒါဘဲပြောလိုက်မယ်။ (၃၁)ဘုံ လွတ်တဲ့ မျိုးစေ့လာပေးတာ။ ခင်ဗျားတို့ဟာကို ယူသွား တာ မဟုတ်ဘူး။ ငါးပြားစေ့တစ်စေ့ ယူသွားတာ မဟုတ်ဘူး၊ ခင်ဗျားတို့ ရန်ကုန်မှာ ဂေါပကတွေ မေးပါ၊ စုံစမ်းပါ။ တစ်ပြားယူမသွားဘူး။ ဦးပဏ္ဍိတ သူတည်းတဲ့ တိုက်ပေါ် လာလှူတာ လက်ခံတယ်။ ထမင်းကျွေး စားတယ်။ လက်ဘက်ရည်တိုက် သောက်တယ်။ မိုက်နဲ့လည်း အော်စရာမလိုဘူး။ ဟော့ ငါရောက်ပြီလို့ အော်စရာမလိုဘူး၊ တိတ်တိတ်ကလေးလာတာ၊ ည ဘက် တိတ်တိတ်ကလေးလာတယ်။ ပြန်မှာ။ ဟောပြီး ရင် ညဘက်ပြန်မှာ။ လမ်းမှာဘာဖြစ်ဖြစ်၊ ဒီလို ပုဂ္ဂိုလ်မျိုး၊ တညတလေအိပ်ပါအုံး ဆရာတော်ရယ်။ မအိပ်ဘူးကွာတဲ့၊ ယခုငါဟောပြီးပြီလား၊ မင်းတို့ ကိစ္စတွေ ငါကျေပွန်အောင် လာအသိဟောပြပြီ၊ ငါကိစ္စ ငါလုပ်ရအုံးမယ်။ ငါပြန်မယ်၊ ဒါဟောပြီး သူပြန်တော့

မယ်။ ဒီလိုမျိုးစေ့ အစစ်အမှန်တွေ ဉာဏ်သိနဲ့သိတဲ့ အသိတွေလာဟောတာ၊ ဒါနစစ် ဒါနမှန်တွေရမယ်။ သီလစစ် သီလမှန်ကတော့ ခင်ဗျားတို့လုပ်။ သီလစစ်၊ သီလမှန်က စိတ္တဝိသုဒ္ဓိ၊ စိတ်အကြောင်းသူပြောတာ၊ စိတ္တဝိသုဒ္ဓိ သမ္မာနဲ့လုပ် တဏှာတော့ မပါယ်နိုင်သေးဘူးပေါ့ဗျာ၊ တဏှာဆိုတာပြောလိုက်မယ်၊ သာယာတာ တဏှာပေါ့၊ တဏှာပါယ်တာက အနာဂါမ်မှ ပါယ်တာ၊ သောတာပန် မပါယ်နိုင်သေးဘူး။ ယုံကြည်တဲ့ သမ္မာလေးတော့ထား။ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ မလုပ်နဲ့၊ သက္ကာယဒိဋ္ဌိ၊ ဝိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိပေါ်မှာ သမ္မာက လွှမ်းမိုးထား။ (သြော်-အေးအေးအေး)၃ ကိုယ့်ထက်ကြီးသူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုတရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုကိုယ် မာန်တွေ၊ ရာဇမာန်တွေ၊ နေမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ငါ့မာန်တွေ၊ စာမာန်တွေ၊ မစွဲပါနဲ့တဲ့၊ အဲဒါကိုယ်က မစွဲနဲ့တဲ့၊ ဒါခင်ဗျားတို့ ရှင်းရှင်းလင်းလင်း ပြောသွားတာ စွဲရင် ကံဖြစ်သွားလိမ့် မယ်။ မစွဲနဲ့ စွဲရင် တဏှာခံဘဲ၊ ငါ့နာရီလေးကွာ ပျောက်သွားတယ်ကွာ၊ ငါရေသွားချိုးတယ် ပြန်လာတော့ မတွေ့တော့ဘူး၊

တစ်ခါတဲ့ တောက်ခေါက်တာဘဲဗျို့ အဲဒါ ပစ္စည်းစွဲတော့၊ နာရီအကြောင်းကို သတ်လို့ မရဘူး၊ နာရီကြောင့် တဏှာ၊ တဏှာကြောင့် ဥပါဒါန်ဖြစ်ပြီး၊ ဥပါဒါန်ဖြစ်တော့၊ မနောသီလပျက်ပြီ။ အပြင်အကာကို သွားစွဲပြီး၊ အနှစ်သဘောကို မသိဘူး၊ သူများပါးရိုက်လဲ သည်းခံပါ။ သူများလက်သီးနဲ့ထိုးလဲ သည်းခံပါ။ ကိုယ့်စေတနာ သူ့ပေါ်မှာ စေတနာမပျက်ပါနဲ့၊ ဘယ်သူက ဖျက်ဖျက် ကိုယ့်စေတနာ မပျက်ပါနဲ့၊ စေတနာဆိုတာ နှလုံးသား၊ အဲဒီစေတနာတွေ မပျက်ပါနဲ့၊ စိတ်ကို ထိန်းထားပါ။ ရှေ့စိတ်နဲ့နောက်စိတ် သုံးပါ။ နောက်စိတ်က သတိရရင်၊ ရှေ့စိတ်မှားတာကို တောင်းပန်လိုက်ပါ။ ဒါဘဲရှိတယ်။

အပြင်မှာ စင်ကြယ်ရင် အပြင်အာရုံငါးပါး စင်ကြယ်ရင်၊ မနောစင်ကြယ်တယ်။ မနောစင်ကြယ်တာ ဘာကြောင့်လဲ။ ဉာဏ်ရလို့၊ ဉာဏ်သမားပြောလို့ စင်ကြယ်တယ်။ ကံမဟုတ်တော့ဘူး၊ သဘောလေးသာ နာ၊ ပြန်မှာ၊ ဒီဘဝနောက်ဆုံးဘဝ။ အနိစ္စရဲ့သဘော၊ ဒုက္ခရဲ့သဘော၊ အနတ္တရဲ့သဘော၊ အဝိဇ္ဇာကိုသတ်တာ၊ အဲဒီ လက်နက်သုံးတယ်။ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ရုပ်နာမ်တွေ ဖြစ်လိုက်ပျက်လိုက်ပါလား၊ အဲ-အဲဒီ အဝိဇ္ဇာကို

သတ်တာ အနိစ္စနဲ့ သတ်တယ်။ ဒုက္ခနဲ့သတ်တယ်။ အနတ္တနဲ့သတ်တယ်။ အဲဒီအဝိဇ္ဇာကနေပြီးတော့ ဝိဇ္ဇာ ဉာဏ်တွေဖြစ်ကုန်ရော။ ခင်ဗျားတို့ သတ်တတ်ဖို့လို တယ်။ ဒီကြားထဲ အပါယ်လေးဘုံ ဘယ်လောက် ကြောက်စရာကောင်းလဲ။ ဝက်တွေ သတ်လိုက်ကြတာ၊ တဖုတ်ဖုတ်ဘဲ၊ ကြည့်စမ်း-မိစ္ဆာအယူသမားတွေ ဟို ဘဝက မိစ္ဆာအယူကြောင့် ဒီဘဝမှာ ဝက်ဖြစ်တာ၊ သူလဲ တိရစ္ဆာန်ဘဲ၊ ကိုယ်လဲ လူတော့လူဘဲ၊ ဝက်မက ဝက်ကလေးတွေကိုစွဲတယ်၊ တွေးကြည့်၊ ကြက်မကြီး ကလဲ ကြက်ကလေးတွေကိုစွဲတယ်၊ တွေးကြည့်၊ ကိုယ်လဲကိုယ့်သားလေးတွေကို စွဲတယ်။ တွေးကြည့်။

အယူမမှားပါစေနဲ့၊ အမှတ်မမှားပါစေနဲ့၊ ကြက် တွေကလည်းစွဲတယ်၊ ဝက်တွေကလည်းစွဲတယ်၊ သွား မလုပ်နဲ့၊ အစွဲပြောတာ။ ကြက်မကြီးက ကြက်ကလေး တွေကို အကုန်စွဲတယ်။ တနေ့သောအခါမှာ ကျီးကန်းက ကြက်မကြီးအလစ်မှာ ကြက်ကလေးတွေကို ထိုးသွား တယ်။ ကြက်မကြီးလဲမြင်ရော ပြေးခွတ်တာ ကျီးကန်း ကို မမှီလိုက်ဘူး၊ အဲဒီကြက်မကြီး အုတ်နံရံနဲ့ ပြေး ဆောင့်တော့၊ ကြက်မကြီးသေတယ်။ ဒါဘာလဲ အစွဲ ကြောင့်၊ ဝက်တွေကလည်း စွဲတာဘဲ ကြက်တွေက

လည်း စွဲတာဘဲ၊ လူတွေကလည်း စွဲတာဘဲ၊ အာရုံမှာ မပြတ်ဘူး၊ အမှတ်မှားတွေဖြစ်နေတယ်။ ခင်ဗျားတို့ တရားထိုင်တဲ့အခါကြတော့ ဒုစရိုက်တွေ ဝီစိကိစ္စတွေ အားလုံး အကုန်သတ်ပြီ၊ ကမ္မသဝ ပယ်ပြီး၊ ဘဝါသဝ လွတ်အောင်ရုန်းမယ်၊ ကမ္မသဝ၊ ဘဝါသဝ၊ ဒိဋ္ဌိသဝ၊ ဒိဋ္ဌိကို သတ်မယ်၊ အာရုံ(၆)ပါး၊ ပါယ်မယ်၊ သိရမယ်၊ အဲဒါပါယ်တာဘဲဗျို့။

အဲဒါမှ မဟုတ်ဘဲ။ ဟာ-လက်ဘက်ရည်ဆိုင် သွား သောက်လိုက်၊ စားလိုက်၊ ပျော်ပါးလိုက်၊ အဲဒါ သေခါနီးကျတော့ မရဏ သေမင်းအလှည့်ရောက်တော့ ဟိုလူ ကယ်ပါ။ ဒီလူ ကယ်ပါ။ မရတော့ဘူး၊ ဇော သုံးတန်ကို ပြန်တာ၊ ဟာ စိတ်သာချ၊ ဘေးကလူကလဲ မကယ်နိုင်တော့ဘူး၊ ဖြစ်ပြီဗျို့။ ဇောသုံးတန်ပြန်တော့ မှ ပျံလေတဲ့ ငှက်ခါးနားမှ သိမယ်။ သေခါနီးမှ သိမယ်၊ ဦးပဏ္ဍိတက ခင်ဗျားတို့ကို သင်ပေးလိုက်တာ။

အပြင်မှာ စင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်မယ်၊ ခန္ဓာမှာ စင်ကြယ်ရင် ဉာဏ်မှာ စင်ကြယ်မယ်၊ အပြင်မှာ မစင်ကြယ်ရင် ခန္ဓာမှာ မစင်ကြယ်ဘူး၊ ခန္ဓာ မှာ မစင်ကြယ်ရင် ဉာဏ်မှာလဲ မစင်ကြယ်ဘူး၊ ကံတွေ ဖြစ်ကုန်ပြီ၊ ကံဆိုတာ သံသရာလည်တာ၊ ဟောတွေ့

လား- ကြက်မကြီး၊ သူ့သားလေးတွေ ကျီးကန်းချီသွား တော့ လိုက်ခွတ်တာ၊ ကျီးကန်းကတော့ မြန်တာပေါ့၊ အုတ်တံတိုင်းနဲ့ ကြက်မကြီး စောင့်တော့သေတာပေါ့၊ သားဓောၤ သမီးဓော၊ အစွဲတွေ၊ သမ္မနဲ့စွဲ၊ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ စာကရေးထားတယ်။ ကုန်းလမိုင်း၊ ရေလမိုင်း။ အာကာလမိုင်း၊ လမိုင်း(၃)မျိုးရှိတယ်။

အားထုတ်ပြီးနေ၊ ထမင်းလေး ဆားနဲ့စား၊ အဝတ် စားလေးလှည့်ဝတ်၊ မဟုတ်တာတွေမဝတ်နဲ့၊ မဟုတ် တာတွေမလုပ်နဲ့၊ တရားရှာရင် ကိုယ်မှာရှိတယ်၊ ခင်ဗျား တို့ သင်ပေးလိုက်မယ်။ ပိုက်ဆံကိုမဖြုန်းနဲ့ စုထား အိုစာမင်းစာရှိတယ်။ တပွေါစ ပါဋ္ဌိလိုရေးထားတယ်။ ချိုးခြံပါတဲ့၊ ဘုရားကပြောတယ်။ စိတ်ကလေး မဆင်းရဲ ပါစေနဲ့တဲ့၊ ရုပ်ဆင်းရဲပါစေ၊ ယခု ခင်ဗျားတို့ စိတ် ဆင်းရဲနေတယ်။ သားအတွက်ပူရတာ ပရိဒေဝ၊ သမီး ကြောင့် ပူရတာ ပရိဒေဝ၊ သောက၊ အဲဒါတွေ ပူနေ ရတယ်။ ကိုယ်လုပ်ချင်တဲ့အလုပ်ကို မလုပ်ရ၊ ပူရတာ သောက၊ အဲဒါ စိတ်ဆင်းရဲနေတာ၊ အဲဒါ သံသရာ လည်နေပြီ၊ အနာဂတ်လဲ မလွတ်တော့ဘူး၊ မြတ်ဘုရား က သံသရာ ဘယ်ကစလဲ၊ ခန္ဓာကစတယ်၊ အာရုံ မလွတ်လို့ ခံနေရတယ်။ အာရုံမှာ သညာက မှတ်

နေပြီ၊ ဒီသညာ ကိုယ့်ဒုက္ခပေးသွားတာ၊ ပညာကို ရအောင်ရှာ၊ မရှာတတ်ရင် ရှာတတ်တဲ့လူရဲ့ စကားကို နားထောင်။

ခင်ဗျားတို့အတွက် ဦးပဏ္ဍိတ အလှူခံပေးမယ်။ ဦးပဏ္ဍိတကတော့ ပိုက်ဆံမယူဘဲ သွားတာဘဲ။ ဒါအဲ မဂ္ဂင်ဖောင်ဆိုက်တာ၊ တက်ကြဟေ့၊ တက်ကြဟေ့၊ ခင်ဗျားတို့ရဲ့ အဝိဇ္ဇာတုံးကြီးကို ဘာနဲ့ဆေးကြောလဲ၊ သီလစစ် သီလမှန်နဲ့ ဆေးကြောပါ။ ဒါနစစ်၊ ဒါနမှန်နဲ့ ဆေးကြောပါ။ ဘာဝနာစစ်၊ ဘာဝနာမှန်နဲ့ ပွားများပါ။ လူစစ်၊လူမှန်ဖြစ်ပါစေ၊ အဲ ရဟန်းစစ်၊ရဟန်းမှန်ဖြစ်ပါစေ၊ ဒါဘဲရှိတယ်။ ကိုယ့်စိတ်ကို ကိုယ်စစ်ဖို့လိုတယ်။ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့၊ သူများအတင်းတွေ လျှောက်မပြောနဲ့ အကြောင်းသတ်တရား မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့ အကြောင်း၊ အဲဒီအကြောင်းသတ်၊ အဲဒီ အကြောင်း မသတ်တော့ ဘယ်သူက ဘာတဲ့ကွ၊ ဘယ်သူက ဘယ်လိုလုပ်တာဘဲကွ၊ ဘာတွေလုပ်တာဘဲ ကွ၊ ဒို့လဲလုပ်မယ်ကွ၊ အကြောင်းသတ်တရားနော်၊ စေတနာမှန်ဖို့လိုတယ်။ ဒီနေ့ကစ၍ ကိုယ်စိတ်ကို ကိုယ့်မဂ္ဂင်နဲ့စစ်၊ ခင်ဗျားတို့ရပြီ။

လူသတ်တဲ့ အင်္ဂုလိမာလတောင်မှ ဘုရားနဲ့တွေ့တဲ့အခါကျတော့ စိတ်ကလေးကို ပြောင်းလိုက်တယ်။ အင်္ဂုလိမာလ လူသတ်တဲ့သူတောင် တရားရသေးတယ်။ ဘာမှကြောက်စရာမလိုဘူး၊ အလုပ်လုပ်၊ ကြိုးကုတ်ပါတယ်။ အဲဒါ ဝိသုဒ္ဓိသီလခေါ်တယ်၊ အဲဒီ သီလဟာ ခင်များတို့ ဝိနည်းထက်မြတ်တယ်။ ပြောသွားပြီလေ။

ဝိနည်းဆိုတာ ပညတ်နယ်ထဲမှာ ရှောင်ထားတဲ့တရား၊ ဒါမလုပ်နဲ့၊ ဒါမလုပ်နဲ့၊ ဝိနည်း ၂၂၇သွယ်၊ ရှောင်ထားတယ်။ ခင်ဗျားတို့သတ်တာ ကာယကံ၊ ဝစီကံ၊ မနောကံ သတ်တော့ ရေတောင်မသောက်တော့ဘူး၊ ဆေးလိပ်တောင် မသောက်တော့ဘူး၊ ပါးစပ်က လုံနေပြီ၊ ကာယလဲလုံနေပြီ၊ မနောကလဲလုံနေပြီ၊ အဲဒါ ဝိနည်းထက် ကောင်းတယ်၊ အဲဒါမဂ်သီလခေါ်တယ်၊ မဂ္ဂင်ရှစ်ပါး သီလ၊ အဲဒီသီလကဉာဏ်မပေါက်တောင်မှ အပါယ်လေးတံခါးပိတ်ပြီ၊ ခင်ဗျားမပူနဲ့ ဉာဏ်မရတာတောင်မှ အပါယ်လေးပါးပိတ်တယ်၊ မကောင်းတာတွေ လုပ်တာ မဟုတ်ဘူး၊ သဒ္ဓါဗိုလ်တွေ၊ ဝီရိယဗိုလ်တွေ၊ သီလဗိုလ်တွေ၊ သမာဓိဗိုလ်တွေ၊ ပညာဗိုလ်တွေ၊ ဗိုလ်တွေနဲ့ တက်သွားတာ၊

ဘာတွေလုပ်တာလဲ၊ သစ်တစ်အောက် ဝါးတစ်ပင် အောက် ကျင့်တယ်။ စိတ်နဲ့ စေတသိတ်သေပြီလား၊ တွေးစိတ်တွေလာသေးလား၊ မြင်စိတ်တွေ ငါယူသလား၊ ကြားစိတ်တွေ ငါယူသလား၊ အဲဒါ အာရုံတွေ ဘာမှ လဲ မယူဘူး၊ ဘာမှလဲ မတွေးဘူး၊ အဲဒါ အဓိစိတ္တဘဲ၊ ဝိသုဒ္ဓိသိတာဘဲ၊ ဝိနည်းသီလထက်မြတ်တယ်၊ ရုပ်မှာ ရှိတဲ့ တဏှာကတော့ ခင်ဗျားပေါ်မှုတည်တယ်။ အဲဒီ တဏှာသတ်၊ တဏှာဆိုတာ၊ ဒိဋ္ဌိမှာ၊ လျှာပေါ်မှာ သာယာတာ တဏှာ၊ စက္ခုမှာ သာယာတာ တဏှာ၊ နံ့သာမှာ သာယာတာ တဏှာ၊ အဲဒါ တဏှာတွေ ကိုယ်မှာ ကတ္တီပါလေးနဲ့ အိပ်ချင်တာ တဏှာ၊ တဏှာ တွေ၊ ဥပါဒါန်တရားတွေ၊ သံသရာလည်တဲ့ တရား တွေ၊ ခင်ဗျားအပါယ်ကျတယ် မပြောဘူး၊ သံသရာတော့ မလွတ်ပါဘူး၊ အပါယ်ကျတာက တစ်မျိုး၊ အပါယ် လွတ်တာကတစ်မျိုး၊ တဏှာပြတ်တာက တစ်မျိုး၊ အဲဒါ ခင်ဗျားတို့ပေါ် မှုတည်တယ်။ ဒီလောက်ဆိုပြီး ရောပေါ့ဗျာ။

❖ ❖ ❖ ❖ ❖

## ၂၀၀၂-ခုနှစ်၊
## အောက်တိုဘာလ(၂၆)ရက်နေ့၊
## တောင်ဥက္ကလာပ၊ ကျော်သူလမ်း၊
## ဓမ္မရုံတွင် ရောဝတီတိုင်း၊ မြောင်းမြမြို့၊
## ဝိသုဒ္ဓိ၊ မဟာမြိုင် ကမ္မဋ္ဌာန်းကျောင်း၊
## ဝိသုဒ္ဓိ ဆရာတော်ကြီး ဦးပဏ္ဍိတ
## ဟောကြားတော်မူခဲ့သော ခန္ဓာသိ၊
## ခန္ဓာကျင့်၊ ဓမ္မသဒ္ဓာ တရားတော်

ဦးဇင်းက မြန်မာစာ မတတ်ဘူး၊ စာမတတ်တော့ အားလုံး သံဃာတော် အရှင်မြတ်တွေ ရှင်သာမဏေ တွေအားလုံး တပည့်တော် စာမတတ်တော့ စကားပြော တဲ့အခါမှာ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါလို့ တောင်း ပန်ပါတယ်။ စာကို ပယ်တာမဟုတ်ပါဘူး၊ တပည့်တော် တောထွက်ကြီးပါ။ အသက်(၅၂)နှစ်အရွယ်မှ ဒီ ဝိပ ဿနာတရားများကို ကျင့်ကြံအားထုတ်တဲ့ ပုဂ္ဂိုလ် တစ်ယောက်ပါ။ အားလုံးရှိတဲ့ တရားနာကြတဲ့ပရိသတ် များ၊ ဒကာကြီး၊ ဒကာမကြီးတွေ၊ ဒကာလေးတွေ ဦးဇင်းက စာတော့မတတ်ပါဘူး၊ ဥပမာပြောကြမယ်

ဆိုရင် ဘုရားဟောအရ သဗ္ဗေအလုံးစုံသော သင်္ခါရ အနတ္တာ၊ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ်၊ ကိလေသာ ရုပ် ခေါ်ပါတယ်။ ဒီရုပ်တရားကြီး ခေါ်ပါတယ်။ အိုရအုံးမယ်ဗျ၊ နာရအုံးမယ်ဗျ၊ သေရအုံးမယ် ဆိုပြီး တော့ ဒီလိုသဘောလေး ပြောပြတဲ့အခါကြတော့ သြော် စိတ်ကလေးက ငါသည် အိုခြင်းတရား၊ နာခြင်းတရား၊ သေခြင်းတရား အမှန်ဘဲ။ အဲဒီတော့ ကောင်းတာလုပ် လို့ရှိရင်တော့ ကောင်းရာရောက်မှာပဲ။ စိတ်ကောင်း နှလုံးကောင်းထားရင်တော့ ကောင်းတဲ့သုဂတိ ရောက်မှာ ပဲ။ မကောင်းတဲ့ စိတ်ပုပ်တွေထားရင်တော့ မကောင်းတဲ့ လမ်းသွားမှာဘဲ၊ အခုလည်းမကောင်း နောင်လည်း မကောင်းဘူး၊ ဒါသတိလေးထား။ တရားကတော့ မှန်နေတယ်၊ တရားစစ် တရားမှန်ရှိပါတယ်။ ခန္ဓာမှာ ရှိတယ်။ စာမှာလည်းရှိတယ်။ နိဗ္ဗာန်သည် ခန္ဓာမှာ စတယ်၊ ခန္ဓာမှာ ဆုံးတယ်၊ သီလမှာ ချုပ်တယ်။

စာကရေးထားတယ်။ ဒါကြောင့်မို့လို့ စာကမှန် ၏။ ဉာဏ်မမီ ထိအောင် သူမသိ စာတွေ့ငါတွေ့ အတွေ့ နှစ်လီရှိတယ်၊ စာတွေ့ထက် ငါတွေ့ကသာတယ်။ ကံတရားပေါ့၊ ကံဆိုတာ ဘယ်ကံက သံသရာလည် သလဲတဲ့၊ ကာယကံက လည်သလား၊ ဝစီကံက လည်

သလား၊ မနောကံက လည်သလား။ ကိုယ့်စိတ်ကို ကိုယ်စစ်ပါတဲ့၊ ဘာနဲ့စစ်ရမလဲ၊ မဂ္ဂင်နဲ့ စစ်ပါ။ မဂ္ဂင်တဲ့ စစ်တဲ့အခါကြတော့ ငါမြင်တယ်၊ ငါကြားတယ်၊ ငါ့အိမ်၊ ငါ့မိန်းမ၊ ငါ့သား ဆိုတဲ့ အယူ မယူရဘူး၊ အဲဒီအယူကို မယူရင် အမှတ်လည်း မယူရဘူး။ အမှတ်လည်းမယူရင် ပညာသခ်ါရ ဥပါဒါန်ကံမဖြစ်ဘူး၊ ဝိပ္ပဿနာ တရားကို နှလုံးသွင်း လိုက်ပါ။ ဒါကြောင့်မို့လို့ ကံတရား။ ဘယ်ကံက သံသရာလည်လဲ၊ မနောကံ ကလည်တယ်၊ သံသရာ ဘယ်ကစလဲ၊ မနောကံက စပါတယ်၊ သံသရာ ဘယ်ကပြတ်လဲ မနောကံက ပြတ်ပါတယ်။ ပြတ်တာနဲ့လည်တာ ခင်ဗျားအပေါ် မူတည်တယ်။ သံသရာလည်တယ်၊ တစ်ဘဝပြီး တစ်ဘဝ၊ တစ်ဘဝပြီး တစ်ဘဝ ဖြစ်ပါတယ်။ ဥပမာ ပြောကြမယ်ဆိုရင်တဲ့ ဦးဇင်းက စာတော့မတ်ဘူးတဲ့၊ ဝေသန္တရာမင်းကြီးကို ကြည့်ပါတဲ့၊ သားသမီးတွေ လှူလိုက်တယ်။ ပုဏ္ဏား လှူလိုက်တဲ့အခါကြ၊ ပုဏ္ဏား စိတ်ညစ်တော့ ကလေးတွေကို ရိုက်တယ်။ အဲဒီလို ရိုက်တဲ့အခါမှာ ဖအေရှေ့မှာရိုက်တော့ ဖအေက အယ မှား၊ အမှတ်မှားပြီးတော့ သံလျက်ကိုဆွဲတယ်။ ဒါ ဘာလဲတဲ့ သားသမီးတွေ သွားစွဲတာ တဏှာပဲ တဏှာ

ကြောင့် ဥပါဒါန်ဖြစ်တယ်။ သီလအတွင်း သီလပျက်သွားပြီ။ ၃၁-ဘုံလွတ်မဲ့ သီလပျက်သွားပြီ။ ဝေသန္တရာခေါင်းစိုက်တယ်၊ ငါပညာလိုပါသေးသလား၊ သားသမီးတွေ ငါစွဲလမ်းတဲ့အတွက် အစွဲမှားပါပလား၊အယူမှားပါပလား၊ ဪ-ငါယူတာ အတ္တပါလား၊ ငါလုပ်တဲ့အလုပ်ဟာ အနတ္တပါလား၊ အဲဒါ ကိုယ့်စိတ်ကိုယ်စစ်

တရားဆိုတာ တရားတော့ တရားပဲဗျ၊ စစ်မှ သိမယ်၊ သိမှ ပယ်မယ်၊ ပယ်မှ မဂ်ကိုရမယ်၊ တကယ်ရတာ မလိမ်ပါဘူး၊ ဒါကြောင့်မို့လို စာမတတ်ပေမဲ့ အထင်လည်း မသေးနဲ့ အထင်လည်း မကြီးနဲ့၊ သူများမြှောက်တိုင်းလည်း မမြှောက်နဲ့ သူများ ခြောက်တိုင်းလည်း မကြောက်နဲ့၊ အလယ်ကသွား၊ အစွန်းလွတ်အောင်သွား၊ အဲဒါ ကိုယ့်ဟာကိုယ် သိလိမ်မယ်။ တစ်ချက်ခုတ်ရင် ၂-ချက်ပြတ်တယ်။ တရားအားထုတ်ကြပါတဲ့။ ဦးပဏ္ဍိတက တရားအားထုတ်တဲ့အခါကြလက်ကလေးပိုက် အကာနဲ့ အနှစ် ဒီနေရာမှာ ရွေးတော့မယ်၊ အကာ ဘာလဲ၊ အကာဆိုတာ အာရုံငါးပါး၊ အနှစ်ဆိုတာ မနော၊ ဒါကြောင့် စာကရေးထားတယ်။ ပညတ်နဲ့ ပရမတ်လို့ ခေါ်တယ်။ ပညတ်ဆိုတာ မပယ်နဲ့၊ မစွဲနဲ့၊ ပရမတ်ကိုလည်း မကွယ်နဲ့၊ ဒါစာ၊

ဒါစာနဲ့ စိတ်နဲ့သိရမယ်၊ သိမှ ထူးမြတ်တာ၊ စာကတော့ မှန်နေတယ်။ ကိုယ်စိတ်မမှန်ရင် အရိယာမခေါ်သေးဘူး၊ သမုတိသစ္စာပဲ ခေါ်အုံးမယ်။

စာကရေးထားတယ်။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာထသစ္စာ၊ ဒါစာရေးထားတယ်။ သိပ်ထူးတဲ့စာ၊ ဒီစာတွေရှိလို့ ဒီအသိ၊ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာ၊ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာ၊ ကံတရားကို ပြောသွားမယ်၊ ကံဆိုတာ ကိုယ်ပြုလုပ်တဲ့ ကံရှိသလို၊ ကိုယ်မပြုလုပ်တဲ့ ကံရှိတယ်၊ သံသရာဘယ်ကလည်သလဲ၊ ထိုင်နေတယ်၊ ဘာမှမလုပ်ဘူး၊ အဲဒီလူတစ်ယောက်က ထိုင်ပြီးတော့ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေဖြစ်လိုက်၊ နက်ဖြန်ခါ ဘာလုပ်ရမယ်၊ ဘာကိုင်ရမယ် တွေးနေပြီ၊ ဒါသဘောလေး သဘောလေး၊ သဘောလေးကို ပြောသွားတာ၊ တွေးနေတယ်၊ နက်ဖြန်ခါကြတော့ ငါ ဘာလုပ်ရပါမလဲ၊ ဘာကိုင်ရပ့်၊ အဲဒီတွေးတဲ့အတွေးက လောကီ (၃၁)ဘုံလည်တဲ့ သဘောပဲ၊ လောကုတ္တရာ မဟုတ်ပါဘူး၊ လောကီအကြောင်းတွေ အဲဒါတွေးပြီးတော့ လောဘတွေ ဖြစ်လာရင် ဒေါသတွေ ဖြစ်လာလိမ့်မယ်။ ဒါတွေကို သူတွေးနေတယ်။ အဲဒီတွေးတော

နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်လို သီလရှိနိုင်ပါမလား၊ မရှိနိုင်ဘူးလားတဲ့၊ စာမတတ်တဲ့ ရဟန်းမေးပြီ၊ ဒါက ကာယကံရှင်ပေါ်မှာ မူတည်ပါတယ်တဲ့၊ သီလပျက်တယ်၊ တပည့်တော် သဘောပေါက်ပြီ ဘုရား၊ အဲဒီ ဘုန်းကြီး ဘယ်ကလဲ၊ ရန်ကုန်မိုကုတ်က ဝိပဿနာစခန်းတွေကို နယ်တွေမှာ လိုက်ဟောတဲ့ ဆရာတော်ကြီးနဲ့ ဦးပဏ္ဍိတ မိုးကုတ်ရိပ်သာကျောင်းမှာ တွေ့ဆုံလို့ တစ်ယောက်နဲ့တစ်ယောက် စကားပြောကြတာပေါ့ဗျာ။

ဒါကြောင့်မို့လို့ ဒီမနောကံဟာ သံသရာလည်တာ သူပဲဗျို့၊ မနောကံရပ်အောင် ဘယ်လိုလုပ်ရမလဲ ခင်ဗျားတို့အပေါ် မူတည်တယ်။ စိတ်ရယ်၊ စေတသိတ်ရယ်၊ ရုပ်ရယ်၊ အဲဒီ၃-ချက်ကို မစွဲဘူးဆိုရင်တော့ ခင်ဗျား သီလာလိမ့်မယ်။ စိတ်ကနေ ဓါတ်အကြောင်း ရောက်သွားရင် ခင်ဗျားသီလာလိမ့်မယ်၊ စိတ်ဓါတ်တဲ့ ရေးထားတယ်။ ဓါတ်ဖက်ကို ကူပြီ၊ ဓါတ်ဖက်မကူး တော့ ပြောလည်းမယုံဘူးဗျ၊ လုပ်ချင်သလို လုပ်ကြတယ်။ ကိုင်ချင်သလို ကိုင်ကြတယ်၊ ဦးပဏ္ဍိတက ထုတ်တော့ မပြတတ်ဘူး၊ ဓါတ်ရှိတယ်၊ ဓမ္မဓါတ်ရှိတယ်၊ ကိလေသာဓါတ်ရှိတယ်၊ ဓါတ်ဆိုတာ၊ အဲဒါ ပေါ့ဗျာ၊ သွေး၊ သည်းခြေ၊ လေသလိပ် လို့ ခေါ်သမုတ်

တယ်၊ ဟိုဟာက ဘုရားဟောတာ၊ ပထဝီ၊ တေဇော၊ အာဝေါ၊ဝါယောတဲ့၊ဒါဘုရားကျင့်တာ၊သွေးသည်းခြေ သလိပ်က ခင်ဗျား အသက်(၅၀)ကျော်၊ ၆၀–ဆိုရင် သွေးအားနည်းတယ်၊ သည်းခြေကလည်း ကယောင် ခြောက်ခြား ဖြစ်လာပြီ၊ မကျင့်နိုင်တော့ဘူး၊ သွေးအား ကလည်း ကောင်းတယ်၊ သည်းခြေကလည်း ကောင်း တယ်၊ အဲခုနက သလိပ်တွေ ဘာတွေ ကောင်းပါတယ်။ ကျင့်ရင်သဘောပေါက်တယ်။

အရွယ်သုံးမျိုးရှိတယ်၊ ပထမအရွယ်၊ ဒုတိယ အရွယ်၊ တတိယအရွယ် ကြိုးစားပါ။ သဒ္ဓါဆိုတာ၊ ယုံကြည်တာပါ။ သဒ္ဓါကနေပြီးတော့ ဘာလုပ်မလဲ။ ဝီရိယ၊ ဝီရိယကနေပြီးတော့၊ ဘာလုပ်မလဲ၊ သူဘာဖြစ် မလဲ၊ သီလဖြစ်လာတယ်၊ အပြင်မှာ စင်ကြယ်တော့ ခန္ဓာမှာ စင်ကြယ်တယ်၊ ခန္ဓာမှာ စင်ကြယ်တော့ ဉာဏ်မှာစင်ကြယ်တယ်၊ အပြင်မှာ မစင်ကြယ်ရင် ခန္ဓာမှာ မစင်ကြယ်ဘူး၊ ခန္ဓာမှာမစင်ကြယ်ရင် ဉာဏ်မှာ မစင်ကြယ်ဘူး၊ အာရုံငါးပါးမှာ မှတ်မှားတွေ ဖြစ်နေတာ တဲ့၊ တဏှာတဲ့၊ ဘုရားကျိန်းတာ အဲဒီတဏှာပဲ ဟောဒီ ရုပ်မှာ တဏှာရှိတယ်၊ စိတ်ကလေး သာယာတာ တ ဏှာ၊ စက္ခုလေးသာယာတာ တဏှာ၊ နားသောတလေး

သာယာတာတဏှာ၊ ဇီဝါလေးသာယာတာ တဏှာ၊ ကိုယ်အသားလေးကို ကောင်းကောင်းမွန်မွန်နဲ့ စောင်လေးခြုံပြီးတော့ သာယာတာ တဏှာ၊ အဲဒါ တဏှာတွေပဲ၊ အဲဒီတဏှာတွေကို ကိုယ်ကသိရမယ်၊ ဉာဏ်ကသိရမယ်။

ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခု ဥဒပါဒိ၊ အာသဝေါ ဥဒပါဒိ၊ ဉာဏာဥဒပါဒိ၊ တကယ်ရရင် တကယ်သိတယ်၊ အေး စာကမှန်၏။ ကိုယ်ကလည်း ဉာဏ်မပေါက်၊ စာကမှန်၏။ ဉာဏ်မမီ ထိအောင် သူမသိကံမဟုတ်ဘူး၊ ကံဆိုတာ အစွဲ၊ တဏှာခေါ်တယ်၊ မကောင်းတာလည်းစွဲမယ် ကောင်းတာလည်းစွဲမယ်၊ အဲဒါ တဏှာ မကောင်းတာစွဲမယ်ဆိုတော့ ဘယ်လိုလဲ။ အဲ–စာတော့မတတ်ဘူးပေါ့ဗျာ၊ ဥပမာ နဲ့ ပြောရမှာပေါ့၊ ခင်ဗျားပိုင်တဲ့ကားတစ်စီး ရိုက်ချိုးလိုက်၊ ရိုက်ချိုးလိုက်တဲ့အခါကြတော့ ဝုန်းဒိုင်းနဲ့ ရိုက်ချိုးတော့ ကားပိုင်ရှင်က ဘာဖြစ်မလဲ။ ဒေါသဖြစ်ရမယ်။ စိတ်ဆိုးတယ်၊ ကားအကြောင်း အသတ်သတ်တော့ သီလပျက်တယ်ဗျို့၊ အဲဒါ ကားကိုစွဲတာ တဏှာခေါ်တယ်။ တဏှာကြောင့် မာန်ဒေါသတွေ ဖြစ်တယ်ဗျို့၊ အဲဒါ သီလပျက်တယ်၊ အနာဂတ်သွားမဲ့ သီလတွေ အကုန်ပျက် ပစ္စုပ္ပန်

မှာလည်း မကောင်းဘူး၊ နောင်လည်း မကောင်းဘူး၊ ဩော်-ငါ့ကားလေးလည်း မမြဲဘူး၊ ငါလည်း မမြဲဘူး၊ ကဲ-မောင်ရယ် မလုပ်ပါနဲ့၊ အဘကားလေး မလုပ်ပါနဲ့၊ ချိုချိုသာသာနဲ့ တောင်းပန်တာက သမ္မာခေါ်တယ်၊ ဒေါသကြီးနဲ့လုပ်ပြီးတော့ မင်းဘာကောင်လည်း ငါ ဘာကောင်လည်းဆိုတာ အဲဒါ သက္ကာယ အယူတွေ ငါကားဆိုတာ ယူထားလိုက်တာ ငါမြင်တယ်၊ အဲဒီလို ဟာတွေနဲ့ ကျန်ရစ်ခဲ့မှာပဲဗျို့။

ဒီဝိပဿနာတရားဟာ အလွန်သည်းခံနိုင်တဲ့ တရားပေါ့၊ စေ့တနာစစ်၊ စေတနာမှန်တွေနဲ့သွားတာ၊ ပုဂ္ဂိုလ်မရွေး လူမျိုးမရွေး ဘာသာမရွေး သူ့စေတနာ က မခွဲခြားဘူး၊ သညာအမှတ်က ဒါငါ့သား၊ ငါ့သား မဟုတ်ဘူး၊ ငါ့သားကျတော့ စေတနာကောင်းတယ်၊ သူများကျတော့ ဘယ်ှာ၊ ခင်ဗျားတို့စိတ်တွေ ခင်ဗျား တို့စစ်၊ စိတ်ကိုဟောသွားတာ အဲဒီစိတ်ကိုဟောပြီးတော့ စိတ်ကမြင်တော့ သိပြီမို့လား၊ အဲ ဘာအသိနဲ့သိလဲ၊ အမှတ်နဲ့သိတာ၊ ဟောဒါငါ့သား၊ ဟောဒါ ငါ့သမီး အဲဒီ မှတ်တဲ့သညာက ခင်ဗျား ဒုက္ခပေးသွားတာ တရား ဆိုတာ လွယ်မယောင်ယောင်နဲ့ခတ်တယ်။ တိမ် မယောင်နဲ့ နက်တယ်နော် ကြိုးစားပါ။ လူ့ဘုံမှာ

ဘုရားဖြစ်တာ။ လူ့ဘုံမှာ ရဟန္တာဖြစ်တာ၊ ဒုလ္လငါးပါး ကိုကြည့်၊ ဘုရားလက်တော်ကသဲနဲ့ ဘုရားနင်းတဲ့ ခြေဖဝါးအောက်ကသဲနဲ့ ဥပမာကြည့် အဲ သူနောက် ပါသွားတာ လက်သည်းပေါ်ကပါမယ်၊ အဲဒါ ဒုလ္လ ငါးပါး၊ ဗုဒ္ဓဘာဒေါ ဘုရားခြေကျင်တလိုက် ဒုလ္လဘော ခဲယဉ်းတာရအပ်ပေ၏။ မနုသတ္တဘာဝေါ ဒုလ္လဘော လူ့ဘဝ ခဲယဉ်းရအပ်ပေ၏။ သတ္တာ သမ္ပတ္တိ ရတနာ သုံးတန် ကံကံ၏အကျိုး ကြည်ညိုခြင်း ယုံကြည်ခြင်း သဒ္ဓါကြည်ဖြူ ဖြစ်ခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်း တာ ရအပ်ပေ၏။ ပဗ္ဗဇ္ဇိတဘာဝေါ၊ ရသေ့ရဟန်းအဖြစ် တို့ကိုလည်း ဒုလ္လဘော ခဲယဉ်းတာရ အပ်ပေသည်။ သတ္တမသာဝက သူတော်ကောင်းတရားစကား နာ ကြားရဘို့လဲ ဒုလ္လဘော ခဲယဉ်းတာ ရအပ်ပါပေ၏။ ဒုလ္လငါးပါးမှာ ဇေ၀ံဒိဝသေဒိဝသေဘုရားဟောတာ အဲဒါ ဦးဇင်းက ပြန်ပြောတာ ဦးဇင်းက ကျင့်တော့သိတယ်၊ ခင်ဗျားတို့လာပြီးတော့ သစ္စာနဲ့ ဟောတာ အရိအတ္တ သစ္စာ၊ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ ဒါတွေနဲ့ လာဟောတာ။

ကိုယ့်ဖအေလို ကိုယ့်မအေလို ကိုယ့်အစ်ကိုကြီးလို သဘောထားတယ်။ ပြန်ကြမှာ အနတ္တတရား၊ အဲဒီ

စိတ်ဓာတ် အတ္တတွေဖြစ်နေတယ်။ အစွဲတွေဖြစ်နေတယ်။ အံကြိတ်ပြီး ဒေါသတွေဖြစ်နေတယ်။ ကိုယ့်ထက်ကြီးတဲ့လူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင်နာပါ။ ကိုယ့်အောက်လူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ကိုယ်ချင်းစာတဲ့တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို မာန်တွေ ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ငါမာန်တွေ၊ စာမာန်တွေ မစွဲနဲ့ မင်းမလုပ်နဲ့မပြောဘူး။ မစွဲနဲ့တဲ့၊ စွဲရင် ဟောဒီ ဘဝ အဲဒီမာန်က သုညာတနိဗ္ဗာန်ကို မင်းမရဘူး။ မပြောပါဘူး၊ အဲဒီမာန်ပဲ ဘယ်လောက်ကြောက်ဖို့ကောင်းလဲ။ ဒီမာန်ဘာကြောင့်ဖြစ်ရသလဲ၊ တဏှာကြောင့်ဖြစ်ရတယ်။ တဏှာဘယ်မှာလဲ ကိုယ်တွင်းမှာ ကိလေသာရှိတယ်။ ကိလေသာဟာ တဏှာ၊ အတွင်းတဏှာသတ်မှ အပြင်တဏှာပြတ်မယ်။ အဲဒါ အယူမှားတယ်၊ အမှတ်မှားတယ်။ အဲဒါ အာရုံနဲ့ယူတဲ့ အယူလည်းမှားတယ်။ တွေးတောတယ်၊ အဲဒါ ဒိဋ္ဌိပေါ့ဗျာ။ အာရုံတွေ ယူတယ်၊ ဟာ ငါ့မိန်းမ၊ ငါ့သား၊ ငါ့ပစ္စည်း၊ ငါ့ဥစ္စာ ငါပိုင်တယ်။ အဲဒါဘာဖြစ်မလဲ ဒိဋ္ဌိ၊ ဒိဋ္ဌိနဲ့တဏှာ၊ အဲဒီ တဏှာဝင်မွေတော့ မာန်ဖြစ်တယ်။

လူချင်းတွေ့တော့ ဒီကောင်က အလကားကောင် ပါကွာ၊ ဟောတွေ့လား၊ တစ်ယောက်နဲ့တစ်ယောက် ဘယ်လောက်အပြစ်ကြီးသွားလဲ။ သူလုပ်လိုက်တာ ပေါ့ပေါ့ဆဆ၊ ကိုယ်ကသာ တကယ်ဖြစ်နေရင်တော့ ကြည့်စမ်း။ ဒါတွေ တစ်ယောက်နဲ့တစ်ယောက် မထေမဲ့ မြင်တွေ၊ ဒါတွေလုပ်တာ မလုပ်ပါနဲ့၊ တရားကျင့်ကြ ပါ ကြံကြပါ၊ အားထုတ်ကြပါ။ ဒီလူကြီး ဘာမှစာမ တတ်တဲ့လူ မဟုတ်ဘူး။ ခင်ဗျားတို့ စာတတ်တဲ့ သံဃာ တော်အရှင်မြတ်တွေ လာမေးပါ။ မမေးရင် ကျောင်းကို ခေါ်ပါ၊ ဦးဇင်း နက်ဖန်ခါ တစ်ညရှိသေးတယ်။ မေးပါ ပြောသွားပါ့မယ်။ စာတော့တပည့်တော်မတတ်ဘူး။ မေးပေတော့။ ၃၁ ဘုံ လွတ်တဲ့တရား၊ ၃၁ ဘုံ မလွတ် တဲ့တရား၊ ခန္ဓာမှာရှိတယ်။ ဒါကြောင့်မို့လို့ ဘုရားလျှ တာနဲ့ ရဟန်းလှူတာ ဘယ်အလှူက မြတ်လဲ။ ရဟန္တာ လှူတာ မြတ်တယ်။ ဝိနည်း ၂၂၇-သွယ် ထိန်းတဲ့ ပုဂ္ဂိုလ်နဲ့ ဝိနည်း ၂၂၇-သွယ် မထိန်းနိုင်တဲ့ ပုဂ္ဂိုလ် ဘယ်သူ့လှူတာက မြတ်သလဲ။ ဝိနည်း ၂၂၇-သွယ် ထိန်းနိုင်တဲ့ပုဂ္ဂိုလ် လှူတာက မြတ်ပါတယ်။ မထိန်း နိုင်တဲ့လူကတော့ သူ့အကြောင်းပဲ။ လှူတတ်ဖို့လိုတယ်။ ဒါတွေဟာ ၃၁-ဘုံ လွတ်တဲ့ မဂ်မျိုးစေ့လည်းပါတယ်။

၃၁-ဘုံမလွတ်တဲ့ မျိုးစေ့လည်းပါတယ်။ ခင်ဗျားတို့ပေါ် မူတည်တယ်။

ဦးပဏ္ဍိတကတော့ ရန်ကုန်မြို့မှာ တရားပွဲပေါင်း ၃၀-၄၀ ရှိတယ်။ ၃-သိန်း၊ ၂-သိန်း၊ ၁-သိန်း ရတာတွေ အကုန်ပေးပြစ်ခဲ့တယ်။ ကြည့်တောင်မကြည့်ဘူး။ သူ့ဟာသူထွက်သွားတယ်။ ဒီမှာ သူတို့ကျန်ရစ်ခဲ့တယ်။ ဒါဘာလဲ ခင်ဗျားရဲ့စေတနာ။ အဲဒီ စေတနာတွေ ခင်ဗျားယူလိုက်ပါ။ ဒီကမစွဲတော့ ဉာဏ်၊ ခင်ဗျားကစွဲတော့ ကံ၊ ကံပေမဲ့ ကုသိုလ်ကံ၊ ကုသိုလ်ကံနဲ့ ဉာဏ်နဲ့ပေါင်းမယ်၊ ကုသလာနံ ကုသလာနံ ဓမ္မာနံ ဟေတုပစ္စယော ဝေဒနိယ မျက်မှောက်အကျိုးပေးတယ်။ ဒါ ဘုရားဟောအရ၊ အဲဒါတွေကို ခင်ဗျားတို့မြင်တတ်ဖို့ လိုတယ်။ ကြားတတ်ဖို့လိုတယ်။ လုံချည်လေးကိုလှည့်တစ်နေရာတည်းမဝတ်နဲ့၊ လှည့်ဝတ်၊ ခြေပြီးသုံး၊ တပေါစ ဩ်ုးခြံ တရားကိုရှာ ကိုယ်မှာရှိတယ်။ ကိုယ်မှာရှိတဲ့ အနတ္တနဲ့အတ္တကို မြင်အောင်ထင်အောင်ကြည့်၊ ငါဘာလဲ အတ္တဆိုတာ စွဲပါလား။ စွဲရင် သံသရာလည်လိမ့်မယ်။ သံယောဇဉ်ကြိုးကို မဖြတ်သေးပါလား။

အဲဒါ ကြိုးကိုမဖြတ်သေးရင် ကာမသဝ၊ ဘဂါသဝ၊ ဒိဋ္ဌာသဝ၊ အဝိဇ္ဇာသဝ၊ လေးပါးလုံး ကိုယ်ကို

ဒုက္ခပေးနေတာ။ ပြန်ကြရမှာ၊ ဟောဟို အောက်မှာ ဆိုရင် တပုံတပင်ကြီးပဲ၊ သိတယ်၊ သိလို့လည်း လာဟောတာ။ သက်နီးချွတ်ဆိုရင်လည်း ချွတ်ပေးလိုက်မယ်။ လူဝတ်လဲသွားမယ်။ ခင်ဗျားတို့ယူတတ်ရင်တော့ ရသွားပြီ။ ပေါက်သွားပြီ၊ မလိပ်ဘူး၊ ခင်ဗျားတို့ စာမတတ်လွန်လွန်းလို့ သိရတာ။ မဂ်ရှိတယ်၊ ဖိုလ်ရှိတယ်၊ ကံရှိတယ်၊ ဈာန်ရှိတယ်၊ အဲဒါ ကြည့်သာလုပ်ကြ။ အဲဒါ တရားကိုထား၊ တစ်ချက်ခုတ် နှစ်ချက်ပြတ်တယ်။ တရားထိုင်တယ်ဆိုတာ ဦးဇင်းထိုင်ပြမယ်၊ ရှူး၊ ရှူး၊ ရှူး နည်းနည်းမောနေတယ်။ တော်တော်ကြီး မောနေတယ်။ ခရီးကပန်းတယ်၊ မြောင်းမြကလာရတာ၊ ရှူး၊ ရှူး (အသက်ပြင်းပြင်းရှူပြသည်) ဒါ ဘာဖြစ်လို့လဲဆိုတော့ လူကြမ်းကြီးတစ်ယောက် ဟော့ဒီ ပစ္စုပ္ပန်ဘုံမှာ လူကြမ်းကြီး မကောင်းတဲ့အယူတွေမှတ်၊ မကောင်းတာတွေ ထင်တာတွေလုပ်၊ ကြက်သတ်၊ ဘဲသတ်၊ ဒီလိုဟာတွေဟာ တွေးကြည့်၊ မိစ္ဆာအယူတွေ၊ တွေး စိတ်တွေ ပေါ်ပေါ်လာလို့ ဒီလိုရှုရပါတယ်။ ဒါ ဦးဇင်းရဲ့ သွားတဲ့လမ်း။ ခင်ဗျားတို့ရဲ့ ခင်ဗျားတို့သာသာ လေးလုပ်ရင်လည်း ရနိုင်တယ်။ ဒါ ဦးဇင်းရဲ့ဘဝကို ပြောတာ။ အဲဒီလုပ်သွားတဲ့အခါမှာ မနောကံ လောကီ

ကြောင်းစွဲတဲ့ ဥပါဒါန် သံသရာလည်တဲ့ကြိုးတွေ ခဏာ ရပ်စဲမယ်။ အဲဒါ သူလုပ်တာ တောထဲမှာ အဲဒါချည်း လုပ်နေတာ၊ စာလည်းမတတ်၊ ပေလည်းမတတ်၊ ကြာလာတဲ့အခါကြတော့ အဲဒီလူကြီး အဲဒါမလုပ်ခင် တုန်းကတော့ ဖဲဝိုင်းယောင်ယောင်၊ အရက်ဝိုင်းယောင် ယောင်၊ ပွဲဈေးယောင်ယောင်၊ အထွေထွေလျှောက်သွား တာပေါ့။ လစ်ရင်လည်း ခိုးမှာပဲ၊ အဲဒီလိုလူမျိုးပါ။ ဒါ မကောင်းတဲ့အစွဲတရားတွေ။ လူ့ဘဝကလုပ်လာတဲ့ ဟာတွေပါ။ မကောင်းတဲ့ကံတရားတွေကို ပြောပြပါ့ မယ်။ ကောင်းတဲ့သဘောကိုလည်း ဟောပြပါ့မယ်။ အဲဒါတွေကိုလုပ်လာတဲ့အခါကျ တစ်နေ့သောအခါမှာ သားတွေ၊ သမီးတွေ၊ မိန်းမက ဦးမြမောင် ရှင်ဒီလိုချည်း ပဲ လုပ်ရင်တော့ ရှင်က အင်မတန်ဆိုးတဲ့လူ မိန်းမက ပြောလာတယ်။ ရှင် ကျုပ်တို့လည်း တစ်ပြားမှမပေးဘူး၊ ရှင်းဆင်းမလား၊ ကျွန်မတို့ဆင်းရမလား၊ ခင်ဗျားက အရင်တုန်းကတော့ ကြည်ဖြူခဲ့တယ်။ အရင်တုန်းက ကြည်ဖြူခဲ့လို့ ကလေးလေးယောက် ရခဲ့တယ်။ အခု ခင်ဗျားက အရင်နှင်ချတယ်။ ကောင်းပါတယ်။ ဦးဇင်း ဆင်းပါမယ်။ ဆင်းသွားတယ်။ သူကလည်း နာသလို ငါကလည်းနာတာပေါ့ဗျာ။ သူအပြစ်မရှိပါဘူး။ ဦးဇင်း

အပြစ်ပါ။ ဦးဇင်းမကောင်းလို့ အိမ်ပေါ်က ဆင်းရတယ်။ ကောင်းရင် ဘယ်ဆင်းရမလဲ။ ဦးဇင်းအပြစ်။

ဆင်းသွားတော့ ဘယ်ရောက်သလဲဆိုတော့ မြောင်းမြမြို့၊ ကုန်းသာရောက်တယ်။ ကုန်းသာကနေ ဘယ်သွားသလဲဆိုတော့ ကျေးသာတောင်ရောက်၊ ကျေးသာတောင်မှာ လူတွေကလည်းစည်နေတာပဲ၊ သွားကြ၊ လာကြ၊ ထင်းခုတ်သမားတွေနဲ့ လူသူလေးပါး မတွေ့တဲ့နေရာကို ရှာအုံးမှပဲဆိုပြီးတော့ အဲဒီမှာ ဓနိဖောင်တွေရှိတယ်၊ ဓနိပင်တွေရှိတယ်၊ ရိုးရှိတယ်၊ အဲဒီကနေပြီးတော့ ဘယ်ရောက်သလဲဆိုတော့ ညောင်ပင်ကြီးရောက်တယ်။ စဉ့်ကူးနားက ညောင်ပင်ကြီး၊ အဲဒီမှာ ဘယ်သူမှမရှိဘူး၊ အချိန်ကလည်း ည ၇-နာရီကျော်သွားပြီ၊ အိမ်ကဆင်းလာတာက နံနက် ၈-နာရီလောက် ဆင်းလာတာ။ ကံကြောင့် ဒုက္ခတွေဖြစ်တယ်။ အစွဲ ဥပါဒါန်တွေ၊ စာလည်းမတတ်၊ ပေလည်းမတတ် အဲဒီလို အသိတရားကို ရှာတယပါ။ စဉ့်ကူးနားက ညောင်ပင်ကြီးရောက်တော့ ကြောက်တယ်၊ အားကြီးကြောက်တာပဲ၊ သရဲတွေ တစ္ဆေတွေ၊ ချွတ်ချွတ်၊ ချွတ်ချွတ်ဆို ဟာ ဘာတုန်း စိတ်က လန့်တာနော်။ ဒါက ကိုယ့်ရဲ့ဓာတ်ထုပ်ကို ပြောပြတာ။

အဲဒီလိုလုပ်ရင်းနဲ့ ရက်ပေါင်းကြာလာတော့ ဖဲဝိုင်းလဲ မသွားတော့ဘူး၊ အရက်ဝိုင်းလည်း မသွားတော့ဘူး၊ ဘယ်အထွေထွေလည်း မသွားတော့ဘူး၊ အဲဒီလို အပြင် အာရုံငါးပါးကိုလည်း မြင်ချင်လည်း မမြင်ချင်ဘူး။ ကြားချင်လည်း မကြားချင်ဘူး၊ အဲဒီလိုနေပြီးတော့ အတွင်းသတ်တာ၊ တွေးတောသေးသလား၊ စေသသိတ်၊ တွေးတောသလား၊ ကြံစည်သလား၊ ပြုလုပ်သလား၊ ငါ စိတ်အထမြောက်ပြီလား၊ ဘာမှမတွေးဘူး၊ မတွေး တဲ့အခါကြတော့ စာလိုဆိုရင် အဲဒါ အဓိစိတ္တတဲ့၊ အဓိ ဆိုတာ အခု စိတ်ကလေးက ငြိမ်နေပြီတဲ့ မနောစိတ် ငြိမ်နေတယ်တဲ့။ အဓိသီလဆိုတာက ဗျာပါဒရယ်၊ အဘိဇ္ဈာရယ်၊ ဒိဋ္ဌိရယ် သတ်တာ။

ဗျာပါဒဆိုတာ စွဲလမ်းတဲ့ သားစွဲ၊ သမီးစွဲ စွဲလမ်း တဲ့ ဥပါဒန်ကံတွေကို ဗျာပါဒလို့ခေါ်ပါတယ်။ အဘိဇ္ဈာ ဆိုတာ ဝန်တိုမိစ္ဆာကိုယ်ရဲ့ ဘာမှမရှိဘူး၊ သူများလာ စားလို့လဲ ကိုယ်လဲမပေးနိုင်ဘူး၊ ဝန်တိုမိစ္ဆာ ကုက္ကုစစိတ် အာရုံနဲ့မနော၊ ငါ့ကျောင်းမှာ ရဟန်းတကာတည်းမလား၊ တည်းရင် ဒီကောင်တွေ ဘယ်ကလဲ ဘာလဲ ဒီလိုစိတ် မျိုးလဲ မရှိဘူး။ ဗျာပါဒရယ် အဘိဇ္ဈာရယ် ဒိဋ္ဌိရယ်ကပ် သတ်တော့မှ အာရုံနဲ့မနော မပေါင်းဘူး၊ မတွေးဘူး၊

မကြံစည်ဘူး၊ မမှတ်ဘူး၊ သညာသင်္ခါရ၊ ဥပါဒန်အတ္တ မဖြစ်တော့ဘူး။ အနတ္တ ထိတာကရုပ်၊ သိတာကနာမ်၊ အဲဒါ တစိုက်မတ်တပ်လုပ်နေတော့ ရက်ပေါင်း၊ လပေါင်း၊ နှစ်ပေါင်း ဖြစ်လာတဲ့အခါမှာ စိတ်ကလေး ငြိမ်လာတယ်။ အဲဒီလိုလုပ်လိုက်တဲ့အခါမှာ ဘာများ ဖြစ်လဲ ဦးပဏ္ဍိတ၊ အေးကွာတဲ့ အတောင့်လဲ ငါမပြော ဘူး၊ အလုံးလည်း မပြောဘူး၊ အပြားလည်းမပြောဘူး၊ ငါကြိုးစားတဲ့အကြောင်းလေးပဲပြောမယ်ကွာတဲ့။ ဟိုတုန်းက ဖဲဝိုင်းသွားတယ်။ အရက်ဆိုင်သွားတယ်။ မကောင်းတဲ့ဒုစရိုက်တွေ ငါလုပ်တယ်။ သွားချင်ရာ သွားတယ်။ ဘုန်းကြီးမှန်းလည်းမသိ၊ အစိုးရမင်းမှန်း လည်းမသိ။ သူလိုပ်ချင်တာလုပ်တယ်။ အခု ငါ ဘာမှ မလုပ်ပါဘူးကွာတဲ့။ မကောင်းတဲ့ ဒုစရိုက်တွေ စင်ကြယ်သွားတယ်။ ဘယ်လောက် သူ့မှာထူးသွားလဲ။

ထိတာကရုပ်၊ သိတာကနာမ် အဲဒါရုပ်နာမ်။ ရုပ်နာမ် မသိတာ အဝိဇ္ဇာ၊ ရုပ်နာမ်သိတာက ဝိဇ္ဇာဉာဏ်၊ အဲဒါစာ၊ ရုပ်နာမ်တကယ်သိတဲ့ရဟန်းခေါ်တယ်။ ဒါကြောင့် ဝိဇ္ဇာဉာဏ်တဲ့၊ ရုပ်နာမ်က သိတာ အဝိဇ္ဇာတဲ့၊ ဟော စာကရေးထားတယ်။ လိမ်ရင် ဦးပဏ္ဍိတ အဝီစိ ရောက်သွားမယ်။ ခင်ဗျားတို့ မရပဲနဲ့ရတယ် လိမ်ပြော

ရင် ခင်ဗျားတို့ဆီက ပိုက်ဆံယူသွားတာလည်း မဟုတ်၊ အလှူခံပြီးတော့ အကုန်ပေးပစ်ခဲ့၊ မစွဲစါတဲ့ရဟန်း တစ်ပါး၊ မှတ်ထားအုံး၊ မစွဲဘူးတဲ့ ပေးရန်ယူတာပေါ့။ သင်္ကန်းကပ်၊ ထီးကပ်၊ ဖိနပ်ကပ်၊ ယူတာပေါ့၊ နောက်မှ ကိုယ်ကျောင်းရောက်မှ သူများတွေ လျှောက် ပေးလိုက်တယ်။ အဲဒီလို ရဟန်းမျိုး အပြင်မှာလည်း စင်ကြယ်တယ်။ အတွင်းမှာလည်း စင်ကြယ်တယ်။ ကြည့်စမ်း-ဘယ်လောက်ကောင်းတဲ့ သီလလဲလို့ သီလအုတ် ပန္နရိုက်ပြီးတက်တာ၊ စိတ်ကလေးက တည်ငြိမ်နေတဲ့အတွက်ကြောင့် စာလိုဆို သမာဓိခေါ် တယ်။ တွေးတောတဲ့စိတ် မဟုတ်တော့ဘူး၊ အဲဒါ သမာဓိ၊ စိတ်ကလေးကလည်း အာရုံပေါ်မှာ ကျက် မစားတော့ အဝိဇ္ဇာကို သီလစစ် သီလမှန်နဲ့ ဆေးကြော တယ်။ ဒါနစစ် ဒါနမှန်နဲ့ ဆေးကြောတယ်၊ ဘာဝနာစစ် ဘာဝနာနဲ့ ပွားများတယ်။ တနေ့တနေ့ ဒါပဲလုပ်နေ တယ်။

အဲဒီတောင်ကလည်း သိပ်မဝေးပါဘူး၊ ကရင်ရွာ၊ ရွာလူကြီးတွေ လာတယ်။ ခင်ဗျား ဘယ်ကလည်းတဲ့ ဦးဇင်းမေးတယ်၊ အဲဒီတုံးက အရပ်ဝတ်အရပ်စား၊ ခင်ဗျား ဘယ်ကလဲတဲ့၊ ကျွန်တော်မြောင်းမြကပါ၊

ခင်ဗျား နာမည် ဘယ်လိုခေါ်လဲ၊ မြမောင်လို့၊ ခင်ဗျား မြောင်းမြ ဘယ်နားမှာ နေသလဲတဲ့၊ မြိုင်မာလာ(၂)လမ်း၊ အိမ်အမှတ် (၉၀)ပါ၊ မြောင်းမြမှာ ခင်ဗျား ဘာလုပ်သလဲ၊ အရင်တုန်းကတော့ ရဲထဲမှာ လုပ်ပါတယ်ဗျာတဲ့။ ရဲထဲကနေပြီးတော့ နားလေးတော့၊ ဆေးပင်စင်ယူပြီးတော့ အပြင်ဘက်မှာ ရှာမွေလုပ်စားပါတယ်ဗျာ။ ခင်ဗျား အခု ဒီရွာ ဘာလာလုပ်သလဲ။ ဝိပဿနာတရားလာကျင့်တာပါ။ ဝိပဿနာတရား ခင်ဗျားတို့မြို့မှာမရှိဘူးလား၊ ရှိပါတယ်တဲ့၊ ရှိပေမဲ့ ကျွန်တော်ဟာ အင်မတန်ဆင်းရဲ နွမ်းပါးတဲ့အတွက် ထမင်းလည်း အဲဒီတော့ လိုတယ်ဗျ၊ အဝတ်အစားကလည်း စုတ်ပြတ်လန်နေရော၊ အဲဒီလူအုပ်ကြီးထဲမှာ မတင့်တယ်တာနဲ့ ကျွန်တော်ဟာ ကျွန်တော် ထွက်ပြီးတော့ တော်ရာမှာ ကျင့်ပါတယ်ဗျာတဲ့၊ ဟာ-ဒါဖြင့် ခင်ဗျား ဘယ်သူ ထမင်းကျွေးမလဲ၊ ထမင်းဘယ်သူကျွေးမလဲဆိုတော့ ကျွေးရင်လည်း ကျွေးပေါ့ဗျာ၊မကျွေးလဲ နေပေါ့ဗျာတဲ့။ ခင်ဗျား စကားဒီလို မပြောနဲ့တဲ့၊ ဟာ ဒီလိုမပြောနဲ့ဆိုတော့ ဘယ်လိုလုပ် ပြောမလဲ၊ အဲဒီတော့ မကျွေးလဲ မစားဘူးပေါ့ဗျာ၊ မထူးတော့ပါဘူးတဲ့၊ ကျွေးလည်း စားမယ်ဗျာတဲ့၊ အခုညနေစာ၊ မနက်ကလာတယ်။

ညနေစာလည်း မစားရဘူး။ ရေတောင်မသောက်ရပါဘူး။ ဒီလိုနေပါတယ်။ နောက်ရက်တွေကြ ခင်ဗျား မခက်ဘူးလား၊ ဒါတော့လည်း မမျှော်ဘူးပေါ့ဗျာ၊ အဲသူက ကျွေးတာဗျို့၊ သူက ဘဝန်းလေး ပိတ်လိုက်၊ ငါးဘတ်တွေ၊ ပုစွန်ထုပ်တွေ၊ ချက်ကျွေးလိုက်။ အမြဲတမ်းလာပြီး ထမင်းပို့တယ်။ ဒီကလည်း တရားထိုင်နေတယ်။ တရားထိုင်ပြီးရင် သူထမင်းဂျိုင့် ကပ်တယ်ပေါ့။ အဲဒီတော့ တရားထိုင်ဖျက်ပေးရတယ်။ ခင်ဗျား ချိုင့်ကို ထားပစ်ခဲ့။ ဦးဇင်းက ဘယ်လောက်ထိ ထိုင်တယ်ဆိုတာ ခင်ဗျားလဲ မသိဘူး၊ မဟုတ်ဘူးတဲ့။ ဒီပြင်အကောင်တွေ ဘယ်လောက်တက်တယ်။ ခင်ဗျား အဖုံးဖုံးထား။ ခါချဉ်တွေ ဘာတွေ စားပလေ့စေဗျာ၊ ပြီးတော့ ခင်ဗျား ငါဘတ်တွေ ပုစွန်ထုပ်တွေ လာမပို့နဲ့ ခင်ဗျားဘာလုပ်ဘဲ။ ကျုပ် ဘဝန်းပိတ်တယ်။ ဘဝန်းလည်း မပိတ်နဲ့တော့၊ ဦးဇင်းပြောတယ်။ သူလည်း ဘဝန်းမပိတ်တော့ဘူး၊ အဲဒီကရင်လည်း ကျွေးတယ်ဗျို့၊ သူကျွေးလို့စားရတာ။

ဒါဥပမာနဲ့ ပြောရမယ်ဆိုရင် စာမတတ်ဘူး၊ ရေတွင်းတစ်တွင်းမှာ ရေက ဆယ်တောင်လောက်ရှိတယ်။ ဦးဇင်းမှာက ပုံးရှိတယ်။ ခပ်တော့ဆယ် ရေတွင်း

က နက်တော့ ရေဟာ ခပ်လို့မရဘူး ဖြစ်နေတယ်။ တနေ့သောအခါမှာ အဲဒီကရင်ကြီးက ဘာလိုသလဲတဲ့၊ ဟာ-ဒကာကြီးတဲ့၊ ပေါလုတဲ့၊ ငါကြိုးလိုချင်တယ်ကွာ တဲ့၊ သူကကြိုးပေးတယ်၊ ပုံးကြိုးနဲ့ ရေတွင်းချ လိုက်တော့ ပုံထဲ ရေရောက်သွားပြီး ဆွဲတင်တယ်ဗျို့၊ အဲဒီရေအေးတာပေါ့၊ ဒီရေသောက်ရတာပေါ့၊ ကရင်က ဆွမ်းကပ်တဲ့လှူ၊ ပုံးက ခန္ဓာဝန် ဒုက္ခ၊ ခန္ဓာဝန်ဒုက္ခ အစွဲဥပါဒါန်ကတော့ ပျောက်ပြီ၊ ခန္ဓာဝန်ဒုက္ခကတော့ ရှိတာပေါ့၊ ဒီလိုအစွဲဥပါဒါန် ရှိမရှိ၊ ကိုယ်စိတ်ကိုယ်စစ် တော့ သိတာပေါ့၊ မဂ်နဲ့စစ်၊ ခင်ဗျားတို့ ဘယ်လောက် အားကျဖို့ကောင်းလဲ၊ အချိန် မဖြုန်းပါနဲ့၊ အင်မတန်မှ ကောင်းတဲ့ တိုင်းပြည်ကြီး၊ အုပ်ချုပ်တဲ့မင်း ခင်ဗျား တို့ ရှိသေပါ။ သူလည်း သူ့အလုပ်သူလုပ်တယ်။ ကိုယ်လည်း ကိုယ့်အလုပ်ကိုကိုယ်လုပ်တယ်။ သွားမရှုပ် နဲ့ပေါ့၊ ကိုယ်လမ်းကိုယ်လျှောက်ပေါ့၊ လျှောက်တတ် ဖို့လိုတယ်၊ ဘုရင်ကလည်း သူလုပ်နေတာ၊ သူလုပ်နေ တာ အကြီးအကျယ်ပဲ၊ ဟိုတိုင်းပြည်သွားလိုက်၊ ဒီတိုင်းပြည် သွားလိုက်၊ သူအမျိုးမျိုးလုပ်နေတာ၊ သူမှ ပင်ပန်းတယ်။ သိပ်သနားဖို့ကောင်းတယ်။ သူ့လက် ထက်ကြမှ ဦးပဏ္ဍိတ ဒီလိုဖြစ်တာ၊ ဂျပန်ခေတ်လည်း

မဖြစ်ဘူးဟာ၊ အင်္ဂလိပ်ခေတ်လည်း မဖြစ်ဘူး၊ အခုမှ ငတ်ပြတ်ခေါင်းပါးမှ၊ မယားက မကြည်ဖြူတော့မှ ၊ အဲဒီမှာ သူဟာသူ တရားစလုပ်တာ။ အားကိုးစရာရှိရင် တရားမလုပ်သေးပါဘူး၊ အိမ်မှာ သားလေး အကြောင်းပြပြီး၊ သမီးလေး အကြောင်းပြပြီး၊ အိမ်မှာ ကပ်ပြီးတော့၊ ကလေးထိန်းပြီးတော့နေအုံးမယ်၊ ကပ်စရာ မရှိတော့ အနတ္တကို ထားလိုက်တော့၊ အတ္တနဲ့ မှတ်မယ်နော်၊ သဘောလေးနဲ့ နာ၊ ကျင့်ကြပါ။ အကယ်၍ ဉာဏ်မရလို့ ကံမပြတ်တောင်မှ သမ္မာကံတွေ ဖြစ်တယ်။ အပ္ပါယ်လေးတံခါးပိတ်မယ်၊ ဟိုလူက ဉာဏ်ရလို့ ၃၁-ဘုံလွတ်တာ၊ သူကလွတ်ပြီ၊ ကိုယ်က မလွတ်သေးဘူး၊ ကိုယ်က အပ္ပါယ်ပိတ်တယ်၊ အချည်း အနှီး မဖြစ်ဘူး၊ စိတ်မဆင်းရဲပါစေနဲ့၊ ရုပ်ဆင်းရဲပါစေ၊ စိတ်ဆင်းရဲတယ်ဆိုတာ သွားစွဲလို့ ဆင်းရဲတာ၊ သား လေး တစ်ခုခုဖြစ်သွားရင် အမေကပူတာပဲဗျို့၊ ဆင်းရဲ တာပဲ၊ အတွင်းပူနေပြီ၊ အဲဒါ ၃၁-ဘုံလည်တဲ့ ကံ ကြောင့်တဏှာတွေဖြစ်တာ၊ တဏှာကြောင့် ကံတွေ ဖြစ်တာ၊ စားစိတ်ကလည်း တဏှာ၊ ဘုရားကြိမ်းတာ ဒီတဏှာကို ကျိန်းသွားတာ၊ ကြည့်စမ်း၊ ကိလေသာနဲ့ တဏှာ အဲဒီတဏှာက တော်တော်ခတ်တယ်ဗျ၊ အခု

ရုပ်က အသက်ကြီးလာပြီ၊ ခါးကကုန်းလာပြီ၊ နှလုံးသားတွေစိတ်တွေ၊ ကြံ့စည်တဲ့စိတ်တွေ၊ ပြုလုပ်တဲ့စိတ်တွေ၊ ပေါ်လာတယ်။ မဂ်နဲ့သတ်၊ ဘယ်လောက်ကောင်းလဲ၊ ကိုယ်က သိတာပေါ့၊ သိရင်ပယ်တယ်။ ပယ်ရင် မဂ်ဆိုက်၊ဖိုလ်ဆိုက်တယ်။ ခင်ဗျားတို့ ဒီကျင့်တဲ့ စရဏအလုပ်တရားမရှိရင် ခင်ဗျားတို့မှာ ဇဝေဇဝါဖြစ်နေတယ်။ ခင်ဗျားတို့ယူထားတဲ့ သီလမှန်ပါတယ်။ သဘောလေးပြောသွားတာ၊ သူများအသက်မသတ်ပါဘူး၊ သူများ ပစ္စည်းမခိုးပါဘူး၊ သူများ သားမယားမဖျက်စီးပါဘူး၊ သေရည်သေရက် မသောက်ပါဘူး၊ ဝိကာလ ဘောဇနာ မစားပါဘူး၊ အနစ္စ ဂီတ ဝါဒိတ၊ ဝိသုက၊ ဒဿန၊ မာလာဂဏ္ဍာ၊ ဝိသေပန၊ တီးခြင်း၊ မှုတ်ခြင်း၊ နံ့သာလိမ်းခြင်း၊ မဖွယ်မရာမလုပ်ပါဘူး၊ အဲ–အပြင်သီလ၊ ရှောင်ထားတဲ့ သီလ၊ အဲဒီဒကာမကြီးက ပိုက်ဆံသိန်းပေါင်းသန်းပေါင်းများစွာ ချမ်းသာတယ်၊ တိုက်ထဲမှာ ဖိနပ်စီးတယ်၊ ဟာ–သူဘာမှလည်း မလုပ်တော့၊ ကြက်လည်း မတိုက်၊ အရက်လည်း မသောက်ဘူး၊ ဘာမှ မလုပ်ဘူး၊ အသက်ကလည်း (၈၀)လောက်ရှိတယ်၊ ဟာ ဘာမှမလုပ်ဘူး၊ သူများဟာလည်း သွားမခိုးဘူး၊ အဲဒီသူ့အိမ်မှာနေတဲ့ မြေးလေး၊ မြေးလေး

တော့ အမယ်ကြီး တခါတည်း ဖျာပါဒဖြစ်တာပဲဗျို့၊ ဒါဥပါဒါန်၊ အဲဒါကံ၊ သံသရာလည်တာဗျို့၊ အဲဒီ လောက်ဆိုရင် ပြီးရောပေါ့ဗျာ၊

ဒကာ၊ ဒကာမတွေ ဒီဘဝ တွေကြုံဆုံကွဲ၊ တွေ့ တယ်၊ ကြုံတယ်၊ ဆုံတယ်၊ ကွဲရတယ်၊ အနတ္တကိုး၊ ခင်ဗျားတို့ရဲ့ ဒါနစစ် ဒါနမှန် ယူသွားကြ၊ ဦးပဏ္ဍိတ အလှူခံပေးမယ်၊ ရတဲ့ပိုက်ဆံ ဂေါပကတွေကို ဦးဇင်း အကုန်ပေးပစ်ခဲ့တယ်၊ ခင်ဗျားတို့ ဝတ္ထုတွေလည်း ဦးပဏ္ဍိတက မစွဲတဲ့အတွက် ခင်ဗျားတို့ မစွဲတဲ့ ဉာဏ် မျိုးစုံရပြီ၊ ခင်ဗျားတို့ရဲ့ အဝိဇ္ဇာကို ဒါနနဲ့ ဆေးကြောပါ၊ သီလနဲ့ ဆေးကြောပါ။ ဘာဝနာနဲ့ ပွားများပါ၊ ဦးဇင်း အောက်ဆင်းပြီး သင်္ကန်းဖြန့်ပြီး အလှူခံမယ်။

❖ ❖ ❖ ❖ ❖

## ၂၀၀၂–ခုနှစ်၊ နိုဝင်ဘာလ (၁၄)ရက်နေ့ စမ်းချောင်း၊ သံတံတားလမ်း တရားမဏ္ဍပ်တွင် ရောဝတီတိုင်း၊ မြောင်းမြမြို့၊ ဝိသုဒ္ဓိ မဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း၊ ဝိသုဒ္ဓိဆရာတော်ဘုရားကြီး ဦးပဏ္ဍိတ ဟောကြားတော် မူသော ခန္ဓာကျင့်၊ ခန္ဓာသိ၊ ဓမ္မသစ္စာ တရားတော်

ခန္ဓာသိတရားနဲ့ စာသိတရား သဘောလေးတော့ ဦးဇင်းပြောသွားပါမယ်။ ခန္ဓာက သိတဲ့ အသိက ဒုက္ခသစ္စာ ဆင်းရဲခြင်း၏ အမှန်တရား၊ သမုဒယသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းအမှန်တရား၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ အဲဒါ သစ္စာလေးပါး၊ ကံတရား ဥပါဒါန် ကြောင့် ကံအစွဲပေါ့ဗျာ၊ သားစွဲ၊ သမီးစွဲ၊ ဒါသစ္စာနဲ့ ဟောတာ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာထသစ္စာ စာရေးထားတယ်။ စာက မှန်၏။ ဉာဏ်မမီ ထိအောင်သူမသိ စာတွေ့

ငါတွေ့ အတွေ့ နှစ်လီရှိတယ်၊ စာတွေ့ထက် ငါတွေ့က သာတယ်။ ခံစားရတယ်။ ကျင့်တဲ့လူက သိတာကို ပြန်ပြောပြတာ၊ စာသိ မှန်တယ်ဗျို့။ စာကို ပယ်တာ မဟုတ်ပါဘူး၊ ဦးပဏ္ဍိတက စာမတ်ပါဘူး၊ ငယ်စဉ် တောင်ကျေးထဲက မူလတန်းကျောင်းကို မတက်နိုင်ဘူး၊ တောမှာနေတယ်။ တောမှာဆိုတာ သီးကွင်း သရက်ကုန်း၊ အိမ်မဲမြို့နယ်၊ ဘွက်ကလုံရွာလို့ခေါ်တယ်။ တကူ ဆိပ်နားမှာ၊ သရက်ကုန်းသားများဆိုရင် သိပါတယ်။

တောမှာနေတော့ ဖအေမအေက သူများရဲ့ လယ်ကို ကွက်ကောက်လိုက်စားရတယ်။ ဦးဇင်းက အဲဒီအချိန်မှာ ကလေးဘဝ ၅-နှစ်၊ ၆-နှစ်သားအရွယ်ပဲ၊ ဖအေမအေက မူလတန်းကျောင်းရှိတယ်။ မထားနိုင်ဘူး၊ အဲဒီကနေပြီးတော့ ဖအေမအေ ကောက်ရိတ်တယ်၊ သူက ထမင်းလိုက်ပို့ရတယ်။ ဖအေမအေ ပျိုးနုတ်တယ်၊ ကောက်စိုက်တယ်၊ သူများလယ်ကွက် ခွက်ကောက်၊ လုပ်စားရတယ်။ အင်မတန်ဆင်းရဲတဲ့ ပုဂ္ဂိုလ်တွေပဲ။ အတိတ်က ရှေးဘုန်းရှေးကံမပါတော့ ဒီဘဝမှာ ကိလေသာဝဋ်၊ ကာမဝဋ်၊ ဘဝဝဋ် ဝိဘာဂဝတ်ဒါဘုရား ဟောတာ၊ ဘုရားဟောတဲ့တရားတွေပဲ၊ ကိလေသာဝဋ် ဆိုတာ ရုပ်တရား၊ ကာမဝဋ်ဆိုတာ နာမ်တရား၊

သဘောလေးနဲ့နော၊ အဲဒါ စာတွေနဲ့ စိတ်နဲ့ပြောတာပါ။ ကိလေသာဝဋ္ဋ၊ ကာမဝဋ္ဋ၊ ဘဝဝဋ္ဋ ဝဘာဂဝဋ္ဋ၊ အဲဒါ စာက ရေးထားတယ်။ ကိလေသာဝဋ္ဋက ဘာလဲတဲ့၊ ဒုက္ခသစ္စာ၊ ဒါကျင့်တဲ့လူက ဖော်သွားတယ်။ ဒုက္ခသစ္စာ ကာမဝဋ္ဋ၊ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ အဲဒါကို ရုပ်နာမ်လို့ခေါ်တယ်။

ရုပ်နာမ်မသိတာ အဝိဇ္ဇာ၊ ရုပ်နာမ်သိတာ ဝိဇ္ဇာ ဉာဏ်၊ အဲဒါစာ ရုပ်နာမ် သိတယ်တဲ့၊ သိလိုလာပြီးတော့ ဟောတာ၊ သဘောလေးနဲ့ ဟောပြောသွားတာပါ၊ ဒါဖြင့် ကောင်းပြီ၊ ဦးဇင်းတို့ ဒီလို စာမတတ်တဲ့ အတွက်ကြောင့် အားလုံးရှိတဲ့ ဆရာတော်ကြီးတွေ၊ သံဃာတော် အရှင်မြတ်တွေ၊ ရှင်သာမဏေတွေ၊ အားလုံး ဦးပဏ္ဍိတက စာပေကျမ်းဂန်မတတ်တော့ တပည့်တော် ရှိသေစွာနဲ့ အရှင်ဘုရားတို့ကို တောင်းပန်ပါတယ်။ စာမှမတတ်တာကိုး၊ စာမတတ်ပေမဲ့၊ ခန္ဓာ သိကိုလာဟောတာပါ။ ခန္ဓာသိနဲ့ စာနဲ့ တိုက်ပေးတာပါ။ အာလုံးတရားနာကြတဲ့ ပရိသတ်များလည်း ဒကာလေးတွေ၊ ဒကာမလေးတွေ၊ ဒကာကြီးတွေ၊ ဒကာမကြီးတွေ ဦးဇင်းက စာပေကျမ်းဂန်မတတ်တော့ ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါတဲ့။ စာမတတ်တဲ့

အတွက် ပညတ်နဲ့ပရမတ်၊ အတ္တနဲ့အနတ္တ၊ ပညာနဲ့ သညာ၊ ဒီသဘောလေးတွေ ပြောသွားမှာကိုး။

ကောင်းပြီ၊ ဘုရားက ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ ဒါဘုရားဟောအရ ဒါအလုပ်သမားက ဒါတွေကို သဘောလေးနဲ့ လုပ်တော့ သိတယ်၊ သိတော့ပယ်တယ်၊ ပယ်တော့ မဂ်ဆိုက် ဖိုလ်ဆိုက်၊ ဒါစာကရေးထားတယ်၊ ဦးဇင်းတို့ရဲ့ အခြေခံက ဘာလုပ်ရမလဲ၊ ဒီလို သီလတွေကို ဆောက်တည်ရမယ်၊ သီလတွေက အပြင်သီလရှိတယ်၊ အတွင်းသီလရှိတယ်၊ အကာသီလရှိတယ်၊ အနှစ်သီလရှိတယ်၊ ပညတ် သီလရှိတယ်၊ ပရမတ် သီလရှိတယ်၊ သဘောလေးနော၊ ဒါသဘောလေးနဲ့ ခွဲခွဲပြောသွားတာပါ။ အပြင်သီလကတော့ ဆရာတော်ကြီးက သီလပေးတယ်၊ ဒကာ၊ ဒကာမတွေက လိုက်နာပြီးတော့ သီလကို စောင့်ထိန်းကြပါတယ်။ သူများ အသက်မသတ်နဲ့၊ သူများပစ္စည်းမခိုးနဲ့၊ နစ္စ၊ ဂီတ၊ ဝါဒီတ၊ ဝိသူက၊ ဒဿန၊ မာလာဂန္ဓ၊ ဝိလေသန၊ တီးခြင်း၊ မှုတ်ခြင်း၊ နံ့သာလိမ်းခြင်း၊ မဖွယ်မရာမလုပ်ပါနဲ့တဲ့၊ အပမာဒေန သမ္ပာဒေထတဲ့၊ သီလယူတယ်ဗျို့၊ သီလယူပြီးတော့ လင်မယားတွေကလည်း သီလသွားယူပြီးတော့၊ လင်

မယား လက်တွဲပြီးပြန်တယ်။ ခင်ဗျားတို့ သဘောလေးနာ၊ သားအဖတွေလည်း သားလေးကို လက်တွဲပြီး ပြန်တယ်။ ဒါသံယောဇဉ်အကြောင်းတွေ၊ အစွဲတွေ အဲဒီသီလက အလွန်ကောင်းတယ်ဗျို့၊ ဒီက ဒုက္ခသစ္စာ၊ နဲ့ သမုဒယသစ္စာနဲ့ နိရောဓသစ္စာကို ပြောပြမယ်။ အဲဒါ အပြင်ကံသီလတွေခေါ်တယ်။

အပြင်မှာ မစင်ကြယ်ရင် ခန္ဓာမှာ မစင်ကြယ်ဘူး၊ ခန္ဓာမှာ မစင်ကြယ်ရင် ဉာဏ်မှာ မစင်ကြယ်ဘူး၊ ဝိပဿနာက ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုံဥဒပါဒိ၊ အာလောက ဥဒပါဒိ၊ ဉာဏဉဒပါဒိ၊ အဲဒါ စာဉာဏ်ဆိုတာ မစွဲဘူး။ မယားလည်းမစွဲဘူး၊ သားလည်း မစွဲဘူး၊ ဘာမှမစွဲဘူး။ သူ့ရုပ်နာမ်နဲ့ သိသွားပြီ။ အဲဒါ မစွဲတာ ဉာဏ်၊ စွဲရင် ကံ၊ သဘောလေးသာနာ၊ ဒီလို သီလတွေကို ကိုယ်က လါယ်လါယ်ကူနဲ့ ယူကြတယ်၊ မှန်ပါတယ်ဗျာ၊ ဦးဇင်းက မယူပါနဲ့လို့ မပြောဘူး၊ ကိုယ်တတ်နိုင်တဲ့ဝန်ကို ထမ်း။ ဒီလို အပြင်သီလတွေကို စောင့်ထိန်းကြတယ်၊ ဆရာတော်ကြီးတွေက ဘာသီလတွေယူလည်း ဝိနည်း ၂၂၇-သွယ် သီလတွေ ယူတယ်။ ဟိုက ရှစ်ပါးသီလ၊ ငါးပါးသီလ၊ ဆယ်ပါး သီလ ယူတယ်။ သဘေားလေးနာ၊ ဝိပဿနာရဲ့သီလ

ကတော့ ကံပြတ်သီလယူတယ်ဗျို့။ လက်ကလေးပိုက်တယ်၊ တရားအားထုတ်တယ်၊ ဝင်တယ်ထွက်တယ်၊ နှာခေါင်းနှစ်ပေါက်ရဲ့ အာရုံက တရစဉ် ဒလစပ် လှုပ်ရှားမှုရှိတယ်။ လှုပ်ရှားတာကိုသိတာက စိတ်၊ သဘောလေး သိတာက စိတ်၊ ထိတာက ရုပ်၊ ဘာကိုထိ သိသလဲ ရုပ်ကိုထိတောကသိတယ်၊ အဲဒီသဘောလေးတွေရှိတယ်။ ဘဝင်စိတ်ကလေးက နှာခေါင်းနှစ်ပေါက်က လေလေးကို တစ်ခါတည်း မျက်ခြေ မပြတ် သတိအမြဲတမ်းထားတယ်။ ဒီလိုထားတဲ့ အခါမှာ ဘယ်သီလတွေ လုံသလဲ၊ အပြင်သီလတွေ လုံပြီ။ သူများအသက်မသတ်ပါဘူး၊ သူများပစ္စည်း မခိုးပါဘူး၊ သူများသားမယား မဖျက်ဆီးပါဘူး၊ သေရည်သေရက် မသောက်ပါဘူး၊ ဝိကာလဘောဇနာ မစားပါဘူး၊ နစ္စ၊ ဂီတ၊ ဝါဒိတ၊ ဝိသုက ဒဿနတီးခြင်း၊ မှုတ်ခြင်း၊ မလုပ်ရဘူး၊ ခင်ဗျား ရေတောင် မသောက်ဘူး၊ စကားတောင်မပြောတော့ဘူး၊ အဲဒါ ဉာဏ်သီလခေါ်တယ်၊ ဟိုဟာက ကံသီလခေါ်တယ်။ ဟိုဟာက အတ္တသီလခေါ်တယ်။ ဒီဟာက အနတ္တသီလခေါ်တယ်။ သဘောလေးသာနော။

သီလအမျိုးအစားရှိတယ်။ သမာဓိအမျိုးစား ရှိတယ်။ ပညာအမျိုးစားရှိတယ်။ သဘောလေးဘဲနော။ ဒီလို သီလမျိုးတွေကို လုပ်လိုက်လို့ အကယ်၍ ဉာဏ်မပေါက်တောင် ခင်ဗျား အပါယ်လေးပါးပိတ်မယ်ဗျ။ တွေးကြည့်၊ ခင်ဗျား တင်ပလ္လင်ခွေပြီးတော့ သမ္မာဝါစာ၊ သမ္မာကမ္မတ၊ သမ္မာအာဇီဝ၊ အဲဒါ သီလမဂ္ဂင်ပဲ၊ သမာဝါယမ၊ သမာသတိ၊ သမာသမာဓိ အဲဒါ သမာဓိမဂ္ဂင်၊ စာလိုဆိုရင် အဓိစိတ္တ၊ သမာဓိ ကောင်းလာရင် စိတ်ဆိုတဲ့ မနောသိလာလိမ့်မယ်၊ အဲ သမာဒိဋ္ဌိ သမာသင်္ကပ္ပ၊ သင်္ကပ္ပ ရောက်သွားရင် ဒိဋ္ဌိကိုသိသွားပြီနော် ဒိဋ္ဌိကိုသိသွားပြီ၊ ဒိဋ္ဌိမာန်ကို သိလာမယ်၊ ဒိဋ္ဌိ မာန်ဆိုတာ ဒိဋ္ဌိရှိလို့ မာန်ရှိတာ၊ ဟော အာရုံယူလိုက်တယ်ကွ၊ ငါ့စက်ဘီးတွေ၊ ငါ့ကားတွေ၊ ဒီကောင်ရိုက်ချိုးတာပဲ မြင်လိုက်တော့ စက်ဘီး၊ ကား ပိုင်ရှင်က ဒေါသဖြစ်ပြီ မာန်ပေါ့ဗျာ၊ ယူတာက ဒိဋ္ဌိအယူနဲ့ယူတော့ မာန်ဖြစ်တာဗျို့။ အစွဲဖြစ်တာဗျို့။ အဲဒါဘာလဲ တဏှာပေါ့ဗျာ။ တဏှာကြောင့် ဥပါဒါန်တွေဖြစ်တာ။ ကားလေးကို သွားစွဲတာ တဏှာ၊ ငါ့ကားလို့ယူတယ်၊ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်၊ ပြန်ကြပမှာ ခင်ဗျားတို့လည်း ပြန်ကြတာပဲ၊ ဦးပဏ္ဍိတ

လည်း ပြန်မှာပဲ၊ သေမင်းမဦးခင် ဉာဏ်ဦးဖို့လိုတယ်။ သီလလည်းဆောက်တည်ဖို့လိုတယ်။ သီလလည်း ဆောက်တည်ဖို့လိုတယ်။ အခုယူထားတဲ့ သီလက ခင်ဗျားတို့ ကံသီလတွေ ရှောင်ထားတဲ့သီလ၊ အနတ္တ ၈ီလက ဆောင်ထားတဲ့ သီလ၊ အဲဒါကြွာနေတယ်။ အဲဒါလေးတွေ ကိုယ့်စိတ်ကိုယ်စစ်။

ဘုန်းကြီးပြောတာလည်း မယုံနဲ့ လေ့လာပါ။ သုံးသပ်ပါ၊ စုံးစမ်းပါ၊ ဒီလို သီလတွေကို အုတ်ပန္နတ် ရိုက်ရမယ်၊ သီလအခြေခံတွေ သမ္မာဝါစာ၊ သမ္မာသမ္ဗန္ဓ၊ သမ္မာအာဇီဝ မှန်တာကို ကျင့်ပါတယ်။ မှန်တာကို ပြောပါတယ်။ မှန်တာကို အသက်မွေးဝမ်းကြောင်း ပြုပါတယ်။ ချပေး၊လာပေးတော့ စားတာကိုးဗျ၊ သူချပေးတာ စားတာ၊ တရားထိုင်တဲ့ အလုပ်ပဲလုပ် နေတာ၊ တစိုက်တမတ်မတ်လုပ်နေတယ်၊ ထိတာ၊ သိတယ်၊ ထိတာက ရုပ်သိတာကနာမ်၊ ဘာသိလဲ၊ အဲဒီလေဟာ ဝင်တယ်၊ထွက်တဲ့၊ ဟာ တရစဉ်တရစပ် အဲဒီလေလေးဟာ နှာသီး၊နှာဖျားဝမှာလာပြီးတော့ မွေးညှင်းမှာထိတယ်၊ ထိတော့ သိတယ်၊ သိတာ စိတ်၊ ထိတာ ရုပ်၊ ထိ၊ သိ၊ သတိထား၊ အဲဒီလို သတိထားရင် စိတ်ကလေးက ငြိမ်လာမယ်၊ စက္ခုနဲ့လည်း မပေါင်း

ဘူး၊ နားသောတနဲ့လည်း မပေါင်းဘူး၊ နံ့သာအာရုံနဲ့ လည်း မပေါင်းဘူး၊ ဇိဝှါနဲ့လည်း မပေါင်းဘူး၊ ကိုယ်နဲ့ လည်း မပေါင်းဘူး၊ မနောကလည်း တည်လာပြီ၊ အဲဒီ လို သီလမျိုးတွေကို ယူမှသာလျှင် ခင်ဗျားမှာ အာရောဂျ ပရမံ လာဘာံဆိုတဲ့ ကျန်းမာရေးလာဘ်၊ နဘာရံ ဘေး မရှိတဲ့ သဘောရနိုင်တယ်။ ရက္ခ၊ ဂဠုန်စောင့်ရှောက် တယ်။

အဲဒီ သီလနဲ့ အားကိုးနေတဲ့ တင်းတိမ်နေတဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊ သမာဓိနဲ့ တင်းတိမ်နေတဲ့ ပုဂ္ဂိုလ် တွေရှိတယ်၊ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဥဒပါဒိ၊ ရသွားပြီ၊ အဲဒီပုဂ္ဂိုလ်က ရသွားပြီ။ သေတတ်ပြီ၊ နေတတ်ပြီ၊ စာတတ်ပြီ၊ ခင်ဗျားတို့ယူတဲ့ သီလတွေက အတ္တသီလတွေ၊ အကာတွေ၊ စိတ်မချရဘူး၊ ၃၁-ဘုံကို လည်တယ်၊ ဗြဟ္မာဘုံရောက်မယ်၊ နတ်ဘုံရောက်မယ်၊ ဗြဟ္မာဘုံ တဝင်းဝင်း ဝက်စာကျင်းတရှုံရှုံဆိုတာ ခင်ဗျား တွေ နတ်ရဲ့ သက်တမ်းဆိုတာ အောက်ပြန်ကြတာပေါ့၊ ၃၁-ဘုံမလွတ်ဘူး၊ ဟိုက ဂမ္ဘီရဉာဏ်ရတဲ့သူက ၃၁- ဘုံလွတ်နေတယ်။ သူ့ဟာသူလွတ်မှန်းလည်းသိတယ်။ မလွတ်မှန်းလည်း သိတယ်၊ သူများသွားမေးစရာမလို ဘူး၊ ကိုယ့်စိတ်ကိုယ်စစ်၊ အဲ-ခင်ဗျားတို့ ပြန်ကြမယ်၊

စိတ်သာချပါ။ မဟုတ်တဲ့ခါဝယ်၊ ခင်ဗျားတို့ လောဘစိတ်၊ ဒေါသစိတ် ဘယ်လိုယူတယ်၊ ငါမြင်တယ်၊ ငါ့သား၊ ငါ့သမီး၊ ဟုတ်တယ်၊ မှန်တယ်၊ ဒါအတ္တ၊ အတ္တနဲ့၊ သက္ကာယဆိုတာ၊ ငါ့မိန်းမ၊ ငါမြင်တယ်၊ ငါ့သား၊ ငါ့ကား၊ ငါဆိုတဲ့ အယူသူထားတယ်၊ ယူပြီးတော့ အဲဒီအာရုံမှာ သွားမှတ်တာကတော့ သညာကမှတ်တယ်၊ သညာကြောင့် ဒုက္ခတွေ ဖြစ်ကုန်တာ၊ ကြည့်စမ်း၊ ဘယ်လောက်ကြောက်ဖို့ကောင်းလည်း။

တရားအားထုတ် ကျွဲကူးရေးပါတယ်။ အသီးတရာ အညှာတစ်ခု အညှာဖြတ် အညှာကို တံချူနဲ့ ဖြတ်စရာမလိုဘူး၊ စိတ်နဲ့ဖြတ်လိုက်၊ စိတ်ကလေးနဲ့ မနေ့ဘနဲ့ ဖြတ်လိုက်၊ အသီးတေါ အကုန်ပြုတ်ကျလာတယ်။ ထစရာမလိုဘူးဗျ၊ အဲဒီလို သီလအထူးသီလတွေကို စောင့်ထိန်းဖို့လိုပါတယ်။ ခင်ဗျားတို့ ကျန်းမာရေးလာဘ်ရမယ်၊ စီးပွားရေးလာဘ်ရမယ်၊ ဒါတွေဟာ ကံတရားတွေ၊ ဒီကံကနေပြီးတော့ ဉာဏ်ပေါ်တက်၊ ဉာဏ်ရမှ ခင်ဗျားဘုံသုံးပါးမြင်မယ်၊ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်၊ သတ္တလောက၊ ဩကာသလောက၊ သင်္ခါရလောက လောကသုံးပါးကို သိမယ်၊ စာသမားတွေလာစစ်ပါ။ မင်းစစ်လို့၊ ငါမဖြေနိုင်ရင် သင်္ကန်းချွတ်

ပေးလိုက်မယ်တဲ့၊ ငါမြောင်းမြပြန်မယ်တဲ့၊ အခု တရား ဟောပြီးပြန်မှာ၊ မိုးချုပ်တယ်၊ မိုးလင်းတယ်၊ နားမလည် ဘူးတဲ့၊ ဒီအယူကို ငါမယူဘူးကွ၊ မစွဲဘူးကွ၊ အဲဒီလို ပုဂ္ဂိုလ်မျိုး၊ ဘယ်သူမှ မသိဘူး၊ အနားကပ်တာတောင် မသိဘူး၊ ခင်ဗျားတို့ရတဲ့ လာဘ်လာဘတွေ အကုန်လုံး ထားပစ်ခဲ့တာ၊ ဘာလုပ်မလဲ၊ ရပ်နာမ်မှ မမြဲတာ၊

ဟိုတုန်းက မြဲမောင်၊ အင်မတန်ဆိုးတယ်၊ အင် မတန်မိုက်တယ်၊ စာလည်းမတတ် ပေလည်းမတတ်၊ သူများလယ်ထဲမှာ အရက်သောက်ဘာလုပ်၊ စာရိတ္တ ပျက်တယ်၊ အခုကောင်းတယ်၊ ဘုရားသာသနာကို သူရတဲ့ဝတ္ထုလေးတွေ လှူတယ်၊ ပေးတယ်၊ ဒကာ၊ ဒကာမတွေက ယုံကြည်တယ်၊ ၃၁-ဘုံလွတ်တဲ့ ရဟန်း ကို လာလှူတာနော်၊ လှူပြန်တော့လည်း တပြားမှ မယူဘူး၊ မင်္ဂမျိုးစေ့ ခင်ဗျားတို့ကို လာချပေးတာ၊ အဲဒီ ဒါနကိုတော့ လုပ်ပေးတတ်တယ်။ သီလကတော့ ခင်ဗျားတို့ စောင့်ထိန်း၊ ဒါကြောင့်မို့လို ခင်ဗျားတို့ရဲ့ အဝိဇ္ဇာတုံးကြီးကို သီလနဲ့ဆေးကြောပါ။ ဒါနနဲ့ ဆေး ကြောပါ။ ဘာဝနာနဲ့ ပွားများပါ၊ ဦးပဏ္ဍိတရဲ့ အဝိဇ္ဇာတုံးကြီးကို သီလနဲ့ ဆေးကြောတယ်၊ အဓိစိတ္တ နဲ့ ဆေးကြောတယ်၊ အဓိပညာနဲ့ ဆေးကြောတယ်၊

ကြည့်စမ်း၊ သူကြတော့တစ်မျိုး၊ ဟောသွားတယ်၊ ခင်ဗျားတို့ကြတော့ တစ်မျိုးဟောသွားတယ်၊ အတ္တကိုး ဗျ၊ အစွဲကိုး၊ ငါစွဲနေပါလား။ သားစွဲ၊ သမီးစွဲမိတယ်၊ အဲဒါ ဗျာပါဒ၊ ဥပါဒါန်ကံတွေ၊ အဘိဇ္ဈာ၊ ဒိဋ္ဌိ၊ မိစ္ဆာ ဒိဋ္ဌိ ဗျာပါဒတွေဖြစ်နေတယ်။ အာရုံခြောက်ပါးမှာ ကျက်စားနေတာ၊ မနောကံ မနောကံ။

ကိုယ်ထက်ကြီးတဲ့လူကို ရိုသေပါ၊ ကိုယ်နဲ့တန်းတူ ကို ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ၊ ဗြဟ္မာစိုရ်တရားထားပါ။ သယ်သူက ပျက်ပျက် ကိုယ်မပျက်ပါနဲ့၊ ကိုယ်စေတနာ မပျက်နဲ့၊ ဘယ်လူက ဘာပြောပြော၊ ပြောချင်တာပြော၊ ကိုယ့်စေတနာမပျက်နဲ့၊ သူများအကြောင်း ကိုယ့် အကြောင်း မလုပ်နဲ့၊ မြင်လိုက်တဲ့အကြောင်း၊ ကြား လိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ စားလိုက်တဲ့ အကြောင်း၊ အဲဒါတွေအကြောင်းထင်တာ၊ ထုံးဘူးများ ကို အဝကျဥ်းကျဥ်းလာတယ်။ ရပ်ကွက်လူကြီးတွေ ခိုင်းတယ်၊ သွားလုပ်ပေးပါ။ မြောင်းထဲမှာ အမှိုက်တွေ ရှိတယ်၊ ကျွန်တော်လုပ်ပေးပါ့မယ်ဗျာ၊ ဘယ်လောက် များ စေတနာကောင်းလဲ၊ တို့အိမ်ချည်း ခိုင်းတယ်ကွာ၊ ဒီချည်းဘဲ လာလာခိုင်းတယ်၊ လုပ်တာ၊ လုပ်တာ

စိတ်ထဲမှာ မကောင်းဘူး၊ လုပ်တော့လုပ်တယ်၊ စေတနာ ပျက်သွားပြီ၊ စေတနာပျက်ရင် သီလပျက်တယ်၊ အတွင်း သီလမှ အပ္ပါယ်ပိတ်မှာ အတွင်းသီလ ရအောင်ကျင့်။

အပြင်မှာ စင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်တယ်၊ ခန္ဓာမှာစင်ကြယ်ရင် ဉာဏ်မှာ စင်ကြယ်တယ်၊ ကိုယ့် ဖအေလိုမအေလို သားလို သဘောထား ဟောတာ၊ ဦးဇင်းတော်တော်မောနေတယ်၊ ဂိလာနလိုဖြစ်သွားပြီ၊ ခင်ဗျားတို့ရဲ့ စေတနာတွေပဲ၊ ဦးဇင်းကနေပြီး အောက် ဆင်းပြီး အလှူခံမယ်။ အလှူခံလိုက်တဲ့ ဝတ္ထုများကို လည်း ဒီကလူကြီးမင်းများကို ပေးပစ်ခဲ့မယ်။ ခင်ဗျားတို့ အဲဒါ ခင်ဗျားတို့ရဲ့ စေတနာ၊ ဦးပဏ္ဍိတရဲ့ သစ္စာ။ ဒီလို အလှူခံလိုက်တာ သစ္စာဆိုတာ သမုတိသစ္စာ၊ ဝိရတိသစ္စာ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာထ သစ္စာ၊ ဦးဇင်းကြီးက လိမ်တယ်ဆိုရင် အဝီစိရောက် မယ်၊ ဘုန်းကြီးလုပ်တာ မချောင်ဘူး၊ ခန္ဓာကို ကြည့်မှ မချောင်မှန်းသိတာ၊ အဲဒါပြန်ပြောတာ၊ ခင်ဗျားတို့က သင်္ကန်းတွေလှူတယ်၊ ထမင်းတွေ ကျွေးတယ်၊ အကုန် ပေးတာပဲ၊ ဘုန်းကြီးကို ယုံကြည်တယ်၊ တရားယုံကြည် တယ်၊ သံဃာ ယုံကြည်တယ်။

ခင်ဗျားတို့မှာ ကာမဝသ၊ ဘဝါသဝ၊ ဒိဋ္ဌာဝသ၊ အဝိဇ္ဇာသဝ၊ မပယ်နိုင်တဲ့အတွက်၊ ဆရာတော်များကို အားကိုးတယ်၊ အားကိုးခံရတဲ့သူကလည်း မှန်ရမယ်၊ အားကိုးခံရတဲ့သူကလည်း ကျင့်ရမယ်။ အဲဒါပဲဗျို့။ ဦးဇင်းက မောတယ်ဗျာ၊ အဲဒီတော့ အလှူခံမယ်၊ လှူပြီးရင် မြောင်းမြပြန်တော့မယ်။ ညတွင်းပဲပြန်မယ်၊ ဒီလိုပဲဟောပြီးရင် ညတွင်းချင်း အမြဲတမ်းပြန်တယ်။ ခင်ဗျားတို့ အခု ၆ နာရီခွဲ၊ ၇ နာရီ မထိုးခင် လာဟောပါတယ်။ အခုဟောတာ ၁၅ မိနစ်လောက်ပဲရှိတယ်။ အားလုံးဒကာ၊ဒကာမတွေ ဦးဇင်းက လေးစားစွာနဲ့ မေတ္တာရပ်ခံပြီးတော့ သူ့မှာ ဂိလာနဖြစ်တဲ့အတွက်ကြောင့် ခင်ဗျားတို့ရဲ့ ဒါနမျိုးစေ့ကိုတော့ ဦးပဏ္ဍိတ ပေးလို့ရတယ်၊ သစ္စာမှန်ရင် ဒါနက အောင်မြင်တယ်။ ဦးဇင်းပေးသွားမယ်၊ ဒါနယူကြပါ။

ငါလည်း ယူတာ မဟုတ်ပါဘူး၊ ဒီမှာ အားလုံးရှိတဲ့ သာဝကများ သူတို့ရဲ့ ပဋိဘောဂစေတီ၊ ဓာတုစေတီ၊ ဥဒ္ဒိဿစေတီ၊ လုပ်ဖို့ပေးပစ်ခဲ့ပြီ၊ ခင်ဗျားတို့ ဦးဇင်းက အလှူခံတယ်၊ ခင်ဗျားတို့ရဲ့ စေတနာမှန်ရင် လှူကြပါ။ မရှိတဲ့လူကလည်း မလှူပါနဲ့၊ ဝတ္ထုက ပညတ်နှလုံးသား စေတနာက ပရမတ်၊ စေတနာလဲ မှန်တယ်၊ ဝတ္ထု

ပစ္စည်းကလဲ စင်ကြယ်တယ်၊ အလှူခံပုဂ္ဂိုလ်ကလည်း မှန်ရင်၊ ခင်ဗျားတို့ ဆုမတောင်းနဲ့ မင်္ဂလာမျိုးစေ့ရပြီ၊ ခန္ဓာ သိတရား ဦးဇင်းဟောတာပါ။ ဒီလောက်ဆို ပြီးရောပေါ့ဗျာ။

❖ ❖ ❖ ❖ ❖

## ၂၀၀၂-ခုနှစ်၊ ဒီဇင်ဘာလ (၁၂)ရက်နေ့၊ ရန်ကင်း၊ မိုးကောင်းဘုရား၊ အရိယာမဂ္ဂရိပ်သာ ရောဝတီတိုင်း၊ မြောင်းမြမြို့၊ ဝိသုဒ္ဓိမဟာမြိုင် ကမ္မဋ္ဌာန်းကျောင်း၊ ဝိသုဒ္ဓိ ဆရာတော် ဘုရားကြီး ဦးပဏ္ဍိတ ဟောကြားတော်မူသော စန္ဒာကျင့်၊ စန္ဒသိ၊ မဂ္ဂသစ္စာတရားတော်

ဘုန်းကြီးက စာပေကျမ်းဂန် မသင်ခဲ့ရလို့ မတတ်တာပါဗျာ၊ အားလုံး ဆရာသံဃာတော် အရှင်မြတ်တွေ၊ ထေရ်ကြီး ဝါကြီး ရှင်သာမဏေတွေ အားလုံး တပည့်တော်က စာငယ်စဉ်က မသင်ခဲ့လို့ စာမတတ်တော့ စကားပြောတဲ့အခါမှာ မှားယွင်းသွားရင် ဆရာတော်တွေအားလုံး သံဃာတော်အရှင်မြတ်တွေ တပည့်တော် တောင်ပန်းပါတယ်။ ဒကာ ဒကာမအားလုံး တရားနာကြတဲ့ ပရိသတ်များလည်း ဦးပဏ္ဍိတက စာပေကျမ်းဂန် မသင်ခဲ့လို့ မတတ်တာ၊ စာပယ်တာမဟုတ်ဘူး၊ ကိုယ်

မတတ်ခဲ့တာ ပြောတာ၊ ဒါကြောင့် ပြောလိုက်တဲ့စကား မှားယွင်းသွားရင် အားလုံး တရားနာကြတဲ့ ဒကာကြီး တွေ ဒကာမကြီးတွေ၊ ဒကာလေးတွေ၊ ဒကာမလေး တွေ အားလုံး ခွင့်လွှတ်ပါလို့ ဦးပဏ္ဍိတက တောင်းပန် ပါတယ်။ စာနဲ့ ခန္ဓာကအသိနဲ့ သဘောလေးနဲ့ တင်ပြ ပါမယ်၊ တင်ပြတဲ့အခါမှာ စာမတတ်လို့ ပြောတဲ့စာက မှားယွင်းသွားတယ်၊ ခန္ဓာကတော့ မှန်နေတယ်ဆိုရင် တော့၊ ဒါ သဘောလေးပေါ့ဗျာ။

ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုတဲ့ ဒုစရိုက်ဆယ် ပါးလို့ ပြောထားပါတယ်။ ဒီကံတွေဟာ ခေါ် သမုတ်တဲ့ အတွက်ကြောင့် ဒီဠ မျက်မှောက်လက်ငင်းတော့ အစွဲ ဥပါဒါန်တွေပဲ။ စွဲရင်ကံလို့ ခေါ်ပါလိမ့်မယ်။ ဒီစွဲတယ် ဆိုတာက ဘယ်လိုကြောင့် စွဲသလဲက ရေးထားတယ်။ ကိလေသာနဲ့ တဏှာတဲ့ သဘောလေးပဲနော်။ ကိလေသာ နဲ့ တဏှာဟာ ဒုက္ခသစ္စာ ဆင်းရဲခြင်း၏ အမှန်တရား ပါပဲတဲ့၊ သမုဒယသစ္စာ ဆင်းရဲခြင်း၏ အကြောင်း အမှန်တရားပါပဲတဲ့၊ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာ အဲဒါ သစ္စာလေးပါး ခေါ်တယ်၊ ဒါက ဥပါဒကံတွေ၊ ဒါကြောင့်မို့လို့ ဥပါဒါန်ကံတွေကို ဘယ်လို ဘုရားက ဟောသလဲ၊ သဗ္ဗေအလုံးစုံသော သင်္ခါရအနိစ္စတဲ့၊ သဗ္ဗေ

အလုံးစုံသော သင်္ခါရ ဒုက္ခတဲ့၊ သဗ္ဗေအလုံးစုံသော သင်္ခါရ အနတ္တတဲ့၊ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ်၊ ကံတရားတွေ၊ အစွဲဥပါဒန်တွေ ဖြစ်ပေါ်နေတဲ့ အားလုံး ရှိတဲ့ ပုဂ္ဂိုလ်များဟာ ဒီစွဲနေတဲ့ ဥပါဒါန်ရဲ့ တရားတွေကို ဘယ်လိုကျင့်ကြံရမယ်။ ဘယ်လိုလုပ်ရမယ် ဘယ်လို ကိုင်ရမယ်ဆိုတဲ့ သဘောလေးကို ပြောပြမယ်။

စာကရေးထားတယ်၊ ဇာတိလို့ ရေးထားတယ်၊ ဇာတိကို မသိတော့မှ ဇရာကို မကြောက်ကြဘူး၊ ဇာတိဆိုတာက အခုဖြစ်ပေါ်လာတဲ့အသိလေးကို ခေါ်တာ၊ ဥပမာပြောကြမယ်၊ဆိုရင် ဘုရားသခင် ကိုယ်တော်မြတ်ကြီးဟာ သိဒ္ဓထမင်းသား၊ တနေ့သော အခါ ဒါဘာလဲကွ၊ သူအိုပါဘုရား၊ ဒါဘာလဲ သူနာပါ ဘုရား၊ ဒါဘာလဲ သူသေပါဘုရား။ သဘောပေါက် သွားတယ်။ အဲဒီလို သဘောပေါက်တဲ့အခါကျတော့ သူအို၊ သူနာ၊ သူသေ၊ ပဟာဒီ ဘဝမှာ ဇာတိဘဝမှာ သိသွားပြီ၊ ဒါဘာလဲ သူအို၊ သူနာ၊ သူသေ ဇာတိဘဝ မှာ သိသွားပြီ။ သူအသိသိသွားပြီ၊ အဲဒီတော့ ဒီအသိကို အိုခြင်း၊ နာခြင်း၊ သေခြင်း ဆိုတဲ့ လက္ခဏာကြီးသုံး ပါးကို သိသွားတဲ့အတွက်ကြောင့် ဇာတိကို ပယ်မယ်၊ သဘောလေးနဲ့နာ၊ ဇာတိကြောင့် ဇရာ၊ မရဏကို

ငါမသိပါလား၊ အခု ဇရာကို သိလာပြီ၊ အိုမယ် နာမယ် အဲဒီတော့ တောထွက်တာ ဒီဇာတိကို ပယ်တာပါ။ အဲဒီတော့ အနိစ္စရဲ့ သဘော ဒုက္ခရဲ့ သဘော၊ အနတ္တရဲ့ သဘော၊ သဘောလေးတွေ အနိစ္စ ဆိုတာ ဘာလဲ။ မြဲဘူး၊ မမြဲဘူး၊ အာရုံတွေ မမြဲပါလား၊ ဒုက္ခဆိုတာ ငါသွားသွားစွဲနေတာ၊ ကံကြောင့် ငါဒုက္ခပါလား၊ ဥပါဒါန်ကြောင့် ငါဒုက္ခပါလား၊ သဘောလေး ဥပါဒါန်ကြောင့် ငါဒုက္ခပါလား။

အဲဒီတော့ ဇာတိအကြောင်းတွေ သိပြီး ဇရာအကြောင်းလည်း သိပြီ၊ မရဏအကြောင်းလည်း သဘောပေါက်ပါတယ်။ သဘောလေး ခန္ဓာမှ ဉာဏ်စိုက်၊ သတိပဋ္ဌာန်လေးပါးကို ကျင့်ကြံ အားထုတ်ပွားများရမယ်နော်၊ အဲဒီတော့ သတိပဋ္ဌာန်တရားများကို အားထုတ်တဲ့အခါကြတော့ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန်လို့ ရေးထားပါတယ်။ ဟိုဟာက တစ်ခါပြန်ရေးထားတယ်။ ကာယနုပဿနာ၊ သတိပဋ္ဌာန် မပါတော့ဘူး၊ ဝေဒနာနုပဿနာ၊ စိတ္တာနုပဿနာ၊ ဓမ္မာနုပဿနာလို့ ရေးထားပါတယ်။ ကာယပတိဋ္ဌာန်မှာ ကာယမှာရှိတဲ့၊ လောကီအတ္တာအစွဲတွေ ဒီနေရာမှာ စွဲနေတဲ့ ဥပါဒါန်အစွဲတွေ

ပယ်မယ် ဆိုပြီးတော့ တရားအားထုတ်တယ်၊ တရား အားထုတ်တဲ့အခါကျတော့ အစွဲဥပါဒါန် အတ္တအယူ အတ္တဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိတွေ ဒါစာလို ရေး ထားတဲ့၊ ဟာတွေ မယူဘူး၊ ဘာကို ယူလဲ၊ သမ္မာကို ယူတယ်၊ သမ္မာ ဝါစာ၊ သမ္မာကမ္မတ၊ သမ္မာ အာဇီဝ၊ ဆိုတဲ့ ကာယ သတိပဋ္ဌာန်မှာ ဒီသုံးခုကို အခြေခံ ယူထားတယ်။

အပြင်မှာ စင်ကြယ်မှ ခန္ဓာမှာ စင်ကြယ်မယ်၊ ခန္ဓာမှာ စင်ကြယ်ရင် ဉာဏ်မှာ စင်ကြယ်မယ်။ ဉာဏ် ကြတော့ ဂန္ထိရ ဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဥဒပါဒိအား လောကောဥဒပါဒိ၊ ဉာဏာဥပဒပါဒိ၊ ဒါစာရေး ထားတယ်။ ဒါကြောင့်မို့လို့ စာကမှန်၏။ ဉာဏ်မမိ ထိအောင် သူမသိ စာတွေ့ ငါတွေ့ အတွေ့နှစ်လီရှိ တယ်။ စာတွေ့ထက် ငါတွေ့က သာတယ်။ ခံစားရ တယ်၊ သဘောလေးနဲ့နာ၊ ဇာတိဇရာ မရဏ ဆိုတဲ့ အကြောင်းသုံးပါးကို ဇာတိ၊ ဇရာအကြောင်းကို ငါသိပြီ၊ ငါမြင်ရပြီ၊ ငါလည်း ဤကဲ့သို့ ဖြစ်မှာပဲ။ အဲဒီတော့မှ ဇာတိကိုပယ်မယ်ဗျို့၊ ဇာတိကို ပယ်မယ်၊ ကာယ သတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန် ဓမ္မာသတိပဋ္ဌာန် ဆိုတဲ့ သတိပဋ္ဌာန် လေးပါးနဲ့ ဇာတိကို

ဖယ်တာပဲ။ အဲဘယ်လိုနေသလဲဆိုတဲ့အခါက သူတော အရပ်မှာ ဆောက်တည်တဲ့အခါမှာ အဲဒီတော မဂ္ဂင် ရှစ်ပါးက ရေးထားတယ်။ လုပ်တာပဲ၊ ကံတော့ကံပဲ ကောင်းတဲ့ကံလုပ်တယ်။ မကောင်းတဲ့သကာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တာဒိဋ္ဌိ၊ ပယ်လိုက်တယ်၊ သမ္မာကံလို့ ယူထားတယ်။

သမ္မာဆိုတာ စေတနာ၊ သဒ္ဓါယုံကြည်တယ်၊ သူရဲ့ သဒ္ဓါတရားလည်း ယုံကြည်တယ်၊ စေတနာတွေက လည်း မှန်တယ်၊ ဘုရားအစစ်၊ တရားအစစ်၊ သံဃာ အစစ်၊ လူစစ်လူမှန်ဆိုတာ အားလုံးရှိကြတဲ့ ဒကာ ဒကာမများရဲ့ နှလုံးသားတွေက စေတနာ၊ စာလို့ဆိုရင် သမ္မာလို့ခေါ်တယ်၊ ဒါကြောင့်မို့လို့ စကားပြောတဲ့အခါ မှာ ဟာ ပညတ်နဲ့ ပရမတ်အတတ် မှားသွားမှာ စိုးလို့ ဦးဇင်းကနေပြီးတော့ စာမတတ်တဲ့အတွက်ကြောင့် ယခုလို သဘောလေးနဲ့ပြောပြရပါတယ်။ စာကတော့ သမ္မာ ကိုယ့်ရဲ့စိတ်ကလည်း စေတနာ အစစ်ဖြစ်ရမယ်၊ စေတနာကို သမ္မာလို့ တင်စားပေးတာ၊ စေတနာဟာ သမ္မာ မဟုတ်တော့ဘူး၊ သမ္မာမဟုတ်ရင် ဘာဖြစ်မလဲ၊ စေတနာပျက်မယ်၊ ဘာဖြစ်လို့ သမ္မာမဟုတ်သလဲ၊ ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊ ငါ့မိန်းမ၊ ငါ့သား၊ ငါ့တိုက်၊

ငါ့ပစ္စည်း ဆိုတာ အဲဒါ သက္ကာယအယူ၊ သမ္မာမဟုတ် တော့ဘူး၊ သမ္မာ မဟုတ်ရင် ငါပစ္စည်း၊ ငါ့တိုက်၊ ငါ့ကား မင်းဖျက်ဆီးလိုက်တော့ စေတနာပျက်ပြီ၊ အဲဒီ အယူဟာ ဘာအယူလည်း၊ သက္ကာယအယူ၊ ငါဆိုတဲ့ အတ္တအစွဲဖြစ်တယ်။ သညာသင်္ခါရ ဥပါဒါန် ဆိုတာ အဲဒါစာ၊ စာက ဥပါဒါန်လို့ခေါ်တယ်။ မနော ဘယ်သူ က မှတ်လည်း သညာက မှတ်ပေးတယ်။ သညာ မှတ်တော့ သင်္ခါရ ဥပါဒါန်ဖြစ်တယ်ဗျို့၊ အဲဒါတွေဟာ စေတနာပျက်တယ်၊ စေတနာပျက်ရင် သမ္မာလည်း ပျက်ပြီ၊ သဘောလေးနဲ့နော၊

အခုတော့ သတိပဋ္ဌာန်လေးပါးမှာ ကြော် ငါရဲ့ ဓာတ်ကို ပယ်မှပဲ၊ဓာတ်ကို ပယ်ရင် ဇရာဆိုတဲ့ အကြောင်းကို ကုန်သွားအောင် သိပါလိမ့်မယ်ဆိုပြီး တော့ တရားအားထုတ်တယ်၊ အားထုတ်တဲ့အခါကြ တော့ အကုန်လုံး အစွဲဥပါဒါန်တွေ သူပယ်တယ်၊ လောကီစိတ်တွေ၊ စိတ်နဲ့ စေတသိတ်ကို ဖြတ်ပစ်တယ်၊ သဘောလေးနဲ့နော၊ အဲဒီတော့မှ အာနာပါန ခယဝယ၊ ထိမှု၊ သိမှု သိတယ်ဆိုတဲ့ စိတ်ကလေးကို ဘာလဲ ဆိုတာကို သိမယ်၊ အဲဒီတော့ နှာခေါင်းနှစ်ပေါက်က ဝင်လေ၊ ထွက်လေ၊ ဝင်တာသိတယ်၊ ထွက်တာ သိ

တယ်၊ အဲဒီတော့မှ ဒါလေးကို သူခန့်မှန်းလို့ ရလာတယ်။ ဩော်-ဝင်တာသိတယ်၊ ထွက်တာ သိတယ်၊ သိတာ စိတ်ခေါ်တယ်၊ စိတ်ကလေးကို ခန့်မှန်းလို့ ရလာတယ်၊ ဩော် စိတ္တာတဏှာနဲ့ ခယမဇ္ဈက စိတ္တာရှင်ဇော ဘုရားဟောတဲ့ သဘောလေးနာ စိတ်ရဲ့ သဘောလေးသိတော့မှ ကာယ၊ဝစီ ဒုစရိုက်တွေဟာ ငြိမ်းလာပြီ၊ သူများ အသက်မသတ်တော့ဘူး၊ သူများပစ္စည်းမခိုးတော့ဘူး၊ သူများသားမယား မပြစ်မှားတော့ဘူး၊ ဝစီကလည်း မုသာဝါဒ သူမပြောတော့ဘူး၊ ပိသုနဝါစာ၊ ဖရုသဝါစာ၊ သမ္ဖပ္ပလာပ သေးသိမ်သောညစ်ညမ်းသော၊ မဖွယ်မရာမလုပ်တော့ဘူး၊ ဆေးလိပ်တောင် မသောက်ဘူး၊ ရေတောင် မသောက်တော့ဘူး၊ ဒီအလုပ်ကို တစိုက်မတ်မတ် အလုပ်လုပ်နေတယ်၊ အပြင်မှာ စင်ကြယ်လာတယ်၊ ဘာတွေ စင်ကြယ်လဲ၊ ကာယဝစီတွေ စင်ကြယ်လာတယ်၊ ဒါအပြင် သီလ၊ ပညတ်သီလ လုံသွားပြီ။ ပညတ်သီလ လုံသွားရင် ပရမတ်သီလကို ရှာရတော့မယ်။

အမှန်ကို မြင်၊ သဘောလေးနဲ့ သူပရမတ်ကို ရှာမယ်၊ ဒီသီလကို ရှာမယ်၊ ပရမတ်သီလဆိုတာ သဘောလေးနဲ့ ဦးဇင်းပြောပြမယ်၊ ပရမတ်သီလဆိုတာ

ဗျာပါဒ မိစ္ဆာဒိဋ္ဌိ သုံးလုံးရေးထားတယ်။ ဗျာပါဒဆိုတာ ဘာလဲ။ သားအတွက် သမီးအတွက်၊ သောကပရိဒေဝ အဲ ကိုယ်ရဲ့ ဥစ္စာပစ္စည်း ပျက်ပြားလို့ ပရိဒေဝ၊ မနေသာ တွေဖြစ်နေတယ်၊ ဥပါဒါန်ကံတွေ ဖြစ်နေတယ်၊ ကံ ပေမဲ့ အမျိုးအစားရှိတယ်၊ သက္ကာယဒိဋ္ဌိကံ၊ မိစ္ဆာဒိဋ္ဌိကံ၊ ဒါတွေဟာ စေတနာပျက်မယ်နော်၊ စေတနာပျက်ရင် သမ္မာလည်း မခေါ်တော့ဘူး၊ ကိုယ့်ရဲ စေတနာဟာ သူတစ်ပါးက မနာလိုတဲ့အကြောင်း ပြောရင် မခံနိုင်ရင် စေတနာပျက်တယ်၊ မခံနိုင်လို့ စေတနာပျက်ရင် ဘာဖြစ်လာလဲ၊ မာန်ဖြစ်လာတယ်၊ မနောကိုလုံအောင် ထိန်းမှသာလျှင် ခင်ဗျားတို့ရဲ့ သွားရမဲ့ လမ်းအမှန် အတိုင်းတွေ့ရမယ်၊ အပြင်သီလက လုံနေပြီ၊ အတွင်း သီလက မလုံသေးဘူး၊ ဗျာပါဒ၊ အဘိစ္ဆာဒိဋ္ဌိတွေ ဖြစ်နေတယ်၊ ဗျာပါဒဆိုတာ အဲဒါ ပူဆွေး တောက် လောင်တယ်ပေါ့ဗျာ။

ထိကရုပ်၊ သိတာကနာမ်၊ သိတာ စိတ်လို့ခေါ် တယ်။။ အဲဒီစိတ်ကလေးမှာ တဏှာပါနေပါတယ်၊ ခင်ဗျားကြားတယ်၊ ကား ပျက်စီးသွားပြီ။ တစ်ခုခု ဖြစ်သွားရင် ဖအေမအေက ပူတ[illegible]၊ သိတာကိုး ဗျ၊ သိ[illegible]ဟာ ဘာသိနဲ့ သိလည်း၊ သညာအသိနဲ့

သိတာ၊ ပညာမဟုတ်ဘူး၊ အမှတ်နဲ့သိတော့၊ သညာသိ
နဲ့ သိတဲ့အတွက် သညာသင်္ခါရ ဥပါဒါန်ကံ၊ ကံဖြစ်သွား
တယ်၊ ဘယ်ကံလည်း မနောကံ၊ မလုံတော့ဘူးဗျို့၊
အာရုံငါးပါး၊ ကျက်စားနေတော့ သူမလုံတော့ဘူး၊
သဘောလေးနဲ့နာ၊ လာတော့လည်း တစ်ယောက်ထဲ၊
ပြန်တော့လည်း တစ်ယောက်ထဲ၊ လာတတ်ရင် ပြန်
တတ်ဖို့လည်း လိုတယ်၊ ကံတွေနဲ့ ယူတဲ့အခါ သက္ကာယ
ဒိဋ္ဌိကံ၊ မိစ္ဆာဒိဋ္ဌိကံ၊ အတ္တဒိဋ္ဌိကံ၊ သမ္မာနဲ့ယူ၊ စေတနာ
မပျက်ပါနဲ့၊ စေတနာ အဓိပတိဖြစ်ရင် သမ္မာ မှန်နေ
ပြီ၊ သမ္မာမှန်တယ်၊ ခင်ဗျားစေတနာမမှန်ဘူး၊ စာကတော့
ရေးထားတယ်။ စေတနာမမှန်ဘူး၊ အတွင်း စေတနာ
ဘယ်သူသိမလဲ၊ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊
ဆိုတာက ခင်ဗျား သားလေးတွေ သမီးလေးတွေကို
သူများက ရိုက်တယ်၊ ရိုက်တဲ့အခါမှာ မျက်စိမြင်တာပေါ့
မြင်တော့သိတာပေါ့၊ သိတော့ မှတ်တာပေါ့၊ ဟာ
မှတ်ပြီဗျို့၊ တဏှာ မာန ဒိဋ္ဌိ အဲဒီမှာ ပေါ်လာပြီဗျို့၊
တဏှာကြောင့် မာန်ဖြစ်တယ်၊ အဲဒီ တဏှာနဲ့ မာန်
ဘယ်သူက လုပ်လဲ၊ ဒိဋ္ဌိ၊ ဒိဋ္ဌိ အလုပ်မလုပ်ဘူး။ ဒိဋ္ဌိ
သတ်မှ တဏှာပြတ်မယ်၊ ဒိဋ္ဌိဆိုတာ အာရုံနဲ့ မနော
အာရုံငါးပါးကို မယူတော့ဘူး၊ မမှတ်တော့ဘူး၊ ဘာလုပ်

လဲ ထိတယ်၊ သိတယ်၊ ထိတာက ရုပ်၊ သိတာက နာမ်၊ ရုပ်နာမ်မြင်အောင်ကြည့်၊ ရုပ်နာမ်မမြင်ရင် အဝိဇ္ဇာ ခေါ်တယ်၊ ရုပ်နာမ်မြင်ရင် အဝိဇ္ဇာဉာဏ်ခေါ်တယ်၊ ဒါကြောင့်မို့လို့ စာကမှန်၏။ ဉာဏ်မမိ ထိအောင် သူမသိ၊ ဒါတွေကို ငါပယ်မှပဲ၊ အစွဲဥပါဒါန်တွေ ငါပယ်မှဘဲ၊ ငါစွဲသလား၊ အဲဒီတော့ ငါစွဲရင်ပယ်မယ် ဆိုပြီးတော့ မဂ်နဲ့ပယ်ရတော့မယ်၊ မဂ္ဂင်ရှစ်ပါး၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ မှန်တာကို ကျင့်ပါတယ်။ အဲဒါ သီလမဂ္ဂင်ပဲ၊ အဲဒီသီလမဂ္ဂင်က ကာယကံနဲ့ ဝစီကံကို အာနာပါန ခယဝယ ဝင်လေ၊ ထွက်လေ၊ မှတ်လိုက်တော့၊ အပြင်က ကံတွေဟာ အကုန်ငြိမ်ရတယ်ဗျို့။

အတွင်းကံကို သတ်မယ်၊ သမ္မာဝါစာ၊ သမ္မာကမ္မတ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ သိတာကို သမ္မာသမာဓိလို့ခေါ်လိမ့်မယ်၊ သူလုပ်တာ သမာဓိ(၂)လုံး သုံးထားတယ်၊ သမ္မာဝါယမ၊ သမ္မာပတိ သမ္မာ သမာဓိ၊ အပြင်သမာဓိနဲ့ အတွင်းသမာဓိ သမာဓိ နှစ်လုံး သုံးထားတာ အင်မတန်မှထူးတဲ့စိတ်တွေ ကိုယ့်စိတ်ကို ကိုယ်စစ်သွားတယ်၊ အတွင်းစိတ်ကို စစ်သွားတယ်၊ ငါ ဗျာပါဒ ရှိသေးလား၊ ငါ အဘိဇ္ဈာ ရှိသေးလား၊

အဘိဇ္ဈာနဲ့ ဗျာပါဒ ဘာကြောင့်ငါဖြစ်သလဲ၊ အာရုံ ငါးပါးမလွတ်လို့ဖြစ်တာ၊ သဘောလေးနှာ၊ အနုဿယ၊ ကာယ နုပဿနာ၊ ဝေဒနာနုပဿနာ၊ စိတ္တနုပဿနာ၊ ဓမ္မာနုပဿနာလို့ စာကရေးထားတယ်၊ စာတော့ မတတ်ဘူးပေါ့ဗျာ၊ ဆိုပြမယ်၊ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တာသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန်၊ ကာယကံ၊ ဝစီကံ၊ မနောကံ ကံမဖြစ်အောင် သတိ ပဋ္ဌာန်ဆိုတဲ့ သတိ အမြဲတမ်းထားတယ်။ အဲဒီလို သတိ အမြဲတမ်းထားနိုင်မှ ခင်ဗျားမှာ အဲဒီ မဂ္ဂင်နဲ့တက်၊ သမ္မာဝါစာ၊ သမ္မာကမ္မတ၊ သမ္မာအာဇီဝ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာ သမာတိ၊ သမ္မာသမာတိ၊ သမ္မာ ဒိဋ္ဌိသမ္မာ၊ သင်္ကပ္ပ၊ သမ္မသင်္ကပ္ပက၊ ဟိုဖက်ရောက် သွားပြီ၊ ဒိဋ္ဌိကို မြင်သွားပြီ၊ ဒိဋ္ဌိက ဘာကြောင့် အာရုံ ကြောင့် ဖြစ်တာပဲ၊ အာရုံနဲ့ မနောပေါင်းတယ်၊ အဲဒါ စိတ်နဲ့ စေတသိတ်ခေါ်တယ်၊ သဘောလေးနဲ့နှာ။

မြင်စိတ်၊ ကြားစိတ်၊ နာစိတ်၊ စိတ်တွေမှာ အမှတ်နဲ့ ယူထားတာနဲ့၊ ပညာနဲ့ ယူထားတာနဲ့ ဒီနေရာ မှာ သဘောလေး၊ ပညာအပိုင်းဘယ်လို့ ရှာမလဲ၊ ပညာ ပိုင်းရှာရင် စိတ်ကနေ ခါတ်ကူးလာတယ်၊ စိတ္တနုပဿ နာခါတ်ဆိုတာ ခန္ဓာမှာရှိတယ်၊ ပထဝီ တေဇော

အာပေါဝါယော၊ ဒါဘုရားကျင့်တာ၊ ပထဝီ၊ တေဇော၊ အာပေါဝါယော ဦးဇင်းရဲ့ အသိကတော့ ပြောပြမယ်၊ သွေး၊ သည်းခြေ၊ လေ၊ သလိပ်၊ အချက်လေးချက် ရှိတယ်၊ အသက်ကြီးသွားတဲ့အခါကြတော့ သွေးအား နည်းတယ်၊ သွေးအားနည်းရင် သွေးသည်းခြေကလည်း အယောင်ခြောက်ခြားဖြစ်နိုင်တယ်၊ လေနဲ့သလိပ်က ကိုယ့်ကို နှိပ်စက်ပြီ၊ ဒီဓါတ်လေးပါးကို ကိလေသာ ဓါတ်တွေ ခေါ်တယ်၊ ဓမ္မဓါတ်မဟုတ်ဘူး၊ ကိလေသာ ဓါတ်တွေ၊ အဲဒီသောင်းကျန်းလာတယ်၊ ကိလေသာ ဓါတ်တွေ သောင်းကျန်းလာရင် ကံနိမ့်တယ်။ ကိလေသာ ဓါတ်တွေက ဟာ ခေါင်းကိုက်တယ်။ မူး တယ်။ ဝေတယ်။ ဇက်ကြောတယ်။ ဝမ်းထဲမှာ အနာ ပေါက်တယ်၊ အဲဒါ ကံနိမ့်လာပြီ၊ ကံနိမ့်လာရင် မိစ္ဆာက ဝင်လာလိမ့်မယ်၊ မိစ္ဆာဒိဋ္ဌိတွေ ဝင်လာလိမ့်မယ်၊ နာမ် ကောင်တွေ ခင်ဗျားကလည်း ကံနိမ်မယ်။ ဟိုကလည်း ဝင်လာတယ်။ ခင်ဗျား သမ္မာဒယူ ယူထား တဲ့အခါမှာ မိစ္ဆာကောင် မဝင်နိုင်ဘူးဗျ။

ဒါလေးတွေကို ကျင့်ကြံပါ။ ကြံကြပါ၊ အား ထုတ်ကြပါ။ နှလုံးသွင်းကြပါ။ ကာယသတိပဋ္ဌာန်၊ ကာယကံ၊ ဝစီကံ၊ မနောကံစစ်၊ ဝေဒနာသတိပဋ္ဌာန်၊

ဝေဒနာကြည့်၊ အဲဒီဝေဒနာမှာ တဏှာပါနေတယ်နော်၊ မခံသာ မှန်ပါ၊ ဒီတရားခံသာရင် သံသရာကြေး ပျော့လိမ့်မယ်အများ၊ ယိမ်းတာလည်း ဝေဒနာ၊ တွန်းတာလည်းဝေဒနာ၊ ပူတာလည်း ဝေဒနာ၊ အေးတာလည်း ဝေဒနာ၊ တောင့်တလည်း ဝေဒနာ၊ သဘောလေးနဲ့နာ၊ ဒီရုပ်ရရင် ဒီဝေဒနာဖြစ်မယ်၊ ဒီရုပ်ရှိရင် ဒီဝေဒနာရှိမယ်၊ ကိလေသာရှိရင် တဏှာရှိမယ်၊ သဘောလေးနဲ့နာ၊ ဒီတဏှာဟာ သံသရာကို လည်တဲ့တရား၊ သံသရာကို မျှောတဲ့တရား၊ သံသရာဘယ်ကစလဲ၊ ခန္ဓာကစတယ်၊ နိဗ္ဗာန်ဟာ ခန္ဓာမှာစတယ်၊ အေးငြိမ်းခြင်းခတ်၊ ပူဆွေးခြင်း၊ ခါတ်မဟုတ်တော့ဘူး၊ ဗျာပါဒခါတ်မဟုတ်တော့ဘူး၊ အေးငြိမ်းခြင်းခါတ်၊ ဘာဖြစ်လို့လည်း ကံပြတ်သွားတာကိုး၊ အစွဲပြတ်သွားတာကိုးဗျ။

အဲဒီအစွဲကို ဘာနဲ့ဖြတ်မလဲ၊ တရားနာနေတဲ့ ပုဂ္ဂိုလ်များ ဖအေသေတယ်၊ မအေသေတယ်၊ ကားမှောက်တယ်၊ ရောဂါဘယတွေ ဖြစ်နေတယ်၊ စိတ်မဆင်းရဲဘူးလား၊ စိတ်ဆင်းရဲပါတယ်၊ ဘုရားက စိတ်မဆင်းရဲပါစေနဲ့တဲ့ ရုပ်ဆင်းရဲပါစေတဲ့၊ စိတ်ဘာလို့ ဆင်းရဲလည်း သွားစွဲလို့ ဆင်းရဲတာပေါ့၊ (အောင်မလေး)၃၊ ဒီလိုဖြစ်တာ၊ အဲဒါ စိတ်ဆင်းရဲတယ်၊ စိတ်ဆင်းရဲတော့

တွေးသာကြည့်ပေါ့ဗျာ၊ အဲဒါရုပ်ကြောင့် နာမ်ဆင်းရဲ ဘယ်နာမ်ကြောင့် ရုပ်ဒုက္ခရောက်တယ်၊ အပြန်အလှန် ယူကြည့်ပါ။ ဒီတရားတွေ ထိုင်ကြည့်ပါ။ ဉာဏ်ရရ၊ မရရ၊ အတ္တနဲ့ အနတ္တကွဲအောင် သာကြည့်လိုက်။ ငါဟာ အတ္တအစွဲတွေ သားစွဲ၊ သမီးစွဲ၊ အကုန်ငါ လျှောက်စွဲနေတယ်။ တရားထိုင်မယ်၊ ဘာဖြစ်လို့ ဦးပဏ္ဍိတ ပြင်းပြင်းရှုရလည်း အဲပြင်းပြင်းရှုတာ ငယ စဉ်တောင်ကျေးက သူမိုက်ကိုးဗျ၊ သူများဟာတွေလိမ်၊ သူများဟာတွေခိုး၊ ရေထမ်းရောင်းရတယ်။

ဇာတိကို မသိတော့၊ ဇရာကိုလည်း မသိတော့ ဘူးဗျို့၊ ဇာတိဆိုတာ ဖြစ်ပေါ်လာတဲ့ အသိလေးကို ခေါ်တာ၊ ဇာတိ ဇရာ မရဏာလို့ ရေးထားပါတယ်။ အဲဒီဇာတိအကြောင်းကို သိရင် ဇရာ အကြောင်း သူမြင် လာလိမ့်မယ်၊ မြင်လာရင် သံဝေဂတရား ကိုယ်ကျင့် တရား၊ ဗြဟ္မာစိုရ်တရား သူရလာလိမ့်မယ်။ ခန္ဓာက ဖြစ်လာလိမ့်မယ်၊ ခုနက စေတနာဆိုတာ ခင်ဗျား ပစ္စည်းတွေကို ရိုက်ချိုးလိုက်တယ်၊ လိမ်လိုက်တယ်ဆို ရင် ခင်ဗျားစေတနာပျက်တယ်၊ စေတနာပျက်ရင် စာလိုဆို သမ္မာ မဟုတ်တော့ဘူး၊ စေတနာမပျက်ဘူး ဟာ၊ ချိုးပါစေကွာ၊ လုပ်ပါစေကွာ၊ ကိုင်ပါစေကွာ၊

ငါသည်းခံမယ်ကွာ၊ ဟော စေတနာကောင်းတယ်၊ စေတနာကောင်းရင် နတ်က စောင့်ရှောက်တယ်။ နဘာယံ ဘေးမရှိတဲ့၊ စေတနာသိပ်ကောင်းတာကိုး၊ ဘယ်လူ့ဖြစ်ဖြစ် ကျောကသားလဲ စေတနာ၊ ရင်ကသားလည်း စေတနာ၊ သူစေတနာမပျက်ဘူး၊ စေတနာကို သမ္မာလို့ ခေါ်ပါတယ်၊ အဲဒါလေးတွေကို မှတ်ထား၊ စေတနာပျက်ရင် သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိဖြစ်တယ်။ စေတနာပျက်တာကိုး၊ ဘာဖြစ်လို့ သူ့ပစ္စည်း ရိုက်ချိုးတာကိုးဗျ၊ ငါ့ပစ္စည်း မင်းရိုက်ချိုးတယ်၊ တခါတည်း မာန်ဖြစ်တာကိုးဗျို့၊ ဒီမာန်ဘာကြောင့်ဖြစ်လဲ တဏှာကြောင့် ဖြစ်တယ်၊ ကိုယ်တွင်းမှာရှိတဲ့ တဏှာကို မသတ်ဘူး၊ သိလား၊ အဲဒါလေးဟာ သံသရာမျှောတဲ့တရား၊ မြှုပ်တဲ့တရား ခေါ်တယ်။ ပေါတဲ့တရားကို လိုက်ကြ။

ခင်ဗျားတို့လည်း ပြန်ကြမှာ၊ အနတ္တ၊ တရားကြီးရုပ်က အနတ္တ၊ အိုမယ်၊ နာမယ်၊ သေမယ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ စိတ်က အတ္တဖြစ်နေတယ်။ သံသရာလည်နေတယ်။ သံသရာရုပ်အောင် လုပ်လိုက်၊ ရုပ်မှသာလျှင် ခင်ဗျား သဘောပေါက်လာလိမ့်မယ်၊ သံသရာ ဘယ်ကစလဲ၊ ခန္ဓာကစတယ်၊ သံသရာဘယ်ကပြတ်လဲ။ ခန္ဓာက စလို့ ပြတ်တယ်။ အာရုံ

ငါးပါး ပြတ်တယ်။ စက္ခုအာရုံ နားသောတအာရုံ၊ နံသာအာရုံ၊ ရူပါအာရုံတွေကို ခန္ဓာကျင့်ထားတာကိုး ဗျ၊ ခန္ဓာကျင့်တော့၊ ဒါတွေဟာ ပညာနဲ့ယူတယ်၊ ဉာဏ်နဲ့ယူတယ်၊ ကြံနဲ့ယူတာမဟုတ်ဘူး၊ ကံဆိုတဲ့ စေတနာက အမျိုးအမည်ခွဲတယ်၊ ပကာသန စေတနာ ဘယာစေတနာ၊ အဓိပတိစေတနာမှမှန်တာ၊ အဓိပတိ ဆိုတာ နှလုံးသားက ဖြစ်တဲ့ စေတနာ၊ အဲဒီလို စေတနာ တွေကို အဓိပတိထား၊ တရားကို အားထုတ်၊ အတ္တကို ပယ်၊ အနတ္တကို နှလုံးသွင်း၊ မဂ္ဂင်လမ်းလျှောက်၊ လမ်းဆုံးရင် ရွာတွေ့မယ်၊ ခင်ဗျားသာ မှန်ပါစေ။

လာတော့လည်း တစ်ယောက်ထဲ၊ ပြန်တော့လည်း တစ်ယောက်တည်း၊ ခင်ဗျား ဒါတွေစွဲနေ၊ ဥပါဒါန်ရဲ့ ကံတရားတွေ၊ သံသရာလည်တာ မဆုံးတော့ဘူး၊ ဥပမာ ဇာတိကြည့် မြတ်စွာဘုရားဟာ ဒါဘာလဲကွတဲ့၊ ဒါအိုခြင်းပါဘုရား၊ ဒါဘာလဲ နာခြင်းပါဘုရား၊ ဒါ ဘာလဲ၊ သေခြင်းပါ။ အခုကာလမှာ အဲဒါကို သိသွားပြီ သိသွားတော့မှ ဟာ ငါရဲ့ ဇာတိ အခုသိတဲ့ အသိကို ပယ်မှပဲဆိုပြီးတော့ သွားပြီးတော့ ပယ်တာဗျို့၊ ဇာတိ အသိ အဲဒီလိုပယ်တဲ့အခါမှာ ဟာ သူ့ရဲ့ သစ္စာ လေးပါး ဒုက္ခသစ္စာနဲ့သမုဒယသစ္စာနဲ့ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာ၊

ဒုက္ခသစ္စာကိုယ်လည်း သိပြီ၊ ဥပါဒါန်ကြောင့် ဒုက္ခ၊ သားမယားတွေစွဲတာ ဒုက္ခ၊ အဲဒီ ဒုက္ခ လည်း သိပြီ၊ သမုဒယသံယောဇဉ်အကြောင်းလည်း ပြတ်ပြီ၊ အဲဒါ ကိလေသာနဲ့ တဏှာဉာဏ်က ဖြတ်တာ ဗျို့၊ မဂ္ဂင်နဲ့သွား ကိုယ့်စိတ်ကိုယ်စစ်၊ သူများစိတ်ကို သွားမစစ်နဲ့၊ သူများအကြောင်းကို ကိုယ့်အကြောင်း မလုပ်နဲ့ အကြောင်းသက်တရား။

မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ သွားမဝေဖန်နဲ့၊ ကိုယ်အကြောင်းကိုယ်သာ သတ်လိုက်၊ သူများအကြောင်း ကိုယ်ကနေပြီးတော့ အေး အေး အေး အေး ဒါပေါ့ဗျာ၊ အဲမှာ စင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်မယ်၊ ကိုယ်စေတနာက ပကတိ မြေကြီးလိုထားတယ်။ ရပ်ကွက်မှာရှိကြတဲ့ လူကြီးမင်းက ဟော့ တစ်အိမ်တစ်ယောက်ထွက် ကျွန်တော်ထွက်ပါ့မယ်၊ အဘရဲ့၊ ကျွန်တော်လုပ်ပါ့မယ်အဘရဲ့၊ စေတနာကောင်းတာကိုး၊ ဘာဖြစ်ဖြစ်လုပ်တယ်၊ ကိုယ်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့ တန်းတူကို ကြင်နာပါ။ ကိုယ်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရား ထားပါ။ ဗြဟ္မာစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို မာန်တွေ၊ ရာဇမာန်တွေ၊ ဒနမာန်တွေ၊

ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန်တွေ၊ ငါ့မာန်တွေ၊ စာမာန်တွေ၊ မစွဲနဲ့၊ ရေးထားပြီလေ၊ မာန်တွေ၊ မာန်တွေ။

ရူပကာယ အလွန်တင့်တယ်တဲ့ အမျိုးသမီးကလည်း ရုပ်က အင်မတန်ချောတာပေါ့၊ သူကလည်း ချောတဲ့မာန်လေးတော့ရှိတာပဲဗျ၊ သူထက်ငါသာတာပဲ၊ အတ္တ အယူမှား အမှတ်မှား အစွဲမှား ဒါတွေဟာ အင်မတန်နတယ်၊ တဏှာ၊ အင်မတန်နတယ်၊ နအားကြီးလို့ မသိနိုင်ဘူး၊ ကိလေသာမှာကပ်နေ ရုပ်မှာရှိတယ်၊ ဒီတဏှာ၊ အဲဒီရုပ်မှာရှိတာ တဏှာကို ဉာဏ်နဲ့ကြည့်မှ ရုပ်နာမ်ကို သိမယ်၊ ရုပ်နာမ်သိမှ ပယ်မယ်၊ ပယ်မှ မဂ်ဆိုက်ဖိုလ်ဆိုက် သိ၊ပယ်၊ဆိုက်၊ပွား ဒါတွေ သိရှိပါမယ်၊ လာတော့လည်းတစ်ယောက်တည်း၊ ပြန်တော့လည်းတစ်ယောက်တည်းပဲ၊ ဒီအလုပ်လုပ်လိုက်လို့ရှိရင် ဉာဏ်မရတောင်၊ ခင်ဗျားတို့အပါယ်ပိတ်တယ်။ အသူရကာယ်ဘုံ၊ ပြိတ္တာဘုံ၊ ငရဲဘုံ၊ တိရိစ္ဆာန်ဘုံ၊ ဘုရားကဟောတာ။ ဘုံ(၃၁) ဘုရားကဟောတာ အဲဒီ ဘုံ(၃၁)ကို လွတ်မှ သာလျှင် ခင်ဗျား အေးငြိမ်းခြင်း ခါတ်ရမယ်၊ ခင်ဗျားတို့ပေါ်မှာ မူတည်တယ်။

ဦးဇင်းကလည်း ဒီညပြန်မှာကိုးဗျ၊ အသိလေး လာပေးတာ၊ အဲဒီလို ပေးလိုက်တဲ့ အသိလေးကို အပ္ပမာဒေန၊ သမ္ပာဒေထ အတ္တကနေပြီးတော့ အနတ္တကို ပြောင်းကြပေတော့၊ အင်္ဂလိမာလတောင် လူသတ်တဲ့ကောင်တောင် ရသေးတာပဲ၊ ဘာမှ မအားငယ်ပါနဲ့၊ ကြိုးစားပါ။ လူဆိုတာ မှားတာလည်းရှိတယ်၊ မှန်တာလည်းရှိတယ်၊ မှားတာကို သိရင် တရားပဲ၊ ကိုယ်မှားနေတာကို သိရင် တရားပဲ၊ ပြင်လိုက်ပါ။ သဘောလေးနဲ့နော၊ ဦးပဏ္ဍိတက ခင်ဗျားတို့ရဲ့ လှူချင်တဲ့ ပုဂ္ဂိုလ်များ ဦးပဏ္ဍိတကို လှူချင်ရင် ဦးပဏ္ဍိတအလှူခံမယ်၊ အောက်ဆင်းပြီးတော့ သင်္ကန်းလေးဖြန့်ပြီး အလှူခံမယ်၊ ညောင်စေ့လောက်လှူရင် ညောင်ပင်ကြီးလောက် ဖြစ်တယ်။ ညောင်ပင်ကြီးလောက် လှူရင် ညောင်စေ့လေးလောက်ဖြစ်တယ်။ ခင်ဗျား စေတနာမှန်ဖို့လိုတယ်၊ အလှူခံတဲ့ ရဟန်းကလည်း စစ်ဖို့လိုတယ်။ ကုသလာနံ ခင်ဗျားတို့က ကုသိုလ်လုပ်တယ်၊ အလှူခံပုဂ္ဂိုလ်က ဓမ္မာနံ၊ ဟောတ၊ ပစ္စယောတဲ့၊ ဝေဒနိယ ဒိဋ္ဌ လက်ငင်းမျက်မှောက်အကျိုးပေးလိမ့်မယ်တဲ့၊ အဲဒီလောက်ဆိုတော်ရောပေါ့ဗျာ။

❖ ❖ ❖ ❖ ❖

## ၂၀၀၃–ခုနှစ်၊ ဇန်နဝါရီလ (၁၁)ရက်နေ့၊ လှိုင်မြို့နယ်၊ ဧယျဝတီစာသင်တိုက်တွင် ဧရာဝတီတိုင်း၊ ဝိသုဒ္ဓိ မဟာမြိုင်ကမ္မဋ္ဌာန်းကျောင်း၊ ဝိသုဒ္ဓိဆရာတော်ဘုရားကြီး ဦးပဏ္ဍိတ ဟောကြားတော်မူခဲ့သော ခန္ဓာကျင့်၊ ခန္ဓာသိ၊ ဓမ္မသစ္စာတရားတော်။

ခန္ဓာသိဆိုတဲ့ သဘောလေးဟောပြမယ်။ ပညတ်သိနဲ့ ပရမတ်အသိရှိပါတယ်၊ ရှိတဲ့အခါကြတော့၊ ခွဲခြားပြီးတော့ သိတဲ့စိတ်ကလေးကို ဦးဇင်းကနေပြီးတော့ ဒကာ၊ ဒကာမများ အားလုံးဆရာတော် သမားတော်အားလုံး သီလရှင်များ ကိုယ့်စိတ်ကလေးကိုယ်စစ်၊ စိတ်ကလေးကို ဟောသွားတာ၊ ဒီစိတ်ကလေးက သိစိတ်လို့ခေါ်တယ်၊ မြင်တော့ သိတာပဲ၊ ကိုယ်နားက ကြားတော့ သိတာပေါ့၊ ဒါသစ္စာခေါ်တယ်။ ဒါသစ္စာ တရားတွေ ဒီသစ္စာကို စာက ရေးထားတယ်။ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊

အရိယထသစ္စာတဲ့၊ ဥပါဒါန်စိတ်ကလေးရဲ့ အသိကို ဟောတာ။

အရိယာအသိနဲ့ ပုထုဇဉ်အသိ ဒီနေရာမှာ ကွာတယ်၊ ကိုယ်စိတ်ကိုယ်စစ်၊စစ်ရင် သဘောပေါက်လာလိမ့်မယ်၊ မြင်တော့သိတယ်၊ မှတ်တယ်၊ ကြား တော့သိတယ်။ မှတ်တယ်၊ ဒါခင်ဗျားတို့ပေါ် မူတည် တယ်။ ဒါဘာကြောင့် မှတ်သလဲ၊ ပါဠိလို ပညာခေါ်တယ်၊ သညာ၊ သင်္ခါရ၊ ဥပါဒါန်၊ ကံဖြစ်တယ်ဗျို့၊ ဒါ စိတ္တနုပဿနာကို အရိယာက ပြောသွားတာ၊ အဲဒါ အရိယာထ သစ္စာလို့ခေါ်တယ်၊ ကံမပြတ်တဲ့ပုဂ္ဂိုလ်များက သမုတိသစ္စာခေါ်တယ်။ သစ္စာပေမဲ့ အပိုင်း အခြားတွေရှိတယ်။ သီလလည်း အမျိုးအစားရှိတယ်၊ သမာဓိလည်း အမျိုးအစားရှိတယ်၊ ပညာလည်း အမျိုးအစားရှိတယ်၊ သညာလည်း အမျိုးအစားရှိတယ်၊ အဲဒါခင်ဗျားတို့အပေါ် မူတည်တယ်။

ဒါကြောင့်မို့လို့ သြော် အေးအေးအေးအေး သြော် အေးအေးအေး အေးအေး စာမှမတတ်တာကိုး၊ အေးအေးအေးအေး ခင်ဗျားတို့ သီလမှန်တယ်၊ အပြင်သိလား၊ သိပ်မှန်တာပေါ့၊ ပါယ်တာမဟုတ်ဘူး၊ ကိုယ်က မစွဲနဲ့နော်၊ သူများအသက် မသတ်ပါနဲ့၊ သူများ

ပစ္စည်းမခိုးပါနဲ့၊ သူများ သားမယား မဖျက်ဆီးနဲ့၊ အဲဒါ စွဲလို့ လုပ်ကြတာတွေပဲ မစွဲတဲ့လူကလည်း မလုပ်ဖူး ပေါ့၊ ဒါအပြင်သီလ မုသာဝါတာ မပြောပါနဲ့၊ ပိသုန ဝါစာ၊ ဖရုသ ဝါစာ၊ သမ္ဖလာပ ဆိုတာ အဲဒါ စွဲ ရင် ပြောမှပဲ၊ အဲဒါကံသီလ၊ သဘောလေးပဲနော၊ အဲဒါ သံသရာလည်မယ်၊ ခင်ဗျားတို့ အပါယ်ကျတယ်။ မပြောဘူး၊ နတ်ပြည်ရောက်တယ်၊ မပြောဘူး၊ အဲဒါ ကိုယ့်စိတ်ကိုယ်စစ်၊ ဘာနဲ့စစ်မလဲ၊ မဂ္ဂင်နဲ့စစ်၊ မဂ္ဂင် နဲ့ စစ်တဲ့အခါကျတော့ ဘယ်စိတ်တွေ ဖြစ်လာမလဲ သမ္မာစိတ်တွေ ဖြစ်လာမယ်၊ မကောင်းတဲ့ ဒုစရိုက် သက္ကာရ ဒိဋ္ဌိစိတ်တွေ၊ မိစ္ဆာဒိဋ္ဌိစိတ်တွေ၊ ပယ်မယ်။ မဂ္ဂင်က ပယ်မယ်ဆိုတာ သြော် အေးအေးအေးအေး အနိစ္စ ဒုက္ခ အနတ္တ အဲဒါ အရှု့ခံတရားတွေ ကိုယ့်ရုပ် ကို ကိုယ်အနိစ္စရဲ့ သဘောဆိုတာဘာလဲ၊ ဒုက္ခရဲ့ သဘော ဆိုတာဘာလဲ၊ အနတ္တရဲ့ သဘောဆိုတာ ဘာလဲ၊ သူများသွားမမေးနဲ့၊ ကိုယ့်ဟာကို သိရမယ်၊ သိရင်ပယ်လိမ့်မယ်၊ ပယ်ရင် မဂ်ကိုရလိမ့်မယ်၊ ဒီဘဝ ရမယ်၊ အဲဒါ အေးငြိမ်းခြင်းဓါတ်ခေါ်တယ်၊ မဂ္ဂင်နဲ့ စစ်တာ၊ အဲဒါ အေးငြိမ်းခြင်းဓါတ်၊ ခုနက အပြင် သီလယူထားတဲ့ဟာက မဖျက်ဆီးပါဘူး၊ သေရည်

သေရက် မသောက်ပါဘူး၊ သူများ ပစ္စည်း မခိုးပါဘူး၊ သူများ သားမယား မဖျက်ဆီးပါဘူး၊ သေရည်သေရက် မသောက်ပါဘူး၊ ဝိကာလဘောဇနေ မစားပါဘူး၊ နစ္စ၊ ဂီတ၊ ဒါအင်မတန် ထူးတဲ့ သီလ၊ မစွဲနဲ့တဲ့၊ သူက ပြောသွားပြီ၊ မဂ္ဂင်နဲ့ တရားနှလုံးသွင်းတယ်။ နှလုံးသွင်းတဲ့အခါကျတော့၊ အာရုံငါးပါးလည်းပယ်တယ်၊ မနော ကိုသတ်တယ်။ မနောကိုသတ်တော့ ကာယကံ၊ ဝစီကံ၊ မနောကံ ဒုစရိုက် ၁၀-ပါးရဲ့၊ အယူမှား၊ အမှတ်မှား၊ အစွဲမှား အဲဒီကံတွေ ပယ်တာဖို့၊ သမ္မာနဲ့ ယူထား တယ်။

ကံပေမဲ့ အမျိုးအစားရှိတယ်၊ ဒီမဂ္ဂင်နဲ့ မစစ်တော့၊ ခင်ဗျားဟာ ခင်ဗျားသွားရော၊ ငါ့အဖေပဲ၊ ငါ့အမေပဲ ဒါငါ့ကားပဲ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲ မှားတယ်၊ ကံဖြစ်တယ်၊ ယူထားတဲ့အယူ ငါလို့ ယူထားတယ်၊ ဘယ်လူဖြစ်ဖြစ်မလွယ်ပါဘူး၊ ငါမြင် တယ်ကွ၊ ငါကြားတယ်ကွ၊ အဲဒါအရိယာသစ္စာက အတ္တ သစ္စာကို သင်ပေးတာ၊ ဒီလမ်းလျှောက်ကွ၊ မလျှောက် တာကတော့ ငါလည်း မတတ်နိုင်ဘူးတဲ့၊ သီလပြည့် စုံအောင် ဆောက်တည်ကြ၊ သီလပြည့်စုံမှ အခုလည်း ချမ်းသာတယ်၊ နောင်လည်း ချမ်းသာမယ်၊ ဟုတ်တယ်၊

မှန်တယ်၊ သိပ်မှန်တယ်၊ ချမ်းသာတယ်၊ စိတ်ချမ်းသာတယ်၊ ဒီက စိတ်ကို အေးငြိမ်းခြင်း ဓါတ်ရတယ်၊ မဂ္ဂင်က စိတ်ကို အေးငြိမ်းတယ်၊ အေးသွားပြီ၊ အဲဒါ စိတ်စစ်တာ၊ စိတ်စစ်တဲ့အခါကျတော့ အာရုံငါးပါးနဲ့လည်း မပေါင်းဘူး၊ ကံကိုလည်း သူပယ်မယ်၊ ဘယ်ကံတွေ ပယ်မလဲ၊ ဗျာပါဒ၊ အဘိဇ္ဈာ၊ ဒိဋ္ဌိ၊ ဒိဋ္ဌိကိုလည်း မပေါင်းဘူး၊ အာရုံနဲ့ မနောမပေါင်းဘူး၊ ဒါအေးငြိမ်းခြင်း ဓါတ်၊ အေးငြိမ်းခြင်း သီလ၊ ကိုယ်ခံစားရတဲ့ သီလ၊ ဒါအစွဲပြတ်နေတာ၊ အဲဒီလိုသီလမျိုးကို ခင်ဗျားတို့ ယူကြပါ။ အပြင် သီလမှန်တာပေါ့၊ ရှောင်ထားတဲ့ သီလ၊ ဒီကဆောင်ထားတဲ့ သီလ၊ သီလပေမဲ့ အမျိုးအစားခြင်းမတူဘူး၊ ဒါလေးတွေကို ဦးပဏ္ဍိတက စာတော့ မတတ်ဘူး၊ ငါက သိစိတ်ကို ငါပြောတာပါတဲ့။

သိစိတ်ကို ပြောတဲ့အခါကျတော့ ဒုက္ခသစ္စာ ဆင်းရဲခြင်း၏ အမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်း၏ အကြောင်းမှန်တရား၊ မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ ဒီအကြောင်းကို မသတ်ဘူး၊ ဘာဖြစ်လို့ မသတ်လဲ။ ဒုက္ခသစ္စာကို မသိဘူး၊ ဟော ဦးဇင်းက ပြောပြမယ်၊

နင်မြင်ပြီမို့လားတဲ့ မြင်ပါတယ်ဘုရားတဲ့ မြင်တော့ မသိဘူးလားတဲ့။ သိပါတယ်၊ အဲဒါ သိစိတ်ပဲတဲ့၊ မှတ်ထားတဲ့၊ အဲဒါ သိစိတ်၊ အဲဒါလေးကို နင်မစွဲဘူးလားတဲ့၊ စွဲပါတယ်ဘုရားတဲ့၊ စွဲဟာ ဒုက္ခဖြစ်ပြီတဲ့၊ ငါစိတ် ဟောတာတဲ့၊ ကံကြောင့် နင်စိတ်ကလေးဟာ ဒုက္ခဖြစ်ပြီတဲ့၊ ငါစိတ်ဟောတာဟဲ၊ နင်အခုမြင်လိုက် တယ်မို့လားတဲ့၊ မြင်လိုက်တော့၊ ဒီစိတ်ကလေးက အဲဒါ သွားစွဲတာ၊ စွဲရင်အဲဒါကံ၊ ကံကြောင့် နင့်စိတ် ဒုက္ခ ဖြစ်ပြီတဲ့၊ အဲဒါဟောတာ၊ အဲဒါ အရိယာဟောသွား တာ၊ ခင်ဗျားတို့ တွေးကြည့် သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာထသစ္စာ ဟောတာ၊ အရိအတ္တသစ္စာက ဘာတွေကျင့်သွားလဲ၊ ဟောပြမယ်၊ သမုတိသစ္စာမှာ မှန်အောင်လုပ်၊ အပြင်မှာ စင်ကြယ်အောင်နေ၊ အပြင်မှာ မစင်ကြယ်မှ ခန္ဓာမှာ စင်ကြယ်မယ်၊ ခန္ဓာမှာ စင်ကြယ်မှ ဉာဏ်မှာ စင်ကြယ် မယ်။ ဒါဝိပဿနာ ဉာဏ်စခန်း၊ ကံမဟုတ်ဘူး၊ ကံဆိုတာ အစွဲ၊ ဉာဏ်ဆိုတာ ကံကို ဖြတ်တာ၊ မဂ်ဉာဏ် နဲ့ ဖြတ်လိုက်တာ၊ ဘယ်သူသိမလဲ၊ အဲဒီတော့မှ သမုတိ သစ္စာက နေတတ်တာ၊ လုပ်တော့ ဝိရတိသစ္စာ၊ ဝိပဿနာ အလုပ်လုပ်တာ၊ ဝိရတိသစ္စာ မှန်တော့

သဘာဝသစ္စာ၊ သဘာဝကို သိပြီ၊ ပရမတ္ထ သစ္စာကနေ ဟော အရိယာထသစ္စာကူးပြီ၊ ဒါကျင့်တဲ့လူပဲ သိတယ်။ အဲဒါလာဟောတာ၊ ခင်ဗျားတို့ကိုယ့်အဖေလို၊ ကိုယ့်အမေလို ခင်ဗျားတို့ အတိတ်ရဲ့ကံက မကုန်ခဲ့လို့ မပြတ်ခဲ့လို့ ပစ္စုပ္ပန်မှာ လာပြီးတော့ ကံဖြစ်ရပြန်ပြီဗျို့၊ အဲဒါ ဆက်သာလုပ် အဲဒါအနာဂတ်သွားမှပဲနော်၊ အဲဒါ ဖြတ်တတ်ဖို့လိုတယ်၊ ပစ္စုပ္ပန်မှာ ဖြတ်တက်ဖို့လိုတယ်၊ ဟေးလားဝါးလား ဟေးလား ဝါးလားနဲ့ အချိန်ဖြုန်း ခင်ဗျားတွေ ဒုက္ခတွေရောက်ပြီ၊ သွားစွဲတာ၊ ကံကြောင့် ဒုက္ခ၊ ဘာကြောင့်လည်းမနော၊ ဘာကို သွားစွဲလည်းအာရုံ၊ ဘာနဲ့ယူသလဲ အမှတ်နဲ့ယူတယ်၊ အမှတ်နဲ့ယူတော့ ဘာဖြစ်သလဲ၊ သင်္ခါရဖြစ်တယ်၊ အဲဒါတွေးပေတော့ဗျို့၊ ဘုရားကဟောတာ သဗ္ဗေ အလုံးစုံသင်္ခါရ။ သဗ္ဗေ အလုံးစုံသော သင်္ခါရ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ၊ ဒုက္ခ၊ သဗ္ဗေအလုံးစုံသော သင်္ခါရ အနတ္တ၊ ဟုတ်သလားတဲ့ စာသမားကို မေးတယ်။ မှန်ပါတယ် ဘုရားတဲ့၊ မှန်ရင်မင်းသိသလားတဲ့၊ ခန္ဓာသိတွေးသာကြည့်ပေတော့ဗျို့၊ လာတာလည်း တစ်ယောက်ထဲ၊ ပြန်တာလဲ တစ်ယောက်ထဲ၊ ကိုယ့်အလုပ်ကိုယ်လုပ်၊ ကိုယ်စိတ်ကိုယ်စစ်၊ စိတ်စစ်တတ်ဖို့လိုတယ်။

အပြင်မှာ စင်ကြယ်ရင်၊ ခန္ဓာမှာ စင်ကြယ်မယ်၊ ခန္ဓာမှာစင်ကြယ်ရင်၊ ဉာဏ်မှာ စင်ကြယ်မယ်၊ အပြင်မှာ ဘာနဲ့ သုံးမလဲ၊ ကာယ၊ ဝစီ၊ သမ္မာနဲ့ သုံး၊ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့ တန်းတူကိုကြင်နာပါ။ ကိုယ်အောက်ကသူကို သနားပါ။ ကိုယ်ကျင့်တရားထားပါ။ ဗြဟ္မစိုရ်တရားထားပါ။ သံဝေဂတရားထားပါ။ ကိုယ့်ကိုယ်ကို မာန်တွေပယ်ပါ။ ရာဇမာန်၊ ဓနမာန်၊ စာမာန်၊ ငါမာန်၊ တွေပယ်ပါ။ အဲဒါတွေအကုန်ပယ် မစွဲနဲ့၊ လုပ်ပေးလိုက်၊ မင်းစေတနာကောင်းကောင်းနဲ့ လုပ်ပေးလိုက်၊ တစ်အိမ်တစ်ယောက်ထွက်မင်းရှေ့တန်းကထွက်၊ အလုပ်လုပ်ပေးပါ။ စေတနာကောင်းကောင်းနဲ့ လုပ်ပေးပါ။ ရပ်ကွက်က လူကြီးခိုင်းရင် လုပ်ပေးပါ၊ စေတနာနဲ့ လုပ်ပေးပါ။ မိမိရဲ့ နှလုံးသားထဲက စေတနာ၊ အပြင်မှာ မြင်တယ်၊ မှတ်တယ်၊ မင်းအဲဒီအယူဝါဒတွေ မယူနဲ့ မင်းစေတနာပျက်သွားလိမ့်မယ်၊ လူကြီးက မင်းကို ဆဲရင် မင်းစေတနာပျက်တတ်တယ်၊ ဆဲတာလည်း မမြဲပါလား၊ နံ့တာလည်း မမြဲပါလား၊ စားတာလည်း မမြဲပါလား၊ ထိတာလည်း မမြဲပါလား၊ မမြဲတော့ မစွဲဘူး၊ မစွဲတော့ ဘာဖြစ်လည်း စိတ်ကလေးက ဘဝင်လေးက အေးငြိမ်းခြင်း

ခါတ်ရတယ်၊ ဒါမဂ္ဂင်သွားတဲ့လမ်း၊ အေးငြိမ်းခြင်းခါတ်ကို ရဖို့လိုပါတယ်။

မရှိတာကို ရှာရင်ရပါတယ်၊ မသိတာအခက်ဆုံး၊ အဲဒါမသိလို့ လာပြောတာ၊ သီလဆိုတာမှန်ပါတယ်၊ မင်းအကာသီလမပယ်နိုင်ဘူး၊ ငါလည်း အကာသီလနဲ့ လာပါတယ်၊ မစွဲဘူး၊ ဟောစွဲရင်ကံဖြစ်မယ်၊ ကိုယ့်စိတ်ကိုယ်စစ်တယ်၊ သမ္မာဝါစာ၊ သမ္မာကမ္မတ၊ သမ္မာအာဇီဝ၊ အဲဒါ ပါဠိစကားတွေ၊ ဩော် သမ္မာဆိုတာ ကောင်းသောအလုပ်၊ ဝါစာဆိုတာ မပြတ်ပြုလုပ်နေတယ်၊ ဝါယမတဲ့ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဘုရားဟောတာ၊ ဒါကို စိတ်ကို စစ်ရမဲ့၊ မဂ္ဂင်ရှစ်ပါးခေါ်တယ်၊ နိဗ္ဗာန်ကို သွားမယ်၊ အဲဒီပုဂ္ဂိုလ်ကနိဗ္ဗာန်သွားမှာ၊ ကိုယ်စိတ်ဘာနဲ့ စစ်မလဲ၊ မနောစိတ်တဲ့၊ အာရုံကို ပယ်မယ်၊ မြင်တာလည်း မမြဲပါလား၊ ကြားတာလည်း မမြဲပါလား၊ နံတာလည်း မမြဲပါလား၊ စားတာလည်း မမြဲပါလား၊ ထိတာလည်း မမြဲ၊ အာရုံငါးပါးပါယ်ပြီ၊ မယူတော့ဘူး၊ အယူမှားတယ်၊ အမှတ်မှားတယ်၊ အစွဲမှားတယ်၊ ပယ်ပြီကွာ၊ သက္ကာယဒိဋ္ဌိတွေယူတယ်၊ မိစ္ဆာဒိဋ္ဌိအယူတွေ ယူတယ်၊ အတ္တာဒိဋ္ဌိတွေယူတယ်၊ သမ္မာအယူမယူဘူး၊ ကိုယ့်စိတ်ကိုယ်စစ်။

ခင်ဗျားတို့မီးမွေးလည်း ကိလေသာမသိဘူး၊ အဲဒါ ရုပ်နာမ်ခေါ်တယ်၊ ရုပ်နာမ်သိတာ ဝိဇ္ဇာဉာဏ်ခေါ်တယ်။ ရုပ်နာမ်မသိတာ အဝိဇ္ဇာခေါ်တယ်။ သေချာလေး ပြောပေးလိုက်မယ်။ ပြန်တာလည်းတစ်ယောက်တည်းပဲ လာတာလည်း တစ်ယောက်တည်းပဲ၊ အဲဒါ စွဲနေတာ ပေါ့။ စွဲရင် ကံပဲ။ မကောင်းတာလည်းစွဲပါတယ်ဗျာ။ ကောင်းတာလည်းစွဲပါတယ်ဗျာ။ တွေးကြည့် အစွန်း နှစ်ပါးမလွတ်တော့ဘူး။ ဘုရာတည်တယ်ပေါ့ဗျာ၊ သဲတွေအုတ်တွေလှူလိုက်တယ်၊ ဘေးပတ်ဝန်းကျင်က သူ့ကိုသွားပြီးတော့ ဟာ အစ်ကိုကြီး သူတို့ အကုန် အချောင်ရောင်းစားတယ်ဗျ၊ သူ့ကိုပြောလိုက်တယ်။ ဟုတ်လားကွ၊ လှူတဲ့စိတ်ကလေးက အကုသိုလ်ဖြစ် တယ်ဗျို့။ မနောစိတ်ပြောင်းသွားပြီ။ သင်္ခါရဖြစ်ပြီ။ သြော် ယူပါစေကွာ၊ ကုန်ရင်နောက်ထပ် ငါလှူမယ် ကွာ၊ အဲဒါ စေတနာတွေပေါ့၊ ခိုးတာသူ့စေတနာပျက် သွားပြီ၊ ဘာလို့လဲ ပညတ်သွားစွဲတာကိုးဗျ။ အစွဲ ဥပါဒါန်ကြောင့် ကံဖြစ်တယ်။ သံသရာဘယ်ကစသလဲ ခန္ဓာကစတယ်၊ သံသရာဘယ်ကလည်လဲ ခန္ဓာကစလို့ လည်တယ်၊ သံသရာ ဘယ်ကပြတ်လဲ ခန္ဓာကစလို့ ပြတ်တယ်။ နိဗ္ဗာန်သည် ခန္ဓာမှာစတယ်၊ ခန္ဓာမှာဆုံး

တယ်။ သီလချုပ်တယ်၊ ကြည့်စမ်း၊ ပြောသွားပြီလေ၊ အရိယာကပြောတာ၊ ပုထုဇဉ်ရှိတယ်၊ သမုတိသစ္စာ၊ ဝိရတိသစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ သူကျင့်ပြီး သိလို့ ခင်ဗျားတို့ကိုလာပောတာ၊ ခန္ဓာဝန်မချသေးဘူး၊ လောကုတ္တရာအာရုံမှာ သူ့အပေါင်းသင်းက ဘယ်သူလဲ၊ ဖိုလ်မ၊ ဖိုလ်ဘာကြောင့်ရသလဲ၊ မဂ်ကြောင့်ဖိုလ်ရတာ၊ မဂ်ဉာဏ်ရလို့ ဖိုလ်ရတာ၊ မဂ်ဉာဏ်ဆိုတာ လောကီအကြောင်းတွေ ပြတ်ကုန်ပြီ။ မစွဲတော့ဘူး၊ အဲဒါ မဂ်ဉာဏ်ပဲ၊ တစ်ချက်ပဲသတ်ရတယ်။ အဲဒီလိုပုဂ္ဂိုလ် စစ်နဲ့ လာတွေ့ရပြန်တယ်။ နောင်လည်းတွေ့ရအုံးမှာပဲ၊ ပောသူပြောပြီ ခင်ဗျားတို့ သဒ္ဓါဖိုလ်တွေ၊ ဝီရိယဖိုလ်၊ သီလဖိုလ်၊ သမာဓိဖိုလ်၊ ခင်ဗျားတို့ရဲ့ ပညာဖိုလ်တွေနဲ့ တက်၊ ဝိပဿနာလုပ်၊ အချိန်မဖြုန်းနဲ့၊ မရဏသေမင်း က ဉာဏ်နဲ့ကံနဲ့လူက ထူးလိမ့်မယ်။ ကံနဲ့ပြန်တဲ့လူက လူးလိမ့်မယ်။ ၃၁-ဘုံမလွတ်ဖူးဘူး၊ ခင်ဗျားတို့ အေးအေးမနေနဲ့ တရားက ခန္ဓာမှာရှိတယ်၊ ခင်ဗျားစိတ် ခင်ဗျားစစ်။

အခုန မဂ်ဉာဏ်ရရင် ခင်ဗျား ဟိုဘက်ကမ်းမျှော ချာန်တွေလည်း ဖြစ်ကုန်ပါပြီဟာ အကုန်ဖြစ်၊ အဲဒီ တော့မှ ခင်ဗျားရဲ့ အတွင်းသဒ္ဓါဟာ စိတ်မချရဘူး၊

ဟောဒါ အရိယာက သင်ပေးတာ၊ ပုထုဇဉ်ရဲ့ စိတ်က တော့ဆက်၊ ကြားတုန်း၊ နာတုန်းပဲ၊ အရိယာရဲ့စိတ်က ချိတ်ဆက်၊ ချိတ်ဆက်က လောကုတ္တရာအာရုံ ချိတ်ထား ပြီ၊ လောကီနယ်မှာ မင်းပါးရိုက်ရိုက်၊ ထောင်ကျကျ၊ သတ်သတ်၊ သက်ံနီးချုတ်ဆိုရင် ချုတ်ပေးမယ်။ ထွက် သွားဆို ထွက်ပေးမယ်။ ရသွားပြီ၊ ဗုဒ္ဓ၊ ဓမ္မ၊ သံဃာဆိုပြီး ရေးထားတယ်။ ဒီအဝတ်ဝတ်မှ ခင်ဗျားတို့ လှူကြမယ်၊ သံဃာတော်အရှင်မြတ်တို့ လှူမယ်ဟော့၊ တို့ရဲ့အဝိဇ္ဇာတုံး ကြီးကို သီလနဲ့ဆေးကြောမယ်၊ ဒါနနဲ့ ဆေးကြောမယ်၊ ဘာဝနာနဲ့ ပွားများမယ်၊ ဦးပဏ္ဍိတရဲ့ အဝိဇ္ဇာတုံးကြီးဟာ အဓိသီလနဲ့ဆေးကြောတယ်၊ အဓိစိတ္တနဲ့ ဆေးကြော မယ်၊ အဓိပညာနဲ့ဆေးကြောတယ်။ ဦးပဏ္ဍိတလည်း အဝိဇ္ဇာပဲ၊ သူက ဆေးကြောတတ်တယ်။ ခင်ဗျားတို့က မဆေးကြောတတ်တဲ့အတွက် သင်ပေးတာလုပ်ကွတဲ့၊ ဒါနစစ် ဒါနမှန်နဲ့ ဆေးကြောတယ်၊ သီလစစ်၊ သီလ မှန်နဲ့ ခင်ဗျားရဲ့ စိတ်ကလေးတွေကို ဆေးကြောတယ်၊ ဘာဝနာစစ် ဘာသနာကို ပွားများတယ်။

ဩော် အတိတ်က ဘဝဇွေ၊ အရိုး တောင်လိုပုံ ပါလား။ ငါ့ရဲ့ ရုပ်တရား၊ နာမ်တရား ဖြစ်လာရင် ပျက်မယ်၊ ပျက်လို့ရှိရင် ဘာဖြစ်မလဲ ခင်ဗျားမှာ

တဏှာရယ်၊ မာနရယ်၊ ဒိဋ္ဌိရယ် ပြုတ်မယ်။ ဒါတွေ ဝင်စားနေတာ တဏှာကိုသတ်တာ တဏှာသတ်တော့မှ အခုဘဝမှာ ရာဇမာန်၊ ဓနမာန်၊ ပစ္စည်းမာန်၊ ဥစ္စာမာန်၊ ဗလမာန်၊ ငါမာန် မစွဲနဲ့၊ သြော် မာန်ကိုအားကိုးနေတယ်၊ အဲဒီမာန်က သုညတနိဗ္ဗာန်ကို ပိတ်ထားလိုက်တာ၊ ကိုယ့်ကိုယ်ကို မသိဘူး၊ ဟာ ဒီလောကီ အားကိုးမှားနေတယ်၊ အိမ်မှာသေတ္တာထဲမှာ ဘယ်လောက်ရှိ၊ လက်ကောက်ဘယ်နှရံရှိတယ်၊ ဆွဲကြိုးဘယ်နှကုံးရှိတယ်၊ ငွေဘယ်လောက်ရှိတယ်၊ လောကီအာရုံ သွားစွဲနေတာ။ အစွဲမှားတယ်၊ အမှတ်မှားတယ်၊ အယူမှားတယ်၊ ဟာ ဖြစ်ကုန်ရောဗျို့။ လောကီကြောင်းတွေ သိစိတ်ကလေးက သိတာ၊ ကိုယ့်စိတ်ကိုယ်စစ်။

တရားတောင်းတဲ့ပုဂ္ဂိုလ်ကြီး၊ သိပ်မှန်တာပေါ့၊ သိပ်ကောင်းတာပေါ့။ ပြောတော့ပြောပေါ့၊ မစွဲနဲ့၊ အဲ စွဲရင် ကံ၊ မစွဲရင်ဉာဏ်၊ ဉာဏ်ဟာ ဂမ္ဘီရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဥဒပါဒိ၊ အာလောကောဥဒပါဒိ၊ ဉာဏဥဒပါဒိ၊ သူက အာဃုံမှာ ဉာဏ်ဖြစ်သွားပြီ။ ခင်ဗျားတို့ အာရုံမှာ မှတ်မှားပြီးတော့ ကံတွေဖြစ်နေတယ်၊ လည်ပြန်ရော ၃၁-ဘုံ။ သတိလေးထား၊ ကိုယ့်အဖေလို၊ ကိုယ့်အမေလို ပြောသွားတာ၊ ကိုယ့်ဆရာတော်လို ပြော

သွားတာ၊ ဒါ စိတ်နဲ့ပတ်သက်တဲ့ အခုဖြစ်ပေါ်တတ်တဲ့ စိတ်ကို ပြောသွားတာ။ အဲဒီစိတ်ကလေးပဲ၊ မကောင်းတာကိုပြောတော့ မှတ်ပြီ၊ ယူလိုက်ပြီ၊ စိတ်ဆင်းရဲတယ်၊ အယူမှား၊ အမှတ်မှား၊ အစွဲမှားတဲ့ စိတ်ကိုပြောတာ။ ဖြစ်ပေါ်တဲ့ အခုပစ္စုပ္ပန်တည့်တည့်စွဲတဲ့ စိတ်ကိုပြောတာ။ မင်းစွဲတယ်တဲ့ မကောင်းတာလဲစွဲတယ်၊ ကောင်းတာလဲစွဲတယ်၊ အဲဒီ စွဲတဲ့ဥပါဒါန်ကြောင့် ကံကြောင့် မင်းဒုက္ခပဲ၊ အဲဒါ ဒုက္ခသစ္စာ၊ အဲဒါ ကြောင်း မသိတ်တတ်ဘူး၊ ဘာဖြစ်လို့ ဒီအကြောင်း မသတ်တတ်သလဲ၊ မင်း ဘာဖြစ်လို့စွဲသလဲ၊ မကောင်းတာလည်းစွဲတယ်၊ ကောင်းလာလည်းစွဲတယ်။

မင်းကို ဆဲလိုက်တယ်၊ ဥပမာ မိန်းမသော်လည်းကောင်း၊ ယောကျ်ားသော်လည်းကောင်း ဆဲလိုက်ပြီ၊ မင်းစိတ်ထဲမှာ ဘယ်လိုနေလဲ၊ စိတ်ဆင်းရဲတာပေ့ါ ဘုန်းကြီးရဲ့၊ ဘာလို့ဆင်းရဲသလဲ၊ စိတ်ဆင်းရဲတယ်၊ စွဲလို့ ဥပါဒါန်ကြောင့် ကံဖြစ်တာ၊ စိတ်ဆင်းရဲသွားပြီ၊ အဲဒီတော့ အကြောင်းကို မသတ်တတ်ဘူး၊ အဲဒီ အကြောင်း ဘာလို့မသတ်တတ်သလဲ၊ ပြောာ အကျိုးတရားကို မကျင်ဘူး။ အလုပ်မလုပ်ဘူး၊ အကျိုးတရားက ရုပ်တရား၊ အကြောင်းတရားက နာမ်တရား။ အဲဒါ

ရုပ်တရား၊ နာမ်တရားကို မသိတာ အဝိဇ္ဇာခေါ်တယ်။ ရုပ်တရား၊ နာမ်တရားကိုသိတာက ဝိဇ္ဇာဉာဏ်ခေါ်တယ်။ အဲဒါ အရိယာခေါ်တယ်၊ ဟိုမှာ စာရေးထားတယ်။ သမုတိသစ္စာတဲ့၊ ဝိရတိသစ္စာတဲ့၊ သဘာဝသစ္စာတဲ့၊ ပရမတ္ထသစ္စာ၊ အရိသစ္စာ၊ ဘယ်ကနေတက်လဲ သမုတိသစ္စာကတက်တာ၊ အောက်ခြေကတက်တာ၊ အပေါ်စီးကတက်တာမဟုတ်ဘူး။ အောက်ခြေကနေ စိတ်ကိုစစ်ပြီးတက်သွားတာ၊ ဘာနဲ့စစ်လဲ၊ မဂ္ဂင်နဲ့စစ်သွားတယ်၊ အပွါယ်လေးဘုံ ခင်ဗျားတို့ကြားတော့ကြားဖူးတယ်၊ ကျင်တဲ့လူကိသိတယ်၊ ကြောက်တယ်၊ ကုတ်နေတယ်၊ အစကမကြောက်ဘူး။

ဦးမြမောင် ခေါ် ဦးပဏ္ဍိတ အစကလူဆိုး၊ သူများဟာတွေ စွဲတာပေါ့၊ ရေထမ်းရင်း ထမီတွေယူ၊ ခွက်တွေယူ၊ ဒါ စွဲလို့ယူတာပေါ့။ ဥပါဒါန်၊ ကံတွေပဲ၊ ကံကြောင့် ဒုက္ခရောက်တာ၊ ဒီကံဟာ ကောင်းသလား၊ ပစ္စုပ္ပန်တည့်တည့်လေး၊ အဲဒီတော့ သူများပစ္စည်းကို အဒိန္နဒါနာနဲ့ မကိုက်တော့ဘူး။ သွားခိုးတာ၊ အဲဒါ စွဲလို့ခိုးတာ၊ အဲဒါ ဘာကံလည်း မကောင်းတဲ့ကံ၊ ဝီရိယနဲ့ ရေထမ်းတဲ့အကျိုးပဲ စားရတယ်။ ကံက အကျိုးမပေးဘူး။ အဲဒါတွေနားလည်ဖို့လိုပါတယ်။ ခင်ဗျားတို့

စာတတ်တွေဘဲ၊ စာကို မိုးပြန်အောင်တတ်ထားတာပဲ၊ စာကမှန်၏၊ ဉာဏ်မမိ ထိအောင်သူမသိ၊ ဒါဉာဏ်အရာတွေ ဝိပဿနာဉာဏ် စခန်းတွေ၊ ဉာဏ်နဲ့လာဟောတာ၊ စာကမှန်၏၊ ဉာမမိ ထိအောင်သူမသိ၊ စာတွေ၊ ငါတွေ့၊ အတွေ့နှစ်လီရှိတယ်၊ စာတွေ့ထက် ငါတွေ့က သာတယ်၊ ဟော ကိုယ်တွေ့က သာသွားပြီ။ ဘာဖြစ်လို့သာလဲ၊ မင်္ဂဖိုလ်တို့၊ ဈာန်တို့ဆိုတာ သိတာကိုး၊ မနောမှာရှိတယ်၊ ရှိတာကို မသိကြဘူး၊ ရွှေသမင်ရေလိုက်မှားနေတယ်၊ အာရုံပေါ်မှာ မျောနေတယ်၊ အာရုံနောက်လိုက်နေတယ်၊ ကိုယ့်စိတ်ကိုယ်မစစ်ဘူး၊ အကျိုးတရားပေါ်မှာ အကြောင်းတရားတွေရှိတယ်၊ ခန္ဓာမှာရှိတယ်။

ခန္ဓာမှာ ဘာလဲ၊ စာတော့မတတ်ဘူး၊ မှားရင်သီးခံပါ၊ စာနဲ့စိတ်နဲ့ ပြောရတာကိုးဗျ။ ခန္ဓာမှာ ခန္ဓာငါးပါးရှိတယ်၊ ခန္ဓာငါးပါးကို ကျင့်လို့ ဂနကျေရင်ရုပ်နာမ်ကိုသိမယ်၊ ဒါပဲဗျို့၊ နာမ်ခန္ဓာလေးပါးက ရုပ်မှာမှီနေတာ၊ ပေါင်းလိုက်တော့ ငါးခု၊ သညာ၊ သင်္ခါရ၊ ဥပဒါန်၊ ဝိဉာဏ် ဆိုတာရှိတယ်။ အဲဒီတော့ ခင်ဗျားတို့ဟာ ခင်ဗျားတို့သာ တွေးပေတော့၊ စာတော့မတတ်ဘူး၊ သညာ၊ သင်္ခါရ၊ ဥပဒါန်၊ ဒီဥပါဒါန်မှ ကံပါနေတယ်၊ ဒီအစွဲဥပါဒါန်က ခင်ဗျားတို့မှာ နှစ်စက်ခံနေရတယ်၊

အတွင်းနှိပ်စက်နေတယ်၊ ဒါတွေကို အောင်ပြီဟေ့၊ အောင်ပြီဟေ့ အောင်ပြီဟေ့ ဆိုတာက အတွင်းအောင်သွားတာ၊ အပြင်ကျတော့ လင်းသွားပြီ၊ ပညာဉာဏ်ရသွားပြီ၊ သညာက သွားမှတ်တာ၊ အဖြူအနီဆိုတာ မမှန်တော့၊ နဂိုမူလကရှိတယ်။ ခန္ဓာမှာရှိတဲ့ သညာ၊ သင်္ခါရ၊ ဥပါဒါန်အမြစ်ကို ဆွဲမနှုတ်ဘူး။ ဒီအမြစ်ဆွဲနှုတ်မှ ဟိုဟာသိမယ်။ အာရုံငါးပါးကိုသိမယ်၊ ခင်ဗျားတို့ စားကောင်းအောင်၊ သောက်ကောင်းအောင်လုပ်နေတဲ့ ဝိပဿနာတဲ့။ ဟာပြောလို့တော့ မကောင်းပါဘူးဗျာ၊ မှန်တာပေါ့၊ မှန်တယ်၊ အဲဒါ အပွါယ်ပိတ်နိုင်တယ်။

ခင်ဗျားတို့အခုလုပ်နေတာတွေ တဏှာတော့ မပြတ်ဘူးဗျို့၊ တဏှာပြတ်မှ နိဗ္ဗာန်ရောက်မှာ။ ကျင့်ကြပါ၊ ကြံကြပါ။ ဦးပဏ္ဍိတက စာပေကျမ်းဂန်မတတ်တော့ ကျင့်ထားတဲ့ခန္ဓာသိ လာပြောတာ၊ သူများပင့်လည်း အေးကောင်းတယ်ကွာ၊ သိုက်ကပင့်လည်း ကောင်းပါတယ်ကွာ၊ နတ်ကပင့်လည်း ကောင်းပါတယ်ကွာ၊ သူက ဓာတ်ပိုင်နေတာကိုး၊ အဲ ဓါတ်ပိုင်တော့ ခေါင်းကိုင်၊ ပညတ်သွားရာ ဓါတ်သက်ပါ၊ ငါ့လိုဖြစ်ပါစေ၊ ငါ့လိုသိပါစေ၊ မင်းတို့ရှိတဲ့ ဓါတ်က ကိလေသာ

ခါတ်၊ ငါ့မှာရှိတာက ဓမ္မခါတ်၊ ဟောပြောရောဗျို့။ ဘာဖြစ်ဖြစ် ကိုယ့်တိုင်းပြည်ရဲ့ အေးချမ်းသာယာဖွံ့ဖြိုးဖို့ ကြံစည်ပြီးတော့ အားပေးကြပါ။ ကိုယ့်ကိုယ်ကိုလည်း သမ္မာနဲ့နေပါ၊ လုပ်ရကိုင်ရတဲ့လူတွေ အင်မတန်သနားဖို့ ကောင်းတယ်။

ကိုယ်ကျင့်တရားထား၊ သူများအကြောင်း ကိုယ့်အကြောင်း မလုပ်နဲ့၊ အားပေးပါ၊ သာသနာ ၂၅၀၀ ခေတ်၊ အခုကာလ ကောင်းတဲ့လူရှိတယ်၊ မကောင်းတဲ့ လူ ရှိတယ်၊ ကြည့်ပေါင်း၊ အဇာတသတ်က ဘယ်လူ့ သွားပေါင်းလဲ၊ ဒေဝဒတ် သွားပေါင်းတယ်၊ ဒေဝဒတ် သွားပေါင်းတော့ လွတ်ကျူးသွားပြီ၊ ဖအေကိုလုပ်လိုက် တာ ကြည့်စမ်း၊ ဖအေကြီးက ထောင်ထဲမှာ ထမင်းရည် ကနေ ကော်ရည်၊ ကော်ရည်ကနေ နောက်ဆုံး မသောက်ရဘူး၊ အမေကြီးက ဆံပင်မှာကော်ရည်ဆွတ် ပြီးတော့ ဆံပင်မှညှစ်ပြီးတော့ အဖိုးကြီးကိုတိုက်တယ်၊ သားက နောက်ဆုံး အမေတောင်မဝင်ရတော့၊ ဒီလို လုပ်တဲ့ဟာတွေ ဒေဝဒတ်ဆရာက အဲ သွားပြန်ရော တစ်ကောင်၊ ဘုရားပွင့်တော့မှ ကြောက်လိုက်တာ။ သူ့ကိုကယ်ပါတဲ့လေ။ မိမိကံ မိမိခံပေတော့တဲ့။ မင်း အစွဲ ဥပါဒါန်ကံမို့လားတဲ့ မင်းဘာလို့လုပ်သလဲတဲ့၊

မင်းစွဲလို့လုပ်တာပေါ့တဲ့၊ အဲဒါ ကံပေါ့တဲ့၊ ကံကြောင့် မင်းဒုက္ခဖြစ်ပြီတဲ့၊ မင်းလုပ်လိုက်တဲ့ ကာယကံ၊ ဝစီကံ တွေ လွန်ကြူးသွားပြီ၊ ငါကယ်လို့မရတော့ဘူးတဲ့။ မင်းအဖေက သောတပန်ကြီးဖြစ်နေပြီကွတဲ့၊ အဲဒါပြော တာ၊ ကြိုတင်ပြီးတော့ စဉ်းစား အလုပ်လုပ်ပါ။ အကြောင်းသတ်တရား၊ အကျိုးပေါ်က အကြောင်းတွေ သတ်၊ ခန္ဓာကသတ်မှ ခမျာမှာအေးမယ်၊ ခန္ဓာက မသတ်တော့ဘူးဗျို့၊ မကျင့်တော့ဘူးဗျို့။

သမုတိသစ္စာမှန်အောင်လုပ်၊ ဝိနည်းနဲ့စိတ်နဲ့စစ်၊ ဝိနည်းနဲ့စစ်ပေတော့၊ ခန္ဓာမှ မလုပ်တာ၊ အဲဒါ ပရိပတ္တိ သာသနာခေါ်တယ်၊ ပရိယတ္တိသာသနာ၊ ပရိပတ္တိ သာသနာ၊ ပရိဝေဒသာသနာ၊ သာသနာ(၃)ရပ် ဘုရား ထားတာ၊ မင်းတို့ထားတာမဟုတ်ဖူး။ ချုတ်ဆိုရင် ငါချုတ်ပေးလိုက်မယ်၊ မြတ်စွာဘုရားသခင်ကိုယ်တော် မြတ်ကြီးထားတာ၊ ပရိယတ္တိ၊ ပရိပတ္တိ၊ ပရိဝေဒ၊ သုတ္တန်၊ ဝိနည်း၊ အဘိဓမ္မာ၊ ဒါ ဘုရားထားပစ်ခဲ့တာ၊ ငါ စာမတတ်ဘူး၊ စာတတ်တဲ့ဘုန်းကြီးနဲ့သင်ပေးရမှာ၊ လာကွ ဦးပဏ္ဍိတရေ ဘယ်လိုကဘယ်လို၊ ဘယ်လို အကြောင်းက ဘယ်လို၊ ဟော သင်မပေးတဲ့ပြင် ဟော အဲဒါ ဂိုဏ်းကွဲကုန်ရောဗျို့။ အဲဒီတော့ကာ ညစာတွေ

စားတယ်၊ နေ့စာတွေစားဘာယ်၊ သူပေါက်နေတာတော့ မသိဘူး၊ သူပေါက်သွားပြီ၊ ဦးပဏ္ဍိတ ခုခိုင်းကြည့် ပါလား၊ မင်းတို့ရှေ့တင် ငါပြမယ်၊ သူပေါက်သွားတာ၊ အဲ ပေါက်တာကို မသိဘူး၊ ပညတ်မှာ ဝေဖန်ပြီးတော့ နေပြတယ်၊ သူပေါက်သွားပြီ။ သက်န်းချုပ်ပါလို့ အမိန့် ပေးရင် ချုပ်ပေးမယ်၊ သွားမယ်တဲ့၊ ငါ တောထဲမှာ နေတတ်ပါပြီကွာ၊ သေတတ်ပါပြီ၊ အေး မင်းတို့သာ နေရစ်ခဲ့ပေတော့တဲ့။

သူက ဒီအဝတ်ကလေးဝတ်ပြီး ခင်ဗျားတို့ကို ဒါနနဲ့ကယ်သွားတာ၊ သီလဆိုတာ စိတ်၊ ခင်ဗျားစိတ် ထိန်းမှ သီလဖြစ်မှာ၊ ဒါနဆိုတာ ခင်ဗျားစေတနာမှန် သွားရင် ထူးပြီ။ ပကာသနာစေတနာ၊ ဘယာစေတနာ၊ အဓိပတိစေတနာ၊ အထိပတိစေတနာ လာလိမ့်မယ်။ ဘယာစေတနာ၊ ပကာသန အဲဒါ စာသမားတွေ၊ စာတော့မတတ်ဘူး၊ ဒါကြောင့်မို့လို့ ကိုယ့်ထက်ကြီးတဲ့ သူကို ရိုသေပါ၊ ကိုယ်နဲ့တန်းတူကို ကြင်နာပါ၊ ကိုယ့် အောက်ကလူကို သနားပါ၊ ကိုယ့်ကျင့်တရားထားပါ၊ ဗြဟ္မစိုရ်တရားထားပါ၊ သံဝေဂတရားထားပါ။ ဒါတွေ ထားရမယ်၊ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ အဲဒီသုံးခုကိုသတ်ရင် ပြီးပြီ။ အခုဟာက ဘာဖြစ်လဲ မာန်ဖြစ်နေတယ်၊ မှန်

ပါတယ်၊ ခင်ဗျားတို့ဘက်က သိပ်မှန်တယ်၊ အဲဒီတော့ ခင်ဗျား အဲဒီမာန်လေးကို သုံးတတ်ဖို့လိုတယ်၊ မာန်လေး ကို ငါနဲ့သုံးရင်တော့ ကြည့်သာလုပ်ပေတော့။ အဲ မာန်လေးကို ငါနဲ့သုံးထားတယ်၊ မာန်လေးကို ပညာနဲ့ သုံးတတ်ဖို့လိုတယ်နော်၊ တဏှာကိုလည်း ပညာနဲ့ သုံးတတ်ဖို့လိုတယ်၊ ခင်ဗျားပေါ်မူတည်တယ်။ ခင်ဗျားတို့လှူချင်ရင် ဦးဇင်းက အလှူခံပေးမယ်။ ရတဲ့ ပိုက်ဆံကို ပေးပစ်ခဲ့မယ်၊ ဦးဇင်းက ပြန်မှာပဲ၊ လှူချင် လည်းလှူ၊ မလှူချင်တဲ့လူရတယ်၊ လှူချင်တဲ့သူ ရတယ်။ ဒီလောက်ဆို ပြီးရောပေါ့ဗျာ။

❖ ❖ ❖ ❖ ❖

# ၁၂–၁–၂၀၀၃ ရက်နေ့တွင် မရမ်းကုန်းမြို့နယ်၊ တံတားလေးလမ်းဆုံ၊ စံပြသာသနာပြုကျောင်း၌ ဝိသုဒ္ဓိဆရာတော်ဘုရားကြီး ဦးပဏ္ဍိတ ဟောကြားခဲ့သော တရားတော်

ဦးဇင်းက အခု ပစုပ္ပါန်တည့်တည့်လေးမှာ ခန္ဓာကသိတဲ့တရားများ လာဟောတာပါ။ ခန္ဓာသိနဲ့ စာသိရှိပါတယ်ဗျာ။ ဦးဇင်းကတော့ စာပေကျန်းဂန် မတတ်တော့ အားလုံး သံဃာတော်အရှင်မြတ် ထေရ်ကြီးဝါကြီးများနဲ့ တပည့်တော် အားလုံး ကန်တော့ပါတယ်။ ဒကာ၊ ဒကာမများ တရားနာကြတဲ့ ပရိတ်သတ်များကိုလည်း ဦးပဏ္ဍိတ ကနေပြီးတော့ စကား ပြောသွားတဲ့အခါမှာ မှားယွင်းရင် သည်းခံကြပါလို့ ဦးဇင်းက ခင်ဗျားတို့ကို တောင်းပန်တယ်။ စာမှမတတ်တာကိုးဗျ၊ စိတ်နဲ့ ပတ်သက်တဲ့ အကြောင်းလေးကို ပြောပြပါမယ်။ စိတ်နဲ့ ပတ်သက်လို့တော့ ပစုပ္ပါန်တည့်တည့်လေး ကြည့်တတ်ဘို့လိုတယ်။ ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း အမှန်တရားပဲတဲ့။ သမုဒယသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းအမှန်တရား

ပဲတဲ့။ နိရောဓသစ္စာနဲ့ မဂ္ဂသစ္စာ သစ္စာလေးပါး မြတ်တရားတဲ့ ဒါက ကျင့်ကြံကြံ အားထုတ်ရတော့မယ်၊ နိဗ္ဗာန်တစ်မဂ်တစ်ဖိုလ်ကို ရအောင် ခင်ဗျားတို့ပေါ်မှာ မူတည်ပါတယ်။

ဒီတရားတွေဟာ အင်မတန်မှ ထူးမြတ်တဲ့တရားတွေပါ။ အသိတရားတွေ၊ ကမ္မဋ္ဌာန်းဟာ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တာသတိပဋ္ဌာန်၊ ဓမ္မာန် သတိပဋ္ဌာန်၊ သတိပဋ္ဌာန်လေးပါး ရှိပါတယ်။ အဲဒီ သတိပဋ္ဌာန်လေးပါးကို မဂ္ဂင်ရှစ်ပါးနဲ့ တိုက်ရတယ်။ မဂ္ဂင်ဆိုတာ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မအာဇီဝ ဒါ ပါဠိလိုရေးသွားတဲ့ စာတွေပါပဲ၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ၊ သမ္မဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ အဲဒါ သိက္ခာသုံးပါးခေါ်တယ်။ အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာ အဲဒါ မဂ္ဂင်က တင်ပုလင်ခွေပြီးတော့ ဒီတရားမရမချင်း မထတော့ဘူးဆိုပြီးတော့ သတိပဋ္ဌာန် လေးပါး ပေါက်ရောက်အောင် ငါကျင့်ကြံအားထုတ်တော့မယ်ဆိုပြီးတော့ သူ အမြဲတမ်း နှလုံးသွင်းထားတယ်။ ဒီတရားကို မရမချင်း ငါမထတော့ဘူးဆိုတဲ့ သတိလေးထားတယ်။ သဒ္ဓါဗိုလ်တွေ၊ သဒ္ဓါဆိုတာ ယုံကြည်တာ၊ သဒ္ဓါဗိုလ်တွေ၊ ဝိရိယဗိုလ်တွေ၊ သီလ

ဗိုလ်တွေ၊ သမာဓိဗိုလ်တွေ၊ ပညာဗိုလ်တွေ သတိပဋ္ဌာန် လေးပါးကို မရရင် ငါမထတော့ဘူးတဲ့။ ရေတောင် မသောက်တော့ဘူးတဲ့။ ကြိုးစားခဲ့တဲ့ အသိတရားတွေပါ။

ကာယသတိပဋ္ဌာန်ဆိုတာက မဂ္ဂင်နဲ့တိုက်ပြီဗျို့။ ကာယသတိပဋ္ဌာန်ကို ဘယ်မဂ္ဂင်နဲ့တိုက်မလဲ၊ သမ္မာ ဝါစာ၊ သမ္မာကမ္မန္တ၊ သမာအာဇီဝ၊ အဲဒါ ကာယသတိ ပဋ္ဌာန်ပဲဗျို့။ ကာယကံ၊ ဝစီကံ၊ မနောကံ ကံဆိုတာ အစွဲဥပါဒါန်တွေ။ သံသရာလည်တာ သူပဲ။ သံသရာ ဘယ်ကစလဲ၊ ခန္ဓာကစတယ်။ သံသရာ ဘယ်ကပြတ် သလဲ၊ ခန္ဓာကစလို့ပြတ်တယ်။ နိဗ္ဗာန်သည် ခန္ဓာမှာ စတယ်။ ခန္ဓာမှာဆုံးတယ်။ သီလမှာချုပ်တယ်။ သဘော လေးနာ၊ အဲဒါစာ။ စာနဲ့စိတ်နဲ့ သဘောလေးပြောပေး ပါမယ်။ ကာယသတိပဋ္ဌာန်ကို ဘယ်အရာက စွဲယူ သလဲ၊ သမ္မာဝါစာ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ မှန်တာကို ကျင့်ပါတယ်။ မှန်တာကို ပြောပါတယ်။ မှန်တာကို အသက်မွေးဝမ်းကျောင်းပြုပါတယ်။ ဒါ သီလမဂ္ဂင်၊ သီလမဂ္ဂင်က သက္ကာယဒိဋ္ဌိအယူ သူ့မှာ ပယ်ပြီ။ အတ္တဒိဋ္ဌိအယူပယ်ပြီ။ အဲဒါ ပါဠိစကား၊ ဗမာလိုပြန်မယ်ဆိုရင် သက္ကာယအယူ၊ ငါမြင်တယ်၊ ငါကြားတယ်၊ ငါ့မိန်းမ၊ ငါ့အိမ်၊ ငါ့ပစ္စည်း၊ ငါ့ဥစ္စာ၊

ငါ့တိုက်၊ ငါ့ကား ဆိုတဲ့ အယူမှားတယ်။ အမှတ်မှား တယ်။ အစွဲမှားတယ်။ ငါလို့ ယူထားတယ်။ ဒိဋ္ဌိခေါ် တယ်၊ ဟိုဟာကိုသွားစွဲတာ။

ဇာတိကိုပယ်မှ ဇရာကိုသိမယ်။ ဇရာသိမှ မရဏ ကိုမြင်မယ်။ ဒါတွေ သဘောလေး၊ ဇာတိဆိုတာ ဘဝအနန္တ ဘဝတွေက ပါလာတဲ့ ကံတရား၊ ဒီဘဝမှာ လည်း ဒီကံဟာ ဆက်တာ။ ဟိုးအတိတ်ကကံက ကံဆို တာ အစွဲ၊ မိမိကစွဲတာ။ ဘာနဲ့စွဲလဲ။ သမ္မာနဲ့စွဲလို့ မနုဿတဘာဝေါ ဒုလ္လဘော၊ လူ့ဘဝမှာ ခဲယဉ်းစွာ ရအပ်ပေ၏။ ဒါ လူဖြစ်တာ။ ဟိုးအတိတ်က မိစ္ဆာအယူ တွေယူတော့ ကျွဲတို့၊ နွားတို့ တိရစ္ဆာန်ဖြစ်တယ်။ ဒါ မိစ္ဆာဒိဋ္ဌိခေါ်တယ်။ ဟိုဟာ သမ္မာဒိဋ္ဌိခေါ်တယ်။ သဘောလေးပဲနော၊ ခန္ဓာအသိနဲ့ ပြောရတာ။

သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ အခု သူလုပ် တာက သမ္မာဒိဋ္ဌိ၊ ကံတော့ကံပဲ ကောင်းတဲ့ကံ၊ မကောင်းတဲ့ကံ မဟုတ်ဘူး။ တရားမှမရရင် ငါမထဘူး၊ ကာယသတိပဋ္ဌာန်၊ ဝေဒနာသတိပဋ္ဌာန်၊ စိတ္တ သတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန် ရမှ ငါထမယ်ဆိုတဲ့ ကျင့်တဲ့တရားတွေ၊ အဲဒီလိုကျင့်ကြပါ။ ကြံကြပါ။ ဥပမာ-တောင်ပို့မှာ ဂယ်ခြောက်ပေါက်ရှိတယ်၊ ဂယ်

ခြောက်ပေါက်ရှိတာ ဘယ်ဂယ်ပေါက်တွေ ပိတ်မလဲ၊ ဂယ်ပေါက်ငါးပေါက်ကို ပိတ်လိုက်ပါ။ မျက်စိတံခါး၊ နားတံခါး၊ နှာခေါင်းတံခါး၊ ဇိဝါတံခါး၊ ကိုယ်တံခါး၊ ဘယ်ကံကိုသတ်မလဲ၊ အတိတ်ကကံ ကာယကံ၊ ဝစီကံ၊ မနောကံ၊ သံသရာကိုလည်တာ သူပဲ။ အဲဒီကံက အခုဘဝလည်း အာရုံကို မပြတ်လို့ လည်နေတာ။ ဒါ စိတ္တာနုပဿနာကို ဟောသွားတာ။ ဓမ္မာနုပဿနာကို သိလို့ စိတ္တာနုပဿနာကို သူဟောတာ၊ ကာယ သတိပဋ္ဌာန်နဲ့ ဝေဒနာသတိပဋ္ဌာန်ကို ကျင့်ပြီးပြီ။ ကျင့်လို့ သိလို့၊ သိလို့ပယ်တယ်။ ပယ်လို့ မဂ်ဖိုလ်ရတဲ့ တရား တွေခေါ်တယ်။

မဂ်ဆိုတာဘာလဲ၊ လောကီ အနုသယ စိတ်နဲ့ စေတသိတ်ကို သတ်သွားတာ၊ အဲဒါ မဂ်ဉာဏ်ပဲဗျို့။ အဲ ဘယ်သူသိမလဲ၊ အတွင်းစိတ်တွေ ကြံစည်တဲ့ စိတ်တွေ ပြုလုပ်မဲ့စိတ်တွေ၊ အထမြောက်မဲ့စိတ်တွေ၊ အဲဒါ ကံစိတ်တွေခေါ်တယ်။ အဲဒါ သံသရာလည်တာ၊ သမ္မဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တာဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိ ဒါတွေ ရှိတယ်။ စာတော့မတတ်ဘူး။ အဲဒီတော့ သမ္မာလေးနဲ့ သွားရင် ဒါ သက္ကာယအယူပါလား၊ ငါမြင်တယ်၊ ငါကြားတယ်၊ အဲဒါ သက္ကာယဒိဋ္ဌိ၊ ငါ၊ ငါနဲ့ သုံးနေ

ပါကလား။ အတ္တဒိဋ္ဌိဆိုတာ စွဲပါကလား။ သွားစွဲနေတာ သဘောလေးတွေ စွဲရင် ကံ၊ ကံကြောင့် ဒုက္ခသစ္စာ။ အခုကံဖြစ်နေတာ သွားစွဲတာ။ အဲဒါ သားလေးတစ်ခုခုဖြစ်တယ်၊ သမီးလေးတစ်ခုခုဖြစ်တယ်။ ဖအေ၊ မအေ မစွဲဘူးလား။ စွဲရင်ကံကြောင့် ဒုက္ခသစ္စာ၊ စိတ်ဆင်းရဲတာ အဲဒါ ဒုက္ခ၊ စိတ်ဆင်းရဲရင် စိတ်မဆင်းရဲတဲ့နေရာရှိတယ်။ စိတ်အေးတဲ့နေရာရှိတယ်။ စိတ်ဆင်းရဲတော့ ပူတာပေါ့ဗျ။ အခုပူရင် အနာဂတ်လည်း ပူမှာပဲ။ အခုအေးရင် အနာဂတ်လည်း အေးမှာပဲ။ စိတ်ဟောတာ၊ မနောက အာရုံငါးပါးပယ်နိုင်ရမယ်။ ဩော် အေး - အေး - အေး။

စေတနာပေမယ့် ပကာသနစေတနာ၊ ဘယာစေတနာ၊ အဓိပတိစေတနာမှ အဲဒါ ခင်ဗျားတို့ နိဗ္ဗာန်သွားလိမ့်မယ်။ အဲဒီ အဓိပတိစေတနာတောင်မှ တဏှာကိုစစ်အုံး၊ စေတနာမှာ တဏှာပါနေတယ်။ စေတနာမှာ တဏှာဆိုတာ ဘယ်ကလာလဲ။ ကိသောကလာတာ ကိလေသာနဲ့တဏှာ၊ သတ္တဝါတိုင်းရှိတယ်။ လူတင်မဟုတ်ဘူး သတ္တဝါတိုင်းရှိတယ်။ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနိစ္စ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ ဒုက္ခ၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ အနတ္တ ဆိုတာ စွဲနေတဲ့

ဥပါဒါန်ကံကြောင့် ဒုက္ခဖြစ်တွေဖြစ်နေတာ။ အဲဒါပဲဗျို့။ အဲဒါ ဒုက္ခပဲ။ ဒုက္ခသစ္စာ၊ ဆင်းရဲခြင်းအမှန်တရား၊ စိတ်ဆင်းရဲနေတာ။

ကိုယ့်စိတ်ကိုယ်စစ်၊ သူများစိတ်ကို သွားမစစ်နဲ့၊ ကိုယ့်အကြောင်းကိုသတ်လိုက်။ သူများအကြောင်း ကိုယ့်အကြောင်းမလုပ်နဲ့။ အကြောင်းသတ်တဲ့တရား မြင်လိုက်တဲ့အကြောင်း၊ ကြားလိုက်တဲ့အကြောင်း၊ နံလိုက်တဲ့အကြောင်း၊ စားလိုက်တဲ့အကြောင်း၊ ကံကို သတ်တဲ့အကြောင်း၊ သီလမဂ္ဂင်၊ သမာဓိမဂ္ဂင်၊ ပညာ မဂ္ဂင် ဟုတ်တယ်။ ဒါက တစ်လမ်း၊ သူက အဓိသီလ တဲ့၊ ဟော ဒါ ဝိပဿနာဉာဏ်သီလ၊ အဓိသီလ၊ အဓိ စိတ္တ၊ အဓိပညာ၊ သိက္ခာ(၃)ပါး တစ်ပြိုင်တည်းရတဲ့ တရားခေါ်တယ်။ သီလဆိုတာ လောဘ၊ ဒေါသ ခေါင်းပါးတယ်။ အဓိစိတ္တ ဆိုတဲ့ စိတ်က ခတ် ဖြစ်နေ ပြီ။ ခင်ဗျားတို့ခေါ်လို့သာ စိတ်လို့ခေါ်တာ၊ ခတ်ဖြစ် နေပြီ။ ပညာဆိုတာက သညာကိုသိလို့ ပညာခေါ်တာ။

သညာဆိုတာက မှတ်တာ၊ ဟောဒါက ခွေး၊ ဟောဒါက လူ၊ ဟောဒါက နွား၊ အဲဒီ အရာဝတ္ထုကို မှတ်တာ၊ အဲဒါ ခွဲခြားတာ မှတ်တာ၊ အဲဒါ သညာ ခေါ်တယ်။ သညာကြောင့် သင်္ခါရတွေဖြစ်တာ။

ဘယ်ကဖြစ်လဲ မနော။ ဘာကြောင့်ဖြစ်လဲ အာရုံငါးပါး မလွှတ်လို့ဖြစ်တယ်။ အပြင်မှာစင်ကြယ်မှ ခန္ဓာမှာစင် ကြယ်မယ်။ ခန္ဓာမှာစင်ကြယ်မှ ဉာဏ်မှာစင်ကြယ်မယ်။ ဒါ ဝိပဿနာ ဉာဏ်အလုပ်၊ ကံကိုသိရမယ်။ ကံပြတ် တရားတွေ အစွဲပြတ်တဲ့ မနောကံ ပြတ်ရမယ်။ ဒီကံကို ဖြတ်ပစ်။ ဒီအမြစ်ကိုနှုတ်ပစ်ရမယ်။ ဒီသစ္စာ လေးပါးမှ မရရင် ငါမထဘူးကွ၊ ကာယသတိပဋ္ဌာန်၊ ဝေဒနာ သတိပဋ္ဌာန်၊ စိတ္တသတိပဋ္ဌာန်၊ ဓမ္မာသတိပဋ္ဌာန်၊ သတိ ပဋ္ဌာန်လေးပါးကို မအောင်မြင်ရင် ငါမထတော့ဘူးကွ။ ရေတောင်မသောက်တော့ဘူးကွ။ ဒီလိုနေတဲ့အခါမှာ တောတောင်ဆိုတာ တောနက်ကြီးမဟုတ်ဘူး၊ လူသူ ခေါင်းပါးတဲ့နေရာ၊ ဆိတ်ငြိမ်တဲ့နေရာ၊ ဉတုသပ္ပာယ ဘောဇဉ် သပ္ပာယ၊ ဒီလိုနေရာမျိုးကိုရှာပြီးတော့ ဒီလို အသိကိုကျင့်ရတယ်။ ခင်ဗျားတို့ အခုတော့ စားကောင်း အောင်၊ သောက်ကောင်းအောင် လုပ်နေကြတယ်။ ဒါ ခင်ဗျားတို့အတွက်ပါ။ ပြန်ကျလိမ့်မယ်။ အပယ်လေးဘုံ ဟုတ်တယ်။ (၃၁)ဘုံ ဟုတ်တယ်။

(၃၁)ဘုံ လွတ်တာလည်း သိရမယ်။ မလွတ် တာလည်း သိရမယ်။ အပယ်ကျတာလည်း သိရမယ်၊ သိတော့မှ ပယ်မယ်။ ပယ်မှ မဂ်ဖိုရ်ရလို့ သိသွားတာ။

ရလို့လာတော့ ခင်ဗျားကို့ ဒါနစစ်၊ ဒါနမှန်၊ သီလစစ်၊ သီလမှန်၊ ခင်ဗျားတို့ဆောက်တည်ကြ၊ အဲဒါလေးမှ မကြိုးစားနိုင်ရင်တော့ မပြောတတ်ဘူး။ ခင်ဗျားတို့ရဲ့ စေတနာကလည်းမှန်ရမယ်။ စေတနာဆိုတာ သတ္တာ သမ္ဗုတ္တံ ရတနာသုံးတန် ကံ ကံ၏အကျိုး၊ ကြည်ညို ခြင်း၊ ယုံကြည်ခြင်း၊ သဒ္ဓါကြည်ဖြူရှိခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းစွာရအပ်ပေ၏တဲ့။ ဒုလ္လဘငါးပါးထဲ က စေတနာခေါ်တယ်၊ ခဲယဉ်းတာကို ရတယ်။ သတ္တမ သာဝဏံ သူတော်ကောင်းတရား၊ စကား နာကြားရပေ ခြင်းကိုလည်း ဒုလ္လဘော ခဲယဉ်းတာကို ရတယ်။

အဲဒီခဲယဉ်းတာတွေရတာကို ခင်ဗျားတို့ရဲ့ သဒ္ဓါ ဗိုလ်တွေ၊ ဝီရိယဗိုလ်တွေ၊ သီလဗိုလ်တွေ၊ သမာဓိတွေ၊ ပညာဗိုလ်တွေနဲ့ လာကြတာ။ အတွင်းသဒ္ဓါနဲ့ အပြင် သဒ္ဓါ၊ ဘယ်ဟာက ခိုင်သလဲ။ အတွင်းသဒ္ဓါက ခိုင် တယ်၊ အတွင်းသဒ္ဓါကို ရအောင်လုပ်။ အပြင်သဒ္ဓါ က ချိတ်ထားတယ်။ အပြင်သဒ္ဓါက တေ့ဆက်ပဲရှိတယ်၊ တေ့ဆက်မှန်းမသိ၊ ချိန်ဆက်မှန်းမသိ၊ ငွင်းဆက်မှန်း မသိ၊ ခင်ဗျားတို့တွေ ပြန်ကျပါ။ ကြည့်စမ်း၊ မိစ္ဆာအယူ တွေယူ၊ မိစ္ဆာဒိဋ္ဌိဆိုတာ၊ အဲဒါနွားတွေ ဖြစ်နေပြီ၊ ကွဲ တွေဖြစ်နေပြီ၊ ဝက်တွေဖြစ်နေပြီ၊ တိရစ္ဆာန်တွေ

ဖြစ်ကုန်ပြီ။ ခင်ဗျားတို့ စဉ်းစားပါ။

ဦးပဏ္ဍိတပြောတိုင်း မယုံနဲ့၊ လေ့လာပါ။ သုံးသပ်ပါ။ စုံစမ်းပါ။ မေးမြန်းပါ။ မှန်ရင် ယူထားလိုက်၊ အသိလေးတစ်လုံး၊ အပ္ပမာဒေန၊ သမ္ပာဒေထတဲ့။ အသိကို ယူသွား၊ ခင်ဗျားတို့ လူတောင် မပြောနဲ့။ ဦးဇင်းကြားဖူးတယ်။ သူများပြောတာ။ ဖားလေးက သေတော့ ဖားနတ်သားဖြစ်တယ်။ ဘယ်လောက် တရားကို ရှိသေလဲလို့ တွေ့လား၊ အဲဒါ တိရစ္ဆာန်။ အင်္ဂုလိမာလ ဟိုတုန်းက လူသတ်လာတယ်။ အရိယာကို သတ်တာမဟုတ်ဘူး၊ အဲဒါ ရဟန္တာဖြစ်တယ်။ ဟော ဟိုတုန်းက ဖအေကို နှိပ်စက်တယ်။ အာဇာတသတ် သူ့အဖေက ဗိမ္ဗိသာရ။ ဘုရားနဲ့တွေ့တယ်။ ဟာ မင်း အယူဝါဒတွေ၊ မင်းကံကြီးထိုက်သွားပြီကွတဲ့။ ငါ ဆေးကုလို့ မရဘူးကွတဲ့။ ဟော ဘုရားက ပြောတယ်။ အင်္ဂုလိမာလတော့ ဆေးကုလို့ရတယ်။ အဲ သူက အရိယာ သတ်တာမဟုတ်ဘူး၊ သဘောလေးပဲ။ ကိုယ်က ကံ၊ ကံကိုသိရမယ်။ အဲဒါတွေ ခင်ဗျားတို့ ပေါ်မှာ မူတည်တယ်။

တရားထိုင်ကြပါ။ ဦးပဏ္ဍိတက စာတတ်တဲ့ ရဟန်းလည်း မဟုတ်ပါဘူး၊ နှစ်တန်းပဲတတ်တယ်။ စာမတတ်လို့ စာနဲ့အသိနဲ့ တပေါင်းတည်းပြောရင် သိပ် တရားနာလို့ကောင်းတယ်။ စာမတတ်တော့ စိတ် သဘောလေးကို ပြောသွားတာ။ ကံတရားတွေ ပြောသွားတာ၊ ဒါတွေကို ခင်ဗျားတို့ တရားထိုင်ပါ။ ကိုယ့်ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့ တန်းတူ ကြင်နာပါ။ ကိုယ့်အောက်ကလူကို သနားပါ။ ကိုယ် ကျင့်တရားထားပါ။ ဗြဟ္မာစိုရ်တရားထားပါ။ အပြင်မှာ စင်ကြယ်မှ ခန္ဓာမှာ စင်ကြယ်မယ်။ ခန္ဓာမှာ စင်ကြယ်မှ ဉာဏ်မှာ စင်ကြယ်မယ်။ အပြင်မှာ စေတနာက မမှန် ဘူးဗျို့။

မင်းတို့တွေကွာ တစ်အိမ်တစ်ယောက်လုပ်ကွာ၊ ဒို့ရပ်ကွက်က သန့်ရှင်းရေးလုပ်ရမယ်ကွာ။ ဟော- ငါတို့ကြီးပဲ ဖိခိုင်းတယ်ကွာ၊ ငါတို့ချည်းပဲ ဖိခိုင်းတယ်၊ ဟော-သညာ၊ သင်္ခါရ၊ ဥပါဒါန် စေတနာတွေ ပျက် တယ်ဗျို့။ အာရုံပေါ်မှာ အမှတ်မှားတွေ ဖြစ်နေတယ်။ ဘယ်သူပဲ ပျက်ပျက် ငါမပျက်ဘူး၊ ငါရဲ့စေတနာ မပျက်ဘူး၊ ငါ့အကျိုးရှိပါတယ်။ သူ့ကိုယ်သူ ယုံကြည် သွားပြီလေ၊ သဒ္ဓါယုံကြည်သွားပြီ၊ ဝီရိယနဲ့လုပ်တယ်၊

စေတနာမှန်အောင် ထားတယ်။ အဲဒီလူက အပယ်ပိတ်တယ်ဗျို့။ သူ့ဟာသူဖြစ်လာတာ။ သူများ သင်စရာမလိုဘူး၊ သိမှ ပယ်မယ်။ ပယ်မှ မဂ်ဖိုလ်ရမယ်။ တဖြည်းဖြည်း အပြင်ကနေ ကျင့်ရမယ်။ သမုတိသစ္စာကို မှန်အောင်နေပါ။ ဝိရတိသစ္စာ၊ ဝိပဿနာ လုပ်ပါ။ ဝိရတိသစ္စာကနေပြီးတော့ သဘာဝ သစ္စာကို ကြည့်ပါ။ သဘာဝသစ္စာကိုလည်း ကြည့်လို့မြင်ပါပြီ။ သဘာဝ သစ္စာ၊ ပရမတ္ထသစ္စာ။ ခန္ဓာက တရားအမှန်မြင်ပြီ။ အနတ္တတရားကို တွေ့ပြီ။ အတ္တတရားကို ပယ်ပြီ။ ဒါ ခင်ဗျားတို့ ပေါ်မှာ မူတည်တယ်။

သိအောင် ကျင့်ကြပါ။ ဒါဟောပြီးရင် မြောင်းမြ ပြန်ရတော့မှာ။ ဘယ်လောက် ပင်ပန်းသလဲလို့၊ ခင်ဗျားတို့အတွက်တော့ ဒီက ဘာမှယူသွားတာ မဟုတ်ဘူး။ ခင်ဗျားတို့ သီလစစ်၊ သီလမှန်၊ ဒါနစစ်၊ ဒါနမှန်ဖြစ်ဖို့ လိုတယ်။ စေတနာက ဝိသုဒ္ဓိ ဖြစ်ရမယ်၊ စေတနာ မှန်လို့ လှူတာပေါ့၊ ဒီဝတ္ထု အသပြာငွေကို။ အဲဒီ ဝတ္ထု အသပြာငွေကို လှူလိုက်တဲ့အခါမှာ ဦးပဏ္ဍိတ ကလည်း မြောင်းမြယူသွားတာ မဟုတ်ဘူး၊ ခင်ဗျားတို့ရဲ့ ရန်ကုန်မြို့ကြီးရဲ့ ဂေါပကကို အကုန်ပေးပစ်ခဲ့တာ၊ ပွဲတိုင်း ပေးပစ်ခဲ့တယ်။ အဲဒါ ခင်ဗျားတို့ လှူတတ်ဖို့

လိုတယ်။ စေတနာလေးနဲ့ လှူ၊ ညောင်စေ့လောက် လှူရင် ညောင်ပင်ကြီးလောက်ဖြစ်တယ်။ ညောင်ပင်ကြီးလောက် လှူရင် ညောင်စေ့လောက်ဖြစ်တယ်။ ခင်ဗျားတို့ စေတနာမှန်ဖို့လိုတယ်။ စေတနာဆိုတာ စေတနာ ဝိသုဒ္ဓိက အတွင်းသီလ၊ အတွင်းသီလတွေ မှန်တော့ အပြင်အကာကို မစွဲဘူး၊ ပညတ်ကို မစွဲတော့ဘူး။ အဲဒါနှစ်ချက်သွားတာ။ တစ်ချက်ခုတ် နှစ်ချက်ပြတ်တာ။ ဒီလောက်ဆိုတော်ရောပေါ့ဗျာ။

၂၈-၆-၂၀၀၃ ရက်နေ့တွင်၊ သန်လျင်မြို့နယ်၊ သန်လျင်မင်းကျောင်းစာသင်တိုက်တွင် ဝိသုဒ္ဓိဆရာတော်ဘုရားကြီး ဦးပဏ္ဍိတ ဟောကြားတော်မူခဲ့သော တရားတော်

ဦးပဥ္စင်းက စာပေကျမ်းဂန်မတတ်ဘူး၊ ငယ်စဉ်တောင်ကျေးက အမိအဖက တန်းကျောင်းမထားနိုင်လို့ စာမတတ်တာ စာပါယ်တာမဟုတ်ပါဘူး။ စာကို မပါယ်ဘူး၊ ကိုယ်မတတ်တာကို ပြောတာ စာနဲ့ ခန္ဓာနဲ့ သဘောလေးဟောပြပါမယ်။ ခန္ဓာအသီဆိုတာ ဘဝင်အသိလို့ခေါ်တယ်။ ကာယကံ၊ ဝစီကံ၊ မနောကံ၊ မနောဆိုတာ အတွင်းအာရုံခေါ်တယ်။ ဒါကြောင့် အားလုံးရှိကြတဲ့ ဆရာတော်၊ သမားတော်တွေ သံဃာတော်

အရှင်မြတ်တွေ ရှင်သာမဏေတွေ တပည့်တော်က တောင်းပန်တယ်။ ဘာဖြစ်လို့လဲဆိုတော့ စာမတတ်လို့ စကားပြောတဲ့အခါမှာ ပြောမှား၊ ဆိုမှားရှိရင် ပညတ် နယ်ထဲမှာ ဘုရားက ပညတ်ထားတဲ့ နယ်ထဲမှာ စကား မှားရှုတ်ရင် သည်းခံကြပါလို့၊ ဒကာ၊ ဒကာမများ၊ တရားနားကြားတဲ့ ပုဂ္ဂိုလ်များ ဦးပဏ္ဍိတက စာပေ ကျမ်းဂန်မတတ်တော့ ပြောတဲ့အခါမှာ မှားယွင်းရင် သည်းခံပါ။ စာတော့မတတ်ဘူး၊ စာမတတ်တော့ ကိုယ်သိတဲ့အသိကို ပြောပြပါမယ်။

ဘုရားဟောတဲ့ သဗ္ဗေအလုံးစုံသော သင်္ခါရ အနိစ္စ၊ သဗ္ဗေအလုံးစုံသော သင်္ခါရဒုက္ခ၊ သဗ္ဗေအလုံးစုံ သော သင်္ခါရ အနတ္တတဲ့၊ အနိစ္စ ဒုက္ခ အနတ္တတဲ့ အဲဒီတော့ ဒီအနိစ္စ ဒုက္ခ အနတ္တ ခန္ဓာမှာ ကံဆိုက်တာ နဲ့ ဉာဏ်ဆိုက်တာ ကျင့်တဲ့သူပေါ်မှာ မူတည်ပါတယ်။ ကံဆိုတာ ဥပါဒါန်အစွဲ ကိုယ်ကအာရုံငါးပါး မဖြတ် တော့ မနောကနေပြီးတော့ အာရုံပေါ်မှာ စက္ခုအာရုံ၊ နားသောတအာရုံ၊ နံသာအာရုံ၊ ဇိဝှါအာရုံ ဒီလို အာရုံ လေးပေါ်မှာ အမှတ်မှားပြီးတော့၊ မနောက အကုသိုလ် ကံ ကုသိုလ်ကံ၊ အကုသိုလ်စိတ်၊ ကုသိုလ်စိတ်၊ ဗျာပါဒ စိတ်၊ မိစ္ဆာစိတ်၊ ဒိဋ္ဌိစိတ်။ ဒါတွေဟာ မနောမှာ သူများ

မနာလို ကိုယ်ကျိုးမရှိ။ မနောမှာ ဒေါသ လောဘ မောဟဆိုတဲ့ မနောက ဖြစ်တာပါ။ အဲဒီမနောက ဖြစ်တဲ့ ဥပါဒါန်ကံကို အကျိုးနဲ့ အကြောင်းလေးတွေကို သဘောလေး ဦးပဥ္စင်းက ပြောပြတာပါ။

ဘုရားဟောတဲ့ အနိစ္စရယ်၊ ဒုက္ခရယ်၊ အနတ္တရယ်၊ လက္ခဏာရေး(၃)ပါးရှိတယ်။ ဒါဖြင့် ကောင်းပြီ စာမတတ်တော့ ဘာတွေကို ကျင့်ကြံအားထုတ် နှလုံးသွင်းရမလဲ။ ကောင်းပြီတဲ့ ကိလေသာနဲ့ တဏှာကို သတ်ရမယ်။ ပါယ်ရမယ်၊ ပါယ်တဲ့အခါမှာ ဘာနဲ့ ပါယ်မလဲ။ ဒုက္ခသစ္စာ ဆင်းရဲခြင်း၏ အမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်း၏ အကြောင်း အမှန်တရား၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ သစ္စာလေးပါးခေါ်တယ်။ အဲဒါက ခန္ဓာသိ စာနဲ့ဆိုပြတယ်။ ခန္ဓာက သိရမယ်။ သိရင်ပါယ်မယ်၊ ပါယ်ရင် မင်္ဂဖိုလ်ရနိုင်တယ်။

အကျိုးပေါ်ရင် အကြောင်း၊ မြင်လိုက်တာ အကြောင်း၊ ကြားလိုက်တဲ့ အကြောင်း၊ အဲဒီအကျိုးပေါ် ကနေပြီတော့မှ အာရုံငါးပါးပေါ်မှာ အများတွေဖြစ်ကြတယ်။ တဏှာပေ့ဗျာ၊ သညာ သင်္ခါရ ဥပါဒါန်၊ ကံ၊ အစွဲဥပါဒါန်ကံ။ ဒါတွေသံသရာလည်တဲ့တရားတွေ၊ သံသရာ ဘယ်ကစလဲ။ ခန္ဓာကစတယ်။ သံသရာ

ဘယ်ကပြတ်သလဲ။ ခန္ဓာကစလို့ပြတ်တယ်။ နိဗ္ဗာန်သည် ခန္ဓာမှစတယ်။ ခန္ဓာမှာ ဆုံးတယ်။ သီလမှာ ချုပ်တယ်။ ဒုက္ခ သစ္စာကိုလည်း သဘောပေါက်သွားပြီ။ သမုဒယ သံယောဇဉ် သံသရာလည်တဲ့ ကြိုးလဲ ပါယ်ပြီ။ ဖြတ်ပြီကွ၊ အဲဒီတော့ နိရောဓနဲ့ မဂ်ရလို့လာဟောတာ။

ဒါဖြင့်ရင် စာကရေးထားတယ်။ ဒိဋ္ဌိနဲ့တဏှာ၊ အဲဒီတော့ ဒိဋ္ဌိနဲ့တဏှာကို ဝိပဿနာတရားကို ကျင့်ရတော့မယ်။ ဒိဋ္ဌိ၊သဘောလေးပေါ့၊ တဏှာရဲ့ သဘောလေး၊ အင်မတန်မှ နုတယ်၊ ဒါကြောင့် ဒုက္ခ သစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ ဟာ သိရမယ်။ သိရင် ပါယ်လိမ့်မယ်။ ဒုက္ခသစ္စာနဲ့ သမုဒယသစ္စာကို အကျိုးနဲ့အကြောင်း ကိလေသာနဲ့ တဏှာအဲဒီ တဏှာ ဘယ်မှာရှိလဲ။ ကိုယ်တွင်းမှာရှိတယ်။ ရုပ်မှာရှိတယ်။ တဏှာနော်။ လူတိုင်းရှိတယ်။ တဏှာဆိုတာ အာရုံပေါ်မှာ သာယာတာ၊ အာရုံပေါ်မှာ သာယာတဲ့ စိတ်ချမ်းသာတယ်၊ စိတ်ဆင်းရဲတယ်၊ ဒီစိတ်ကိုဟောတာ၊ ဘဝင်စိတ် ဗျာပါဒ၊ အဘိဇ္ဈာ၊ ကုက္ကုစ္စစိတ်၊ မလို မိစ္ဆာစိတ်၊ ဒေါသစိတ်၊ မနောကဖြစ်တာ။ အာရုံမလွတ်လို့ ဖြစ်တာ။ အာရုံငါးပါး ဟောဒီ ဘဝ

မလွတ်လို့ဖြစ်တာ၊ ဒါကြောင့် ဒီတရားတွေ ကျင့်ကြံ အားထုတ်တဲ့အခါမှာ မဂ္ဂင်ရှစ်ပါးနဲ့ ဒိဋ္ဌိကို ပါယ်မယ်။ ဒိဋ္ဌိကိုပါယ်ရင် တဏှာကို သိမယ်။

ခန္ဓာငါးပါး၊ ရုပ်နာမ်နှစ်ပါးမှာ ဒီခန္ဓာငါးပါးနဲ့ ရင်းရှာတော့မယ်။ ရင်းရှာမှ ရုပ်နာမ်ကို သိမယ်။ ရုပ်နာမ် သိတာ ဝိဇ္ဇာဉာဏ် ရုပ်နာမ်မသိတာ၊ အဝိဇ္ဇာဉာဏ်၊ သဘောလေးဘဲ။ ခန္ဓာငါးပါးနဲ့ ရင်းရှာတယ်။ ရင်းရှာတဲ့ အခါမှာ ရုပ်ရှိရင် ဝေဒနာရှိတယ်။ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဉပါဒါန်၊ ကံ၊ အဲဒါနာမ်ခန္ဓာတွေ ဒါစာတော့ မတတ်ဘူး၊ ရုပ်ရှိရင် ဝေဒနာရှိတယ်။ ဝေဒနာမှာ တဏှာရှိတယ်။ စိတ်ဆင်းရဲတာ၊ စိတ်ချမ်းသာတာ။ ဒါကြောင့်မလို့ မဂ္ဂင်ရှစ်ပါးနဲ့ ဒီတဏှာကို ပါယ်မယ်။ မရရအောင် ကျင့်ကြံအားထုတ်မယ်။

မဂ္ဂင်ရှစ်ပါးနဲ့ တပလ္လင်ခွေပြီးတော့ လူသူခေါင်း ပါးတဲ့နေရာ လူသူနဲ့ဝေးတဲ့နေရာ ဒီလိုနေရာမျိုးတွေမှာ သွားပြီးတော့ တစ်ယောက်ထဲ ဆိတ်ငြိမ်းတဲ့နေရာ၊ ဂေါ့စက္ကံကလဲ အင်မတန်ထူးရမယ်။ သွားပြီးတော့။ တရားအားထုတ်တယ်။ တရားအားထုတ်တဲ့အခါကြ တော့၊ ကံပြတ်တရား၊ သံသရာ ဘယ်ကစလဲ။ ခန္ဓာ ကစတယ်။ ဒီအာရုံနဲ့ မနော ဒီသံသရာဖြတ်အောင်

ခန္ဓာမှာ ရှင်းမှ လင်းမယ်ဆိုပြီးတော့ တရားအားထုတ်တယ်။ တရားအားထုတ်တဲ့အခါကြတော့ ကိုယ်မှာရှိတာက ကာယကံ၊ ဝစီကံ၊ မနောကံ။ ဒါတွေက ကံ၊ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး၊ ပေါင်းလိုက်တော့ ဒုစရိုက်(၁၀)ပါး၊ ဒီကံတွေဟာ ကိုယ့်ကို ကိုယ်မသိလို့ အနှိမ်ဆက်ခံနေရတာ၊ ကာယကံ(၃)ပါးက၊ သူများ အသက်မသတ်နဲ့၊ သူများ ပစ္စည်း မယူနဲ့၊ သူများသားမယား မဖျက်စီးနဲ့၊ ဒါဦးပဉ္စင်းရဲ့ အသိလေးပြောတာပါ။ ဝစီကံက မုသာဝါဒ၊ ပိသုန ဝါစာ၊ ဖရုသဝါစာ၊ သမ္ဖလာဝါစာ၊ အကြောင်းလေး ချက်ကိုလဲ မသုံးပါနဲ့၊ မနောကံက ဗျာပါဒ၊ အဘိဈ္ဈာ၊ မိစ္ဆာဒိဋ္ဌိ၊ ဒီအယူကိုလဲ မယူပါနဲ့၊ တပလ္လင်ခွေ တရား ထိုင်တဲ့အခါကြတော့ ကာယကံ(၃)ပါး၊ ဝစီကံ(၄)ပါး၊ မနောကံ(၃)ပါး၊ ဘယ်သူကို သတ်သလဲ၊ မနောကံ သတ်တယ်၊ ဒါအရိယာ သွားတဲ့လမ်း၊ ကာယကံနဲ့ ဝစီကံက သူဟာသူ တပလ္လင်ခွေနေရတယ်။ ဆေးလိပ် မသောက်ဘူး၊ ရေမသောက်ဘူး၊ စကားမပြောဘူး၊ ဘာမှ ဝီစိကိစ္စ ဘာမှ လုပ်ခြင်းပြုခြင်းမရှိပါဘူး၊ ကာယကံ(၃)ပါးကလဲ ဆေးလိပ်တောင် မသောက်ဘူး၊ ရေလဲမသောက်ဘူး၊ သူများလဲ စကားမပြောဘူး၊ အဲဒီ

အပြင် ကံမှာ စင်ကြယ်ရင်၊ ခန္ဓာမှာ စင်ကြယ်မယ်၊ ခန္ဓာမှာ စင်ကြယ်ရင် ဉာဏ်မှာ စင်ကြယ်မယ်။ အပြင်မှာ မစင်ကြယ်ရင် ခန္ဓာမှာ မစင်ကြယ်ဘူး၊ ခန္ဓာမှာ မစင်ကြယ်ရင် ဉာဏ်မှာ မစင်ကြယ်ဘူး။

ဒါဉာဏ်အလုပ်တွေ၊ ဂန္ထိရဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဥဒပါဒိ၊ အာသဝေါဥဒပါဒိ၊ ဉာဏဥဒပါဒိ လို့ စာကရေးထားတယ်။ စာကမှန်၏။ ဉာဏ်ကမမိ၊ ထိအောင် သူမသိ စာတွေ့ ငါတွေ့ အတွေ့နှစ်လီ ရှိတယ်၊ စာတွေ့ထက် ငါတွေ့က သာတယ်။ ကျင့်တဲ့ လူဘဲ သိတယ်။ သိပ်နေတယ်။ သမုတိသစ္စာ၊ ဝိရတိ သစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထသစ္စာ၊ အရိယာထသစ္စာ၊ ဒါအရိယာထသစ္စာ၊ ဒါအခုလာဟောတာ၊ အရိယာထ သစ္စာ၊ သမုတိသစ္စာက ကျော်သွားပြီ။ သမုတိသစ္စာက ကံတရား၊ ကာယကံနဲ့ဝစီကံ ထိန်းတယ်။ မနောကံကို မထိန်းနိုင်ဘူး၊ ဒါသမုတိသစ္စာ။ ဘာဖြစ်လိုလဲ ဝိရတိ သစ္စာ၊ သဘာဝသစ္စာ၊ ပရမတ္ထကို မကျင့်မကြံ မအား ထုတ်ခဲ့ဘူး၊ စာဘဲတတ်နေတယ်။ မိုးပျံအောင် တတ် တယ်၊ သွားသင်ရင် တတ်တာပေါ့။ ဒါလောက အကြောင်းတွေ လောကီအကြောင်းရှိရင် လောကုတ္တရာ အကြောင်းရှိတယ်။ ပညတ်ရှိရင် ပရမတ်ရှိတယ်၊ အတ္တ

ရှိရင် အနတ္တရှိတယ်၊ သညာရှိရင် ပညာရှိတယ်၊ ဒါ ခင်ဗျားတို့ပေါ်မှာ မူတည်တယ်။- ဒီဘဝနောက်ဆုံးဘဲ။

ဘုရားက ဟောထားတယ်။ (၃၁)ဘုံ၊ ကိုယ့်မှာ ရှိတာက (၃၂) ကောဋ္ဌာသ ရှိတယ်၊ မရဏ သေမင်း မဦးခင်၊ ဉာဏ်ဦးဖို့ ရှာကြပါ။ သေမင်းဦးရင် ကံနဲ့ ပြန်သွားရင်၊ ခင်ဗျား သံသရာ လည်မှာဘဲ။ စိတ်သာချ၊ လည်မှာဘဲ၊ မိုးကျောခိုင်းသွားလိမ့်မယ်၊ ကာယသိတိ ပဋ္ဌာန်၊ ကာယရှိတဲ့ ကံတရားတွေ၊ ငါကံတရားတွေ၊ ငါစွဲတဲ့ ဉပါဒါန်၊ ကံတွေပါလား၊ အာနာပါန ထိမှု၊ သိမှု၊ နှာခေါင်းနှစ်ပေါက်က ဒလစင်၊ဒလက်စပ် အမြဲတန်း လှုပ်ရှားနေတယ်။ ထမင်းစားလည်း ရှိတယ်၊ အိပ်လည်းဘဲ၊ အမှုမဲ့ အမှတ်မဲ့နေတော့ အာရုံနဲ့ပေါင်း တယ်၊ အမှတ်မှား၊ အယူမှားတွေဖြစ်တယ်၊ ငါလို့ယူ ထားတယ်။ အယူလဲမှားတယ်၊ အမှတ်လဲမှားတယ်၊ သွားစွဲတယ်။

ငါမြင်တယ်၊ ငါသိတယ်၊ ဒါအတ္တတွေ၊ အဲဒါ တွေက သံသရာလည်တယ်၊ ဒီလို တရားအားထုတ် တဲ့နေရာမှာ ဒီနှာခေါင်းနှစ်ပေါက်က ဝင်လေထွက်လေ အာရုံလေးမှာ ဘဝင် မနောက ဒီအာရုံကို အသိကပ် ထား၊ အသိလေးကပ်ထားရင် ဒီစိတ်ကလေးက ငြိမ်လာ

မယ်၊ မနောဘဝင်လေးက ငြိမ်လာမယ်၊ ငြိမ်လာရင် အဓိစိတ္တ၊ အပြင်မှာစင်ကြယ်တာ အဓိသီလ၊ ရေ တောင်မသောက်ဘူး၊ ဘယ်သူနဲ့မှလဲ စကားမပြောဘူး၊ တောထဲမှာ သူ့ဟာသူနေတာ၊ အပြင်မှာစင်ကြယ်လာ တယ်၊ အတွင်းမှာလဲ စိတ်နဲ့စေတသိတ်က တဖြည်း ဖြည်း ခေါင်းပါးအောင် သူကျင့်လာတယ်၊ သဘော လေးဘဲ။

ကာယကံ၊ ဝစီကံ၊ မနောကံ၊ မနောကံဟာ စွဲလန်းတဲ့ သံယောဇဉ်အစွဲတွေ သားစွဲ၊ သမီးစွဲ၊ စီးပွားရေးစွဲ လောကီအကြောင်း၊ အထွေထွေတွေ ပါယ် တယ်ဗျို့၊ သာမာဓိနဲ့ ပါယ်ထားတယ်၊ အာရုံနဲ့ ဝိပဿနာ ရဲ့ အသိလေးနဲ့ ထိတာကရုပ်၊ သိတာက နာမ်၊ ထိတာ လဲ မမြဲဘူး၊ သိတာလဲ မမြဲဘူး၊ ဒီရုပ်နာမ်ရဲ့ သဘော တွေ၊ ဒါလေးကို ကိုယ်က သတိထားတယ်၊ ထိ၊ သိ၊ သတိ၊ လေက ဝင်တယ်၊ ထွက်တယ်၊ ထွက်တာလဲ၊ သိတယ်၊ ထိတာလဲသိတယ်၊ ထိတာက ရုပ်၊ သိတာက နာမ်၊ သဘောလေးဘဲ၊ အဲဒီလို အာရုံမှာ ဘဝင် အသိလေးက ဒီမှာကပ်ထားတယ်၊ အဲဒါကြောင့် သား အကြောင်းလဲ မတွေးဘူး၊ သမီးအကြောင်းလဲ မတွေး ဘူး၊ စီးပွားရေးအကြောင်း၊ ဒါတွေကို မတွေးဘူး၊ အဲဒါ အဓိစိတ္တခေါ်တယ်။

အပြင်မှာအာရုံငါးပါးပေါ်မှာ သမ္မာလေးနဲ့ ယူထားတယ်။ သမ္မာဝါစာ၊ သမ္မာကမ္မတ၊ သမ္မာအာဇီဝနဲ့ အာရုံငါးပါးပေါ်မှာ ဩော်-(အေးအေးအေး)၂ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတဒိဋ္ဌိနဲ့ မယူဘူး၊ ငါမြင်တယ်၊ ငါကြားတယ်၊ ငါ့သား၊ ငါ့မယား၊ ငါ့အိမ်၊ ငါ့တိုက်၊ ငါ့စီးပွား၊ လောကီအာရုံတွေကို မစွဲလို့ မယူတာ၊ စွဲရင်ယူရင်ကံ၊ ဘယ်ကံလဲ မနော၊ အာရုံငါးပါးမှာ စားနေတယ်၊ သဗ္ဗေ အလုံးစုံသော သင်္ခါရ၊ အနိစ္စ၊ ဘဝင်စိတ်ကလေးဟာ အာရုံနဲ့ ပေါင်းသွားတယ်။ ဒါကြောင့်မလို့ ရုပ်ကုဋ္ဌေငါးထောင်၊ နာမ် ကုဋ္ဌေတစ်သိန်း ဖြစ်ပျက်မှ မသိရင် ကိလေသာကြွေးတင်တယ်။ ဘယ်ကိလေသာလဲ၊ တဏှာကြွေးတွေ တင်နေတာ၊ ကြွေးတင်ရင် ကြွေးမတင်တဲ့ နေရာကို ရောက်အောင်သွား၊ ဒီအလုပ်ကို လုပ်ကြပါ။ သွားကြမှာဘဲ။ ဦးပဏ္ဍိတလဲ ဒီလမ်းပြန်ရမှာဘဲ။ အနတ္တတရားကြီး၊ အနတ္တတရားကြီးမှာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ၊ စိတ်က အတ္တတွေ အစွဲတွေဖြစ်နေတယ်၊ သံသရာလည်တာပေါ့၊ သံသရာဘယ်ကစလဲ၊ ခန္ဓာကစတယ်၊ သံသရာဘယ်ကစလို့ပြတ်လဲ၊ ခန္ဓာကစတယ်၊ သံသရာ ဘယ်ကစလို့ ပြတ်လဲ၊ ခန္ဓာက စလို့ ပြတ်တယ်၊ ဘာရလဲ၊ မဂ်ဉာဏ်ရတယ်၊ မဂ်နဲ့ဖိုလ်နဲ့

တွဲနေတယ်၊ သဘောလေးနဲ့ နာ၊ တကယ်လို့ တကယ် ရလို့ တကယ်လာပြောတာ၊ ဒါအရိယထသစ္စာခေါ် တယ်၊ မနောကံ၊ ဉာဏ်ဖြစ်အောင်လုပ်လိုက်တာ၊ ဂန္ထိရ ဉာဏ်၊ ဇဝနဉာဏ်၊ စက္ခုဥဒပါဒိ၊ အာသဝေါဥဒပါဒိ၊ ဉာဏဥဒပါဒိ၊ဒါဉာဏ်စခန်းတွေ၊ ဝိပဿနာ ဉာဏ်မ ပေါက် တောင်မှ ကိုယ်ရဲ့ကျင့်တဲ့ စရဏဟာ သဒ္ဓါမိုလ် တွေ၊ ဝိရိယမိုလ်တွေ၊ သီလမိုလ်တွေ၊ သမာဓိမိုလ်တွေ၊ ပညာမိုလ်တွေ၊ သဒ္ဓါဆိုတာ ယုံကြည်တယ်၊ ငါလုပ်မယ် ဆိုပြီးတော့ ဉာဏ်မပေါက်တောင်မှ အပွါယ်လေးပါး ပိတ်တယ်ဗျို့၊ ဒါ ဝိနည်းမဟုတ်ဘူး၊ ဒါမဂ်ဂေါသွားတဲ့ လမ်း၊ နိဗ္ဗာန်သွားတဲ့လမ်း၊ ဒါတွေကို မဂ္ဂင်ရှစ်ပါးနဲ့ မိမိရဲ့နှလုံးသားကိုစစ်ရမယ်။

သမ္မာဝါစာ၊ သမ္မာကမ္မတ၊ သမ္မာအာဇီဝ၊ ဒီမဂ္ဂင် ဟာ ဘာလဲ၊ ဒို့ဘယ်လိုနေထိုင်ရမယ်၊ ဒို့ဘယ်လို ဆုံးဖြတ်ရမယ်၊ ဒို့ဘယ်လို သိရမယ်၊ သမ္မာဝါယမ၊ သမ္မာသတိ၊ သမ္မာသမာဓိ ဒါကိုယ်က သိရမယ်၊ စာ တော့တတ်ပြီးတော့ ခန္ဓာကမသိဘူး၊ ကြည့်စမ်း၊ ခန္ဓာ သိမှ သွေးသား ပြောင်းမယ်။ သွေးသားပြောမှ စိတ် ပြောင်းမယ်။ ခင်ဗျားတို့လဲ ဘယ်ကလာလဲ၊ အတိတ်က လာတယ်၊ ဘယ်ကို ပြန်မလဲ၊ အနာဂတ်ပြန်မယ်၊

ဘယ်မှာ သံယောဇဉ်တွယ်လဲ၊ ပစ္စုပ္ပန်မှာ လောဘစိတ်၊ ဒေါသစိတ်၊ မောဟစိတ်၊ တဏှာ၊ မာန၊ ဒိဋ္ဌိစိတ်တွေ ဖြစ်ကုန်ပြီး၊ လည်ပြန်ပြီး၊ တစ်ဘဝပြီး၊ တစ်ဘဝ၊ တစ်ဘဝပြီးတစ်ဘဝ၊ ဒါတွေဖြစ်ကုန်ကြပြီ၊ အစွဲ ဥပါဒါန်ရဲ့ ကံကို မိမိက သမ္မာလေးနဲ့ယူ၊ သက္ကာယ ဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ အယူမှား၊ အမှတ်မှား၊ အစွဲ မှားတွေ မလုပ်ပါနဲ့၊ (ယောဂီ-အေးအေးအေး) အဲဒီတော့ အပြင်မှာ စင်ကြယ်ရင် ခန္ဓာမှာ စင်ကြယ်တယ်၊ ကိုယ် ထက်ကြီးတဲ့သူကို ရိုသေပါ။ ကိုယ်နဲ့တန်းတူကို ကြင် နာပါ။ ကိုယ်အောက်ကသူကို သနားပါ။ ကိုယ်ကျင့် တရားထားပါ။ ဗြဟ္မာစိုရ်တရားထားပါ။ သံဝေဂ တရား ထားပါ။ ကိုယ်ကို ကိုယ် မာန်တွေ၊ ရာဇမာန်တွေ၊ ဓနမာန်တွေ၊ ပစ္စည်းမာန်တွေ၊ ဥစ္စာမာန်တွေ၊ ဗလမာန် တွေ၊ ငါမာန်တွေ၊ စာမာန်တွေ မစွဲနဲ့တဲ့၊ စွဲရင် ကံဖြစ် လိမ့်မယ်။ ယောဂီ-အဲဒီတော့ ကျွန်တော် ဘယ်ကံများ နှလုံးသွင်းရပါမယ်ဘုရား၊ သမ္မာကံကို သွင်း၊ သက်သာ ရာသက်သာကြောင်းရတယ်၊ သက္ကာယဒိဋ္ဌိကံတွေ၊ မိစ္ဆာ ဒိဋ္ဌိကံတွေ၊ အတ္တဒိဋ္ဌိကံတွေ မယူနဲ့၊ ဒါခင်ဗျားတို့ အပေါ်မှာ မူတည်တယ်။ ကိလေသာမှာ တဏှာက တွဲနေတာ၊ တဏှာသတ်တာ၊ တဏှာမသတ်တော့၊

တဏှာမသေတော့ ကံဖြစ်တယ်၊ ကံဖြင့်ပြီး၊ ဒီကံကို။ မဂ္ဂင်ရှစ်ပါး၊ သမ္မာနဲ့ယူ၊ အဲဒါအပါယ်ပိတ်တယ်၊ ကိုယ်ဟာကို သိတယ်။

သိရင်ပါယ်မယ်။ ပါယ်ရင် မင်္ဂဖိုလ်ရတယ်၊ ကိုယ်စိတ်ကိုယ်စစ်၊ သူများစိတ်သွား မစစ်နဲ့၊ သူများအကြောင်း ကိုယ်အကြောင်းမလုပ်နဲ့၊ ဘာဘဲဖြစ်ဖြစ်၊ ရပ်ကွက်မှာရှိတဲ့ လူကြီးမင်းများက ခိုင်းတယ်၊ ဟော့ကောင်တွေ တစ်အိမ်တစ်ယောက် ထွက်၊ သန့်ရှင်းရေးလုပ်ရမယ်။ အဲနေတိုင်း၊ နေ့တိုင်း ခိုင်းတဲ့အခါမှာ၊ တချို့က ညည်းညူတယ်၊ ဒိုတွေဘဲ လာလာခိုင်းတယ်ကွာ၊ ဒီပြင်သူတွေတော့ မခိုင်းဘူး၊ ဒိုဘဲလာ ခိုင်းတယ်၊ ဟော စေတနာပျက်သွားပြီး၊ ဘာဖြစ်လို့ စေတနာပျက်လဲ၊ အမှတ်မှားတယ်၊ အယူမှားတယ်၊ စေတနာမှားတယ်၊ နှလုံးသားစေတနာပျက်ရင်၊ ဝိသုဒ္ဓိမစင်ကြယ်ဘူး၊ အပြင်မှာစင်ကြယ်မှ ဝိသုဒ္ဓိစင်ကြယ်တယ်၊ ဝိသုဒ္ဓိဆိုတာ အင်မတန် စေတနာကောင်းရမယ်၊ အဘရယ် ကျွန်တော်ကိုခိုင်းပါ။ ကျွန်တော်တို့ လုပ်ပါမယ် အဘရယ်၊ အကိုကြီးရယ် ကျွန်တော်တို့ လုပ်ပါမယ်။ ဒါကုသိုလ်ဘဲ၊ ဒါစေတနာနဲ့ လုပ်တာဘဲ၊ ပိုက်ဆံ ရရ မရရ၊ အင်မတန်မှထူးတဲ့ တရားတွေပါ။ အင်မတန်မှ

ယဉ်ကျေးတဲ့တရား၊ ဗုဒ္ဓရဲ့အယူဝါဒက အင်မတန်မှ ယဉ်ကျေးတယ်။ အင်မတန်မှ သိမ်မွေ့တယ်၊ ဦးပဏ္ဍိတ စာပေကျမ်းဂန်မတတ်လို့၊ ကာယကံ၊ ဝစီကံ၊ မနောကံ သတင်းသွားတယ်၊ ဘယ်သူသိလဲ၊ ဟော တစ်ချက် ခုတ်၊ နှစ်ချက်ပြတ်တယ်၊ ကာယကံ၊ ဝစီကံကို သူက စားသွားတယ်။ သူဉာဏ်ဖြစ်သွားပြီ၊ မနောဉာဏ် ပေါက်သွားပြီလေ၊ ဉာဏ်စေတနာတွေခေါ်တယ်၊ ကံ စေတနာတွေ မဟုတ်တော့ဘူး၊ သူဆဲတယ်၊ ကျောင်း မှာ လာသမျှလူတိုင်းလဲ မဆဲဘူး၊ ဘုန်းကြီးတွေလဲ ဆဲတာဘဲ၊ မမှန်ရင်ဆဲတယ်၊ အဲဒီလိုဘုန်းကြီးမျိုး ချွတ် ပေးဆိုရင် သင်္ကန်းချွတ်ပေးလိုက်မယ်၊ ထွက်သွားမယ်၊

ဦးပဋ္ဌင်း တောထဲမှာ ကိုယ့်ဟာကိုယ် နေတတ်ပါ တယ်။ စားတတ်ပါတယ်၊ သေတတ်ပါတယ်၊ အကုန် နေတတ်ပြီ၊ လောကကို သိသွားပြီ၊ အစွဲဥပါဒါန်ပြတ် တယ်၊ မပြတ်တယ်၊ ကိုယ်သိရမယ်၊ လောဘစိတ်တွေ က ငါရှိသေးသလား၊ ဒေါသစိတ်တွေ ရှိသေးသလား၊ လောဘနဲ့ဒေါသ ဘာကြောင့်ဖြစ်ရတယ်၊ မောဟ ကြောင့် ဖြစ်တာ၊ မောဟကဘာလဲ၊ ခင်ဗျား သွေးသား က ဖြစ်တယ်၊ ခင်ဗျားသွေးသာကြီး၊ အဲဒါမောဟဘဲ၊ တွေးဝေမှိုင်းနေတယ်လို့ ခင်ဗျားတို့ ပြောကြတယ်၊

ဟုတ်တာပေါ့၊ အာရုံပေါ်မှာ အမှတ်နဲ့ယူပြီးတော့ လော ဘဒေါသတွေ ဖြစ်နေတယ်၊ အာရုံနဲ့ သွားပေါင်းလိုက် တာ မသိလိုက်ဘူး၊ ဉာဏ်သမားက သိလိုက်ပြီး၊ ကံသမားက မသိလိုက်ဘူး။

မသိတာ တွေဝေမှိုင်းမောနေတယ်လို့ ဆိုရတော့ မယ်။ ဟိုဘက်ကမ်းနဲ့ ဒီဘက်ကမ်း ဟိုဘက်ကမ်း ရောက်တဲ့သူက၊ ဒီဘက်ကမ်းကို လာ ဟာဓတာ၊ဓ သက်န်းချွတ်ပေးလိုက်မယ်လို့ ပြောပြီးလေ၊ ခင်ဗျား တို့ မကျေနပ်ဘူးဆိုရင် ချွတ်ပါဆို၊ ခုချွတ်ပေးပါ့မယ်။ ဒါပေမဲ့ သစ္စာလေးပါး၊ အရိယသစ္စာ၊ သမုဒိသစ္စာ၊ ခွဲပြောရမှာဘဲ၊ သမုဒိသစ္စာ ဘာလုပ်လဲ၊ အရိယာသစ္စာ ဘာလုပ်လဲ၊ ဒါရှိတယ်၊ သဘောလေးနဲ့နာ၊ သူလဲ ပြန်မှာ၊ ငါလည်းပြန်မှာ၊ မှန်တယ်တဲ့၊ ထုံးတမ်းဥပဒေ တွေ မှန်တယ်ကွ၊ သိပ်ကောင်းတယ်ကွတဲ့၊ ငါကတော့ မမှတ်တော့၊ ငါ့မှာစည်းကမ်းမရှိတော့ဘူးကွ၊ စာကလဲ မတတ်တော့ဘူးကွ၊ ငါလဲဒီအယူဝါဒတွေ မမှတ်တော့ ဘူးကွ။

ဒါကြောင့်မလို့ (သြော်-အေးအေးအေး)ဥ မမှတ် တော့ဘူး၊ သူ့အာရုံနဲ့သူနေတယ်။ ခင်ဗျားတို့ကို ဆဲလိုက် တယ်၊ ခင်ဗျားတို့ကို တရားပေးလိုက်တာ၊ ခင်ဗျားတို့ကို

ဆဲလိုက်တယ်၊ ခင်ဗျားတို့ကို တရားပေးလိုက်တာ၊ ခင်ဗျားတို့ မယူတတ်လို့ ခင်ဗျားတို့ ဥပမာ ဘုရားသခင် ကိုယ်တော်မြတ်ကြီးက သူထိုင်နေပြီ၊ ထိုင်နေတယ်၊ အဲဒါကြတော့ ဆိတ်ကျောင်းတဲ့လူမျိုးက ဆိတ်အုပ်ကြီး က တစ်ခါထဲ ဘုရားတွေ့တော့ မသွားတော့ဘူး။ မသွား တော့ ဆိတ်ကျောင်းတဲ့ပုဂ္ဂိုလ်က ဘုရားကို ဟေ့ မင်း ဘာဖြစ်လို့ ထိုင်နေတာလဲ၊ မင်း ငါပြောတာ မကြားဘူး လား၊ ဘာညာနဲ့ ကုလားက ပြောတယ်။ ဘုရားက နင့်အယူ ငါမယူဘူးကွတဲ့၊ ဒီသဘောဘဲ၊ ဒါတွေဟာ အင်မတန်မှ တစ်ယောက်နဲ့တစ်ယောက် သိဖို့က မလွယ် ပါဘူး၊ လွယ်သရောင်နဲ့ ခက်တယ်၊ လွယ်လွယ်တော့ ပြောလိုက်တာဘဲ၊ ပြီးတော့မှ ခက်တယ်။ တိမ်သရောင် နဲ့ နက်တယ်၊ ကျင့်ရင်ရပါတယ်ကွာ၊ ဟောကျင့်လိုက် တော့ နက်သွားပြီ။

ဒါကြောင့်မလို့ ခင်ဗျားတို့ရဲ့ ကာယကံ၊ ဝစီကံ၊ မနောကံ၊ ဒီမနောကံမပါယ်ရင်တော့ ကာယကံ၊ ဝစီကံ တွေ ဖြစ်ကုန်ပြီနော်၊ ကာယကံတွေ ဝစီကံတွေ ဒါကြောင့်မလို့ အသီးတရား၊ အညှာပြတ်မှ ဒီအသီးတွေ ဟာ အကုန်ပြုတ်ကြမယ်၊ ယခုတော့ အသီးလေးတွေ တစ်လုံးစီခူးနေရင် အညှာမှ မပြတ်ရင် ခင်ဗျားပေါ်သို့

မှုတည်တယ်။ မနောသတ်ရတယ်၊ အရိယာက မနော သတ်တာ၊ သမုတိသစ္စာက ကာယကံနဲ့ ဝစီကံကို ရှောင်ထားတယ်၊ တဏှာကိုဗျ၊ စက္ခုအာရုံမှာ သာယာ တာ တဏှာ၊ ကိုယ်မျက်စိမှာ သာယာတယ်၊ တဏှာ၊ ကိုယ်နားလေးကြားတာ၊ မနောက သာယာတာ တဏှာ၊ ဇိဝါမှာ စားလိုက်တဲ့ အရသာကို မနောလေး က ခံစားတယ်။ စိတ်ကခံစားတယ်၊ ဘဝင်စိတ် ကလေးက ခံစားတယ်၊ တဏှာမြင်လိုက်တဲ့ စိတ်ကလေးက အာရုံ ပေါ်မှာ မှတ်သားပြီးယူတာ တဏှာ၊ သာယာတာ တဏှာ၊ ဒီစိတ်ကလေးကို ပြောနေတာ၊ စာမတတ်လို့။

စိတ္တ တဏှာ နာမ် စိတ်သာရှင်စော ဘုရားဟော၊ စာမတတ်တော့ စိတ်အကြောင်းပြောပြီး မြင်လိုက်တော့ မသိဘူးလား၊ သိတယ်၊ သိတဲ့အခါမှာ အဲဒီဟာလေး ကို ပြီးတော့ မစွဲဘူးလား၊ စွဲတာတဏှာဘဲ။ အဲဒီစိတ် ကလေးက သာယာတယ်။ စိတ်ကလေးက ခံစားတယ်၊ ဝေဒနာတွေပေါ်တယ်၊ ဘဝင်စိတ်ကလေးက ဆင်းရဲ တယ်၊ ဝေဒနာတွေဟာ အလွန်အကျွံပေါ်လာတယ်။ စိတ်ကလေးက မနောလေးက ဆင်းရဲတယ်၊ တဏှာ၊ စိတ်ကလေးချမ်းသာတာ တဏှာ၊ စက္ခုအာရုံမှာ သာယာတာ တဏှာ၊ ဘဝင်စိတ်ကလေးက ကိုယ်

နားလေကြားလို့ အသံလေး သာယာတာ တဏှာ၊ ခင်ဗျားတို့ ကြည့်စမ်း၊ အဲဒီလို တဏှာကို ပြတ်မှ သာလျှင် အရိယာလို့ ခေါ်တာဗျ၊ အဲဒီတော့ ခင်ဗျားတို့ စိတ်တွေကို ခင်ဗျားတို့စစ်၊ မဂ္ဂင်ရှစ်ပါးနဲ့စစ်၊ ကာယ သတိပဋ္ဌာန်၊ ကာယပေါ်မှာ အသိလေးကပ်ထား၊ ကာယကံမှုတွေ၊ ဝစီကံမှုတွေ၊ မနောကံမှုတွေ၊ အစွဲ ဥပဒါန်တွေ၊ သွားစွဲတာ၊ ဥပါဒါန်၊ အဲဒါ ကံလို ခေါ် တယ်၊ ကိုယ်က သွားစွဲတာ၊ မကောင်းတာလဲ စွဲတယ်၊ ကောင်းတာလည်း စွဲတယ်၊ ဒါဥပါဒါန်တရားတွေ။

သံသရာဘယ်ကစလဲ၊ ခန္ဓာကစတယ်၊ သံသရာ ဘယ်ကစလို့ ဘယ်လိုလည်လဲ။ ခန္ဓာကစလို့ လည် တယ်၊ တစ်ယောက်နဲ့ တစ်ယောက် တရားတွေလည်း ထိုင်လဲပြီးရော၊ ညည်းကဘာ၊ ကျုပ်ကဘာ၊ အာရုံ ငါးပါးနဲ့ ပြန်ပေါင်းပြီဗျို့၊ တရားတော့ ထိုင်ပါတယ်၊ ဒါပေမဲ့ ဘဝင်စိတ်ကလေးက အာရုံနဲ့ပေါင်းပြီး၊ အာရုံ ပေါ်မှာ သာယာသွားပြီးဗျို့၊ ကိုယ်စိတ်ကိုယ်စစ်လိုက်၊ ကံနဲ့ အာရုံငါးပါးနဲ့ ပေါင်းလိုက်တော့ ခြောက်ခု ပေါ့ဗျာ၊ အဲဒါ အဝိဇ္ဇာဗျ၊ ဝိဇ္ဇာဉာဏ်က သိတယ်။

စာကမှန်၏။ ဉာဏ်မဏိ ထိအောင်သူမထိ ဉာဏ်က ပြောသွားတယ်။ ကံသမားကို ပြောတာ၊ တရားတော့

ထိုင်ပါတယ်။ မနေတတ်၊ မစားတတ်၊ ဆရာကောင်းနဲ့မတွေ့တော့ နားမလည်တော့ ခံရတတ်တယ်ဗျို့။ သဒ္ဓါကတော့ ရှိပါတယ်။ ယုံကြည်ပါတယ်။ လုပ်ကြပါ၊ ဝိပဿနာ ဉာဏ်ပေါက်ဖို့ လိုပါတယ်၊ ပုဂ္ဂိုလ်ကြီး တရားထိုင်နေတယ်၊ ဟော အုန်းမောင်းခေါက်တယ်၊ နားကြားတယ်၊ ဆွမ်းစားမယ်ဟေ့၊ မှတ်တာ၊ အဲဒီအာရုံကို မနောက သိသွားပြီ၊ ကြားတာနဲ့ သိတယ်။ မှတ်တယ်၊ ဒါသညာ၊ သညာနှိပ်စက်တာတွေ ခံနေရတယ်၊ သညာ နှိပ်စက်တော့ သခ်ါရ၊ ဥပါဒါန်ကံတွေ ဖြစ်နေရတယ်။

လွယ်မရှောင်နဲ့ ခက်တယ်၊ တိမ်မရှောင်နဲ့ နက်တယ်။ အဲဒါပြောတာ ခင်ဗျားတို့ ပြန်ကြမှာ မရှိတာ ရှာရင်ရတယ်။ မသိတာ အခက်ဆုံးပဲ၊ မရှိတာ သွားပြီးတော့ သိန်းပေါင်းလေးငါးရာနဲ့ ရင်းရှာရင် ချက်ချင်း၊ ခင်ဗျားဖြစ်နိုင်တယ်။ မသိတာအခက်ဆုံးဘဲ၊ မရှိတာကို ရှာရင်ရတယ်။ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေ ဖြစ်ကုန်တာဘဲ။ အဲဒါတွေဖြစ်တော့၊ သံသရာလည်တာ ပေါ့ဗျာ၊ အတိတ်ရဲ့ကံက အစွဲဥပါဒါန်ကံနဲ့ စွဲလာတဲ့ အတွက်ကြောင့်၊ ဘဝ၊ ဘဝ အစွဲတွေ စွဲလာတဲ့အတွက် ကြောင့် အတိတ်ကံကလေးက သမ္ဘာကံလေး၊ အမြဲတန်း

ကုသိုလ်ကောင်းမှုကံလေး၊ မနုဿတ္တ ဘာဝေါ ဒုလ္လဘော၊ လူဘဝရလာပြီ၊ ဘုရားဖြစ်တော့လဲ လူဘုံ့မှာဘဲ၊ ရဟန္တာဖြစ်တာ လူဘုံ့ဘဲ၊ အာဇာတသတ်ဖြစ်တာလဲ လူ့ဘုံဘဲ၊ သုဘဒ္ဒပုဗ္ဗဖြစ်တာလဲ လူဘုံဘဲ၊ ဓိန်မာနဖြစ်တာလဲ လူ့ဘုံဘဲ၊ အဲဒီတော့ ကောင်းတာရှိတယ်၊ မကောင်းတာလဲရှိတယ်၊ ဒီအသိလေး လာဟောတာပါဗျာ။ ခန္ဓအသိလေးကို လာဟောတာ။

ဥပါဒါန်ဖြစ်ရင် သမ္မာနဲ့ဖြစ်ပါစေ၊ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အတ္တဒိဋ္ဌိ၊ မာန်တွေနဲ့ ဖြစ်သွားပြီ၊ အားကိုးတယ်၊ မာန်ပေါ့၊ တဏှာ၊ မာန၊ ဒိဋ္ဌိ၊ တဏှာက အရင်းခံ၊ မာန်က အာရုံပေါ်မှာ မာန်ဖြစ်နေတယ်၊ အဲဒါသုညတနိဗ္ဗာန် တံခါးကို ပိတ်တာ၊ အဲဒီမာန်က ပိတ်ထားတယ်။ ဒီတဏှာပြုတ်မှ ဒီမာန်ကို သိမယ်၊ ဒီတဏှာမပယ်နိုင်ရင် ခင်ဗျား ဒီမာန်ကို မသိပါဘူး၊ ဂုဏ်ပြိုင်တယ်။ မင်းလဲ ဒီလောက်ဘဲ ငါလဲ ဒီလောက်ဘဲ၊ ဘယ်လောက် ကြောက်ဖို့ကောင်းလဲ။ တောထဲနေတဲ့ သူတော်ကောင်းများ အေးကွာ ကောင်းပါတယ်။ ကောင်းပါတယ်ကွာ။ (အေး အေး အေး ဒါဘဲရှိတယ်၊ အေးသွားပြီ။)

တရားတော့ထိုင်ပြီး လက်ကလေးပိုက်ပြီးတော့ ကာယကံ(၃)ပါးကလဲ ငြိမ်ပါပြီ၊ ဝစီကံ(၄)ပါးကလဲ ငြိမ်တယ်၊ မနောကံက မငြိမ်ဘူးဗျို့။ အနှန်းမောင်တာ မှတ်ပြီးဗျို့။ မှတ်တော့ တော်ပြီကွာဆိုပြီးတော့ ဆွမ်းသွားစားတယ်၊ စိတ်နိုင်းတာ၊ ရုပ်ခွေးဖြစ်နေတယ်၊ ရုပ်ကလိုက်ရတယ်၊ ဒါကြောင့်မလို့ ခက်တယ်၊ ရုပ်အကျိုးတရား၊ နာမ်အကြောင်းတရား၊ အကြောင်းသတ်မှအကျိုးပြတ်မယ်။ ဒါတွေကို ကျင့်ကြပါ၊ ကြံကြပါ၊ ကိုယ့်အဖေတွေလို၊ ကိုယ့်အမေလို၊ ကိုယ့်အစ်ကိုကြီးလို၊ ကိုယ့်ဆရာတော်ကြီးလို၊ အမျိုးတွေ၊ ဒီဘဝ နောက်ဆုံးဘဝ၊ ဟောဒီလူ့ဘဝမှရတယ်။ အစက ဦးပဥ္စင်းနာမည် မြမောင်၊ အိမ်မဲမြို့နယ်၊ သရက်ကုန်းကျေးရွာမှာမွေးတယ်။ စာမတတ်ဘူး၊ သူ ဟိုတုန်းက လူ့ဘဝ မကောင်းပါဘူးတဲ့၊ လစ်ရင်ခိုးတာပဲ၊ လစ်ရင်လိမ်တာပဲ၊ စားတာပဲ၊ ညာတာပဲ၊ စာရိတ္တတွေပျက်တယ်၊ ဒါဘာလဲ၊ သင်ပေးမဲ့ဆရာလဲမရှိ၊ ကျင့်မဲ့အာရုံကလဲ မကျင့်၊ မကောင်းတာမှလုပ်တယ်ဗျို့။ ဒါ အစွဲဥပါဒါန်၊ မနောနဲ့အာရုံနဲ့ပေါင်းတော့ သခ်ါရ၊ သဗ္ဗေအလုံးစုံသော သခ်ါရ၊ အနိစ္စ၊ သဗ္ဗေ အလုံးစုံသော သခ်ါရ ဒုက္ခ၊ သဗ္ဗေ အလုံးစုံသော သခ်ါရ အနတ္တ၊ ဒီအစွဲတွေက

ကံဖြစ်ပြီး၊ ကံကြောင့် ဒုက္ခဖြစ်နေတယ်၊ ခန္ဓာဝန်ဒုက္ခ စွဲတာကိုးဗျ။

အောင်မယ်လေး ငါးကြင်းဟင်းလေး၊ ငါးသလောက်လေး၊ သပိတ်ထဲလှမ်းကြည့်တယ့်ဟာ မနောသာယာတယ်၊ အာရုံမလွတ်ဘူး၊ အာရုံ မပြတ်ဘူး၊ ကြည့်စမ်း အမှတ်မှားတွေ ဟိုဆွမ်းလောင်းတယ်၊ သူကတော့ ဘယ်သိမလဲဗျ၊ အလှူခံတဲ့ ရဟန်းကြီးကတော့ ဦးပဏ္ဍိတကတော့ အမယ်လေး ကောင်းလိုက်တာကွာ၊ ငါးကြင်းသားတွေ၊ ကောင်းလိုက်တာ၊ ကပ်သပိုးဟင်းတွေ၊ မနောကတော့ စိတ်ကိုချမ်းသာနေတာ၊ ဆွမ်းတွေကလဲ အပြည့်ရပြီးကွာ၊ ပြန်မယ်ဆိုပြီးတော့ တောထဲမှာတပလ္လင်ခွေပြီးစားတယ်။ ကိလေသာတဏှာဘဲ။ ကိလေသာဆိုတာ ရုပ်တရား၊ တဏှာဆိုတာ နာမ်တရား၊ အဲဒီရုပ်နာမ်မြင်တာက ဝိဇ္ဇာဉာဏ်၊ ရုပ်နာမ်ကို မသိတာမမြင်တာ အဝိဇ္ဇာ၊ ဆူးပေါ်မှာ ဖက်ကြရင် ဖက်ပေါက်မယ်၊ ဖက်ပေါ်မှာ ဆူးကြရင် ဖက်ဘဲပေါက်တယ်ဗျ။

ကိုယ့်အဖေလို၊ အမေလို၊ အမကြီးလို သင်ပေးတာပါ။ ကျင့်ကြပါ၊ နောက်ဆုံး ဒီဉာဏ်မရတောင် ဒီကသွားတာက ဝိနည်းမဟုတ်ဘူး၊ ဝိနည်းသီလ

မဟုတ်ဘူးဗျ။ ဒါ မဂ္ဂင်(၈)ပါးသီလ၊ ကံကိုပြတ်တဲ့ သီလ။ ဒါကြောင့်မလို့ ဒုက္ခသစ္စာ ဆင်းရဲခြင်း၏ အမှန်တရား၊ သမုဒယသစ္စာ ဆင်းရဲခြင်း၏အကြောင်း အမှန်တရား၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာ၊ နိရောဓနဲ့မဂ်ရတယ်၊ ဟိုဘက်ကမ်းရောက်ပြီးလို့ ဒီဘက်ကမ်းလာဟောတာ။ သြော် ငါ့ရဲ့ တော်တော်ပေါင်း မျိုးတော်ပေါင်းကို ငါပြောမှဘဲ၊ မပြောလို့တော့ မဖြစ်တော့ဘူး။

အပြင်မှာ မင်းတို့ စင်ကြယ်အောင်နေကြပါကွာ၊ သူများပါးရိုက်လဲ မင်းစေတနာမပျက်ပါနဲ့၊ သူများ လက်သီးနဲ့ထိုးလဲ မင်းစေတနာမပျက်ပါနဲ့၊ သူများက ဆဲလဲ စေတနာမပျက်ပါနဲ့၊ မင်းစေတနာလေးထိန်းထား ပါ။ အာရုံပေါ်မှာ သက္ကာယဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိ၊ အယူမှား အမှတ်မှား အစွဲမှားတွေ မလုပ်ပါနဲ့ကွာ၊ သူငယ်ချင်းရယ် အဲဒီစေတနာဟာ မင်းရဲ့ ပုပ္ပမုန်စ ပရစေတနာ၊ စေတနာ သုံးတန်ဟာ ဥပမာပြောကြမယ်ဆိုရင် မင်းက အမယ် တန် စေတနာကောင်းတယ်၊ ပစ္စုပ္ပန်တည့်တည့်လေးမှာ မင်းကျွေးချင်တဲ့စေတနာ၊ လှူချင်တဲ့စေတနာ၊ ပေးချင် တဲ့စေတနာ၊ အရာဝတ္ထုပေးချင်တဲ့စေတနာ၊ အဖိုးကြီး တွေ ပေးချင်တဲ့စေတနာ၊ လမ်းမှာ လူကြီးမင်းများက ခိုင်းတယ်၊ မင်းလုပ်ချင်တဲ့စေတနာ၊ အဲဒီ စေတနာ

ကံခေါ်တယ်ကွ၊ အဲဒီကံ ပစ္စုပ္ပန်ကံ အဲဒီကံ အကျိုးပေးလိမ့်မယ်၊ ခင်ဗျားရိုက်သတ်တောင် မသေဘူး။ အတိတ်က ကံကုန်ပေမဲ့ ပစ္စုပ္ပန်ကံက ပြန်ဆက်တယ်။ ဒါကြောင့်မလို့ အသက်ကိုဆန့်ထုတ်လို့ရတယ်။ လုပ်တတ်ရင်ပြောပါတယ်။

စေတနာမရှိတော့ ဟော တစ်ခါထဲ ဒေါသတွေဖြစ်လိုက်၊ ငါ့မယားမှ၊ ငါ့သားမှ၊ ငါ့သမီးမှ သူများကိုတော့ ဘယာစေတနာ၊ ပကာသနစေတနာတွေ အဓိပတိစေတနာ မဟုတ်တော့ဘူး၊ စေတနာဟာ အာရိယာနဲ့ သုံးသွားတယ်။ ဉာဏ်နဲ့သုံးသွားတယ်၊ ကိုယ်က ဉာဏ်မရတဲ့အတွက် စေတနာကို ကံနဲ့သုံးတော့ ဖရိုဖရဲတွေဖြစ်ကုန်ရောဗျို့။ ခင်ဗျားတို့အပေါ်မှာ မူတည်တယ်။

သွားကြမှာ ပရိတ်သတ်လဲ သွားမှာဘဲ၊ အချိန်ကျရင်၊ ကံကုန်ရင် ပြန်မှာဘဲ၊ သေမင်းမဦးခင် ဉာဏ်ဦးဘို့လိုတယ်။ အဲဒီဉာဏ်လေးနဲ့ပြန်ရင် အနာဂတ် ဘယ်နေရာကိုသွားရမယ်ဆိုတာ သိနေပြီ။ ဟောဒီက မသေခင်ကသိတယ်၊ ငါ သုံးဆယ့်တစ်ဘုံ လွတ်တယ်၊ မလွတ်တယ်၊ သေခင်ကသိတယ်။ အဲဒီလို အသိမျိုးကို ရအောင်ရှာပါ။

ခင်ဗျားတို့ ခုလာက ဘုရားဖြစ်တာလဲ လူ့ဘုံ၊ အဇာတသတ်တို့၊ ဒေဝဒတ်တို့ဖြစ်တာလဲ လူ့ဘုံ၊ တွေ့လား၊ အဲဒါတွေကို ကိုယ်က မကောင်းတဲ့လူနဲ့ မပေါင်းနဲ့၊ မကောင်းတဲ့လမ်း မသွားနဲ့၊ မကောင်းတာ မစားနဲ့၊ ရုပ်ဆင်းရဲပါစေ၊ ရုပ်က ဆားလေးနဲ့စား၊ စိတ်မဆင်းရဲပါစေနဲ့။ စိတ် ဘာကြောင့်ဆင်းရဲလဲ၊ သားတွေသေ၊ သမီးတေါသေ၊ စီးပွားရေးတွေပျက်၊ သောကဗျာပါဒတွေဖြစ်တာ။ အဲဒါ စိတ်ဆင်းရဲတာ၊ ဘယ်စိတ်လဲ မနော၊ အဲဒါ သံသရာလည်တယ်။ ဒီလောက်ဆို တော်ရောပေါ့ဗျာ။

❖ ❖ ❖ ❖ ❖

- မိစ္ဆာဖလာအသိတွေက သညာအသိခေါ်တယ်။
  ပညာအသိမဟုတ်ဘူး။

- အကာ နဲ့ အနှစ်
  အကာ က သမ္မာ၊ အနှစ် က အနတ္တ။

- အာရုံ(၅)ပါးကို ပညာနဲ့ယူ၊ ကံနဲ့မယူနဲ့။

- ဘယာစေတနာ၊ ပကာသနစေတနာ၊ အဓိပတိစေတနာ
  အဓိပတိစေတနာက နှလုံးသားကလာတာ။

- သတိပဋ္ဌာန်(၄)ပါး၊ မဂ္ဂင်(၈)ပါးနဲ့ကျင့်ရင်
  အဓိသီလ၊ အဓိစိတ္တ၊ အဓိပညာဖြစ်လာလိမ့်မယ်။

- ကာယကံ၊ ဝစီကံ၊ မနောကံ ဆိုတာ အစွဲဥပါဒါန်တွေ
  သံသရာလည်တယ်။